ကြေးမုံ The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (2-2-2014) (၇၇၄၄)

ထူးခြားသည့် ညအပူချိန်များ

လားရှိုး	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၅ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှိမည့်ကိစ္စရပ်များကို ရဲရဲဝံ့ဝံ့စဉ်းစားဆုံးဖြတ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က ယခုကဲ့သို့ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးကြမည့်အဖွဲ့များနှင့် တွေ့ဆုံရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီစုံ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ထူထောင်ရန် ကြိုးပမ်းနေသည့် ကာလဖြစ်ပါကြောင်း၊ ယင်းသို့ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာများမှတစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့်မှသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အခြေခံကျသည့်မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရန်ကုန်ရွှေဆိုင်များ၌ လုံခြုံရေးအစီအမံများ တိုးမြှင့်လုပ်ဆောင်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ရှိ ရွှေဆိုင်များတွင် လုံခြုံရေး အစီအမံများနှင့်ပတ်သက်၍ တိုးမြှင့်စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထိုရွှေဆိုင်များတွင် မလိုလားအပ်သော မှုခင်းကိစ္စများမကြုံတွေ့စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ပညာပေးဟောပြောဆွေးနွေးမှုကိုလည်း မကြာသေးမီက ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ရန်ကုန်အခြေစိုက် ရွှေဆိုင်များတွင် စီစီတီဗွီကင်မရာတပ်ဆင်မှုကို ဆိုင်အများစုက ယခင်ကတည်းက ထားရှိခဲ့သော်လည်း ဆိုင်တွင်း၌သာ တပ်ဆင်ထားမှု များပြားသည့်အတွက် ဆိုင်ပြင်ပသို့လည်း မြင်နိုင်ရန်တပ်ဆင်သင့်ကြောင်း၊ ဒုစရိုက်မှုများကျူးလွန်ရန် ကြံစည်သူမှာ ဆိုင်တွင်းသို့မဝင်မီ အကဲခတ်တတ်သဖြင့် ဆိုင်ပြင်ပ တစ်ဝိုက်သို့မြင်နိုင်ရန် စီစီတီဗွီကင်မရာများ တပ်ဆင်ခြင်းဖြင့် များစွာအကျိုးရှိစေမှာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ရှင်းပြခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ရေလမ်းကြောင်းကောင်းမွန်ရေး သောင်တူးသင်္ဘောဖြင့် တူးဖော်ဆောင်ရွက်

မင်းကင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့တွင် နှစ်စဉ်နွေရာသီရောက်တိုင်း ချင်းတွင်းမြစ်ရေတိမ်ကောမှုကြောင့် ရေယာဉ်များ မင်းကင်းမြို့ဆိပ်ကမ်းတွင် ဆိုက်ကပ်ခြင်းမပြုနိုင်ဘဲ မြို့၏အထက်ဘက် တောင်ယာတောနှင့် မြို့၏ အောက်ဘက် ပုထိုးလုံးကျေးရွာတွင်သာ ဆိုက်ကပ်ခဲ့ရသဖြင့် နှစ်စဉ်နှစ်တိုင်း ခရီးသွားပြည်သူများ အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

ယင်းအခက်အခဲများကျော်လွှားနိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ချင်းတွင်းမြစ်ရေကြောင်းကောင်းမွန်ရေးအတွက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစ၍ သောင်တူးသင်္ဘောဖြင့် သောင်တူးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသောင်တူးသင်္ဘောမှာ မြန်မာနိုင်ငံတွင် အကြီးဆုံး သောင်တူးသင်္ဘောဖြစ်ပြီး ချင်းတွင်းမြစ်ကြောင်းတွင် ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ကာ မြစ်ချောင်းသောင်တူးဖော်ခြင်းဖြင့် ချင်းတွင်းမြစ်ကြောင်းပေါ်တွင် သွားလာသည့် ရေယာဉ်များသည် မင်းကင်းမြို့ဆိပ်ကမ်းတွင် အဆင်ပြေစွာ ဆိုက်ကပ်နိုင်မည်ဖြစ်ရာ ရေယာဉ်စီးခရီးသွားပြည်သူများ အလွန်ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြသည်။

အဆိုပါ သောင်တူးလုပ်ငန်းဆောင်ရွက်မှုများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ○

ယနေ့ မာတိကာ

ကမ္ဘာ့ရေတိမ်ဒေသများနေ့ ၂၀၁၄ ခုနှစ်
စာမျက်နှာ - ၁၁

ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ဆွေဇမာဦးငွေအောင်
စာမျက်နှာ - ၁၂

ပရီမီယာလိဂ်၏ ယခုနှစ်ဘောလုံးရာသီ ငွေကြေးသုံးစွဲမှု စံချိန်သစ်တင်ခဲ့
စာမျက်နှာ - ၁၃

မေလတွင်စတင်မည့် လေဒီဂါဂါ၏ ကမ္ဘာလှည့်ဂီတ ဖျော်ဖြေပွဲများ
စာမျက်နှာ - ၁၃

ကြေးမုံ စာတည်းရှုထောင့် ၂-၂-၂၀၁၄၊ တနင်္ဂနွေနေ့

ကျန်းမာရေးအသိ နေထိုင်မှုစနစ်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိရှိသော နေထိုင်မှုစနစ်ကို တည်ဆောက်ထားနိုင်မှသာလျှင် ဝင်ရောက်လာနိုင်မည့်ရောဂါများကို အနည်းနှင့်အများ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

လက်ရှိတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးနေသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံမိအောင် ဆောင်ရွက်နိုင်ရန်မှ အပြည့်အဝဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည်မှာ အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် အရွယ်သုံးပါးမရွေး ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက်မှုပြုတတ်ကြရန် လိုပေလိမ့်မည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူအားလုံး၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်တွင် မှီတင်းနေထိုင်လျက်ရှိကြပါသည်။ ယင်းသို့နေထိုင်ကြသော ကျေးရွာအားလုံးသို့ ဆရာဝန်၊ ဆရာမနှင့် သားဖွားဆရာမများအားလုံး အရောက်သွားနိုင်ကြမည်မဟုတ်ချေ။

ထို့ကြောင့် အရန်သားဖွားဆရာမများ၊ ကျန်းမာရေးလုပ်သားများကို သင်တန်းပေး စေလွှတ်နိုင်မည်ဆိုလျှင် ကျေးလက်နေအခြေခံလူတန်းစားအားလုံးအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးလွှမ်းခြုံမှုတို့ကို အနည်းနှင့်အများ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့အပြင် မြို့ပြများရှိ ပုဂ္ဂလိကဆေးရုံများတွင်လည်း ဆေးဝါးကုသမှုဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံမှုမရှိသေးသဖြင့် မတတ်နိုင်သူများက ဖြစ်သည့်နည်းဖြင့် ဆေးကုသမှုခံယူနေကြရပြီး တတ်နိုင်သူများက ပြည်ပတွင် ဆေးကုသမှုစရိတ် အမြောက်အမြားအကုန်အကျခံကာ ကုသနေကြသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် နှစ်စဉ် ကျန်းမာရေးရန်ပုံငွေကို တိုးမြှင့်ချထားပေးလျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်၏ ရန်ပုံငွေခွဲဝေချထားပေးမှုတွင် ကျန်းမာရေးအသုံးစရိတ်သည် အဆင့် (၇)နေရာတွင်ရှိနေပြီး နိုင်ငံစီးပွားရေးတိုးတက်လာပါက ပိုမိုတိုးတက် ခွဲဝေပေးဦးမည်ဟု သိရပါသည်။

ထိုအခါ နိုင်ငံတကာအဆင့်မီ ဆေးရုံ၊ ဆေးခန်းများ၊ အထောက်အကူပြုပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပိုမိုဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆရာဝန်ဦးရေ သုံးသောင်းဝန်းကျင်ရှိပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံသာလျှင် ကျန်းမာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်ဟု သိရသည်။ အလားတူ သူနာပြုနှင့် သားဖွားဆရာမဦးရေမှာလည်း လူနာဦးရေနှင့် မမျှသည့်အတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အစီအမံများ ထားရှိဆောင်ရွက်နေပြီဟု ဆိုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးမဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကျင့်သုံးနေသည်မှာ အမှန်ဖြစ်ပါသည်။ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲလာသောကြောင့် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ တိုင်းရင်းဆေးရုံများ၊ ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမနှင့် ကျန်းမာရေးလုပ်သားများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာပြီး မြို့ပြသာမက ကျေးလက်အထိ ကျန်းမာရေးအခြေခံအဆောက်အအုံများ တိုးတက်လာသည်ကို တွေ့ရပါသည်။

ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်သင့်သလောက် တိုးတက်လာသော အခြေအနေကောင်းများရှိလာသော်လည်း နွမ်းပါးသည့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုအလေးပေးလုပ်ဆောင်ရန်လိုအပ်ချက်၊ ပတ်ဝန်းကျင်ကျန်းမာရေး အခြေခံစောင့်ရှောက်မှုလုပ်ငန်းများ၊ စီမံခန့်ခွဲမှု၊ ဆေးဝါးပစ္စည်းများ ပြည့်စုံကောင်းမွန်ရေး၊ ကျန်းမာရေးသတင်းပျံ့နှံ့ရေး၊ ဘဏ္ဍာငွေစနစ်တကျသုံးစွဲရေး စသည့်လုပ်ငန်းများကို ပြည်သူလူထုအကျိုးကိုရှေးရှု၍ အားလုံးကတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် လတ်တလောတွင် လိုအပ်ချက်များ၊ အားနည်းချက်များ ရှိနေဦးမည်ဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မိမိကိုယ် မိမိကြိုတင်ကာကွယ်မှုပြုသည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက်မှုပြုကြရမည်ဖြစ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုပိုမိုတိုးပွားလာပြီး တစ်ဖက်က မြှင့်တင်ပေးမှုဖြင့် မကျန်းမာသူများကို ပိုမိုထိရောက်စွာစောင့်ရှောက်ပေးနိုင်မည်ဖြစ်ပါသည်။ ။

တမူးမြို့၌ ကုန်သည်လုပ်ငန်းရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန ရုံးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ မြန်မာ-အိန္ဒိယနယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုပြုလုပ်ရာတွင် ပုံမှန်ကုန်သွယ်မှုနည်းလမ်း၊ နယ်စပ်ကုန်သွယ်မှုနည်းလမ်း နှစ်မျိုးဖြင့် ဆောင်ရွက်ခဲ့ရာ နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည့် ကုန်ပစ္စည်းအမယ်စုစုပေါင်း ၆၂ မျိုး ခွင့်ပြုထားကြောင်း၊ ကုန်သွယ်မှုပြုလုပ်ရာတွင် လိုင်စင်ဆောင်ရွက်ရာတွင် မြန်ဆန်မှုရှိစေရန်နှင့် လိုင်စင်မလိုဘဲ ကုန်ပစ္စည်းများအဖြစ် ပို့ကုန် ၁၅၂ မျိုး၊ သွင်းကုန် ၁၉၂၈ မျိုး ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဖြေလျှော့ပေးရာတွင်လည်း မိမိနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၏ အလုပ်အကိုင် အခွင့်အလမ်းကိုပါ ထည့်သွင်း စဉ်းစားပေးရမှာဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကြီးထွားလာပါက SME များရပ်တည်နိုင်မှုကို ထိခိုက်ပြီး စက်ရုံ၊အလုပ်ရုံများ ပိတ်ရသည်အထိ တွေ့မြင်ရပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ မူဝါဒများအား အချိန်အခါအခြေအနေအရ ပြည်တွင်း စားသုံးသူဈေးကွက်လိုအပ်ချက်အရ၊ နိုင်ငံတော်အခွန်ဘဏ္ဍာရရှိရေး၊ အရည်အသွေးမှန်ကန်သည့် ကုန်ပစ္စည်းများဖြစ်စေရေးအတွက် အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်က အခွန်အခများ ရရှိရေးစီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အခွန်ဘဏ္ဍာတိုးတက်မှ ပြည်သူလူထု၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်မှာဖြစ်၍ အခွန်ထမ်းဆောင်သည့်အခါ စေတနာကောင်းထားပြီး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရသစ်လက်ထက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၂၉-၁-၂၀၁၄ ရက်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံ ရရှိလာခဲ့ရာ ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံခန့် တိုးတက်လာခဲ့ကြောင်း၊ နယ်စပ်ဒေသများ လူမှုရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် လေယာဉ်များ၊ မော်တော်ယာဉ်များ၊ ဓာတ်မြေဩဇာများ၊ စက်ယန္တရားများအား တင်သွင်းခွင့်ပြုပေးထားကြောင်း၊ အရည်အသွေးမမီသည့် ပစ္စည်းများ နယ်စပ်များမှ ပြည်တွင်းသို့ဝင်ရောက်မှု မရှိစေရေးတို့အား ဝိုင်းဝန်းကြပ်မတ်ကူညီပေးရန် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တမူးနယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးဂိတ်အမှတ် (၁)နှင့် နမ့်ဖာလုံဈေးအတွင်း ကုန်ပစ္စည်းရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးပြီး တမူးမြို့ တမူး-ကလေး-ကလေးဝနယ်စပ်ကုန်သည်များ၊အသင်းရုံးတည်ဆောက်နေမှုများ၊ နယ်စပ်ကုန်သွယ်ရေးရုံး ကုန်ပစ္စည်းစစ်ဆေးရေးဂိတ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်အား ဂျပန်နိုင်ငံမြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Toshiyuki Adachi နှင့်အဖွဲ့ သည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး လမ်း၊ တံတားနှင့် အိမ်ရာတည်ဆောက်ရေးကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဟောပြော

ဝါးခယ်မ ဖေဖော်ဝါရီ ၁

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် စာပေရေးရာဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကြီးနီစုကျေးရွာနှင့် ဆူးတွင်းကျေးရွာတို့ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအသီးသီး၌ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ နွမ်ဂျာသိုင်း၊ ဇင်ယော် (မာန်)၊ မြတ်သူစံ(ဝါးခယ်မ) တို့က ဟောပြောခဲ့ကြကြောင်း သိရသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောမြသိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

(စိုးစိုး)



☆ နိုင်ငံတော်မှ

ယခုအခါ နိုင်ငံတကာက မြန်မာနိုင်ငံ၏ဒီမိုကရေစီဖြစ်စဉ်များအပေါ် စောင့်ကြည့်လျက်ရှိပြီး နောက်ကြောင်းပြန်လှည့်မလား၊ ရပ်တန့်မလား စသည်ဖြင့် ဝေဖန်မှုများရှိနေပါကြောင်း၊ နိုင်ငံတကာမှဧည့်သည်များနှင့် မိမိတွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ဒီမိုကရေစီလမ်းကြောင်း နောက်ကြောင်းပြန်လှည့်ရန်မရှိဘဲ ရှေ့တိုးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်းဖြင့် ပြောကြားလေ့ရှိကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များမှာ လွယ်ကူသောလုပ်ငန်းမဟုတ်ဘဲ အခက်အခဲများကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာ ချမှတ်ထား၍သာ ယင်းသို့ ပြောနိုင်ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် အခြေခံသဘောတရားချင်း တူသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုမရှိပါကြောင်း၊ မိမိတို့နိုင်ငံကို ကိုယ့်နိုင်ငံ၊ ကိုယ့်အခြေအနေ၊ ကိုယ့်သမိုင်းကြောင်းနှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီစနစ်သို့ပြောင်းလဲကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း။

မိမိလွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာချိန်တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မရှင်ကို ဥပဒေပညာရှင်များ၊ နိုင်ငံရေးကျွမ်းကျင်သူများ၊ စီးပွားရေးပညာရှင်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပေးခဲ့ကြောင်း၊ အဆိုပါကော်မရှင်သည် လက်ရှိတည်ဆဲဥပဒေများနှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို လေ့လာသုံးသပ်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ခြင်းသည် အင်မတန်သိမ်မွေ့နက်နဲပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ တစ်ကြိမ်ပြဋ္ဌာန်းလိုက်ရုံနှင့် ပြီးပြည့်စုံပြီဟုမဆိုနိုင်ကြောင်း၊ အစဉ်အမြဲမှန်ကန်ကောင်းမွန်နေမည်ဟု ယူဆ၍မရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီက ယမန်နေ့က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင်ခံစာကို တင်သွင်းခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သုံးသပ်ရာတွင် တိုင်းပြည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်ဘဲ ပိုမိုကောင်းမွန်ဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေဘဲ ပိုမိုဖော်ဆောင်နိုင်ရေး၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အရှိန်အဟုန် ပိုမိုကောင်းစေရေးဆိုသည့် အချက်(၃)ချက်ကို အခြေခံစဉ်းစားရန်လိုကြောင်း၊ နိုင်ငံတကာ စံနှုန်းများကို ကြည့်ကာ ဆန္ဒစောပြီးဆောင်ရွက်ရန် မသင့်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်သည်မှာ မကြာသေး၍ မပြင်ဆင်သင့်သေးဟု ဇွတ်မှိတ်ပြောဆို၍လည်း မရပါကြောင်း၊ ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိမည့် ကိစ္စရပ်များကို ရဲရဲဝံ့ဝံ့စဉ်းစားဆုံးဖြတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်မည်ဆိုသော ရည်မှန်းချက်ကိုဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ပါတီအချင်းချင်း ရန်ဘက်ကဲ့သို့ သဘောမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ အာဏာရပါတီပင်ဖြစ်စေ အပြုသဘောဖြင့် ဝေဖန်ထောက်ပြမှုများကို ပြုပြင်သွားရမှာဖြစ်ပြီး လွှတ်တော်တွင်းရှိမည်သည့်ပါတီနှင့်မဆို လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ပြည်သူဗဟိုပြု လုပ်ငန်းလမ်းညွှန်မှုကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌လည်း ခရိုင်၊ မြို့နယ်အဆင့်အထိ စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းစီမံပေးထားကြောင်း၊ စီမံခန့်ခွဲရေးကော်မတီများတွင် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ကြ၍ မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ၎င်းတို့၏ လုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စေတနာကို အရင်းခံပြီး လုပ်ရည်ကိုင်ရည် ပြည့်ဝစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥတ္တရခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်နည်းလုပ်ဟန် မှန်ကန်စွာဖြင့် ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ ကိုယ့်အရပ်၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ဆောင်ပုဒ်များ၊ ကြွေးကြော်သံများနှင့် မလုံလောက်ဘဲ အမှန်တကယ် ထိရောက်စွာ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

❖ ရန်ကုန်ရွှေဆိုင်မှ

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်လည်းဖြစ်သလို သက်ဆိုင်ရာ အာဏာပိုင်များ၏ လုံခြုံရေးကြပ်မတ်ဆောင်ရွက်နိုင်မှု အားကောင်းခြင်းကြောင့် နယ်ဒေသရှိ ရွှေဆိုင်များကြုံတွေ့ရသကဲ့သို့ မဖြစ်နိုင်သော်လည်း လုံခြုံရေးအစီအမံများကို အလေးထားခြင်းဖြင့် ပိုမိုအကျိုးရှိစေမှာဖြစ်ကြောင်း ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

စီစီတီဗွီကင်မရာများတပ်ဆင်သောကိစ္စမှာ ကင်မရာဖိုးလည်း သိမ်မြင့်မားသလို ရေရှည်တွင် လျှပ်စစ်မီတာခ ဖိုးလောက်သာ ကုန်ကျမှုရှိကြောင်း၊ လုံခြုံရေး ဝန်ထမ်းခန့်ထားခြင်းကိစ္စမှာ လစာပေးခြင်း၊ ဝန်ထမ်း၏ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးခြင်း၊ အရည်အသွေးမြင့်မားစေရန် အစီအမံများလည်း ဖြည့်ဆည်းပေးရန် လိုအပ်ချက်များရှိကြောင်း ရွှေနှင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်ကြီးတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ထက်ခိုင် (စမ်းချောင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ငှားရမ်းခြင်းနှင့် စာဖတ်ဝိုင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူကြိုင်က နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ရခြင်းနှင့် စာဖတ်ဝိုင်း အခမ်းအနားပြုလုပ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်ဝိုင်းပြုလုပ်ခဲ့ပြီး စာဖတ်စွမ်းရည် ထူးချွန်သူ ရှစ်ဦးကို ဆုချီးမြှင့်ခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းပြုလုပ်

စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် လှိုင်မြို့နယ် အလက(၃) မှ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေစဉ်။

(မြို့နယ်ပြန်/ဆက်)

○ ရှေ့ဖုံးမှ

မင်းကင်းမြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လျာထားလုပ်ငန်းပမာဏ ၁၃၅၉၃၃ ကုဗမီတာ၊ အနက် ၁၂၂၈၄၄ ကုဗမီတာ တူးဖော်ဆောင်ရွက်နိုင်ပြီး လုပ်ငန်း၏ ၉၀ ဒသမ ၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ မတ်လတွင် လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးသွားမည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ စိုင်းယုဇော်ထံမှ သိရသည်။

(ဂျိုးနက်)

Dr.Mya Aung Dr. Yi Yi Aung, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr. Hla Mg Din
Dr. Aung Cho Htwe, Dr. Thein Than Htike, Dr. Tin Myo Thant, Dr. Win Mar Tun, Dr. Khin Oo May,
Dr. May Zun Aung Win, Dr. Hla Myat Nwe, Dr. Kyawt Kyawt Naing, Dr. Yinmin Han, Dr. Naing Lin



ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ အီးယူတပ်ဖွဲ့စေလွှတ်မည်

နယူးယောက် ဖေဖော်ဝါရီ ၁

ဗဟိုအာဖရိကသမ္မတနိုင်ငံ မြို့တော်ဘန်ဂွီရှိ လေဆိပ်ကို ကာကွယ်ပေးနိုင်ရန် ဥရောပသမဂ္ဂ(အီးယူ) တပ်ဖွဲ့ကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁ရက်တွင် သတင်းထုတ်ပြန်သည်။

လူမျိုးရေးဂိုဏ်းဂဏ တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၀၀၀၀၀ ခန့်မှာ မြို့တော်ဘန်ဂွီ၌ ခိုလှုံနေကြရပြီး ဥရောပသမဂ္ဂက တပ်ဖွဲ့များစေလွှတ်ပေးခြင်းဖြင့် ယင်းနိုင်ငံ၌ရောက်ရှိနှင့်ပြီးဖြစ်သော ပြင်သစ်တပ်ဖွဲ့က မြို့တော်အတွင်း လုံခြုံရေးဆိုင်ရာစစ်ဆင်ရေးများကို တိုးမြှင့်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြင်သစ်သံအမတ်ကြီး အာရတ်မာရုက ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် လူမျိုးရေးဂိုဏ်းဂဏတိုက်ပွဲများဖြစ်ပွားနေသော ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ ဥရောပသမဂ္ဂတပ်ဖွဲ့တစ်ဖွဲ့ကို စေလွှတ်ရန် ဇန်နဝါရီ ၂၉ ရက်တွင် တစ်ခဲနက်အတည်ပြုပေးခဲ့သည်။ ယင်းနိုင်ငံ၌ ပြင်သစ်နှင့်အာဖရိကနိုင်ငံများမှ တပ်ဖွဲ့များက လူမျိုးရေးသတ်ဖြတ်မှုများ ဖြစ်ပေါ်လာခြင်းမရှိစေရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ဥရောပသမဂ္ဂတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်အင်အား ၅၀၀ မှ ၆၀၀ အထိ ပါဝင်ဖွယ်ရှိသော်လည်း မည်သည့်ဥရောပနိုင်ငံများက တပ်ဖွဲ့ဝင်များစေလွှတ်ပေးမည်ကို မသိရသေးပေ။ **ရိုက်တာ။**

ထိုင်းရွေးကောက်ပွဲအကြိုနေ့၌ အကြမ်းဖက်မှုများဖြစ်ပွား လုံခြုံရေးဆိုးရွားပါက မဲရုံများကို ပိတ်သိမ်းရဖွယ်ရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၁

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ရွေးကောက်ပွဲအကြိုနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁ ရက်က အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ အစိုးရ လိုလားသောဆန္ဒပြသူများနှင့် အစိုးရဆန့်ကျင်သော ဆန္ဒပြသူများအကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲသံများနှင့် သေနတ်သံများကို ကြားခဲ့ကြရကြောင်း အေအက်ဖ်ပီသတင်းထောက်တစ်ဦးက သတင်းပေးပို့သည်။

ဗန်ကောက်မြို့မြောက်ပိုင်း ဈေးတန်းတစ်နေရာတွင် အမျိုးသားတစ်ဦးက တိုက်ခိုက်ရေးမောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ အစိုးရအဖွဲ့အား ထောက်ခံသူများနှင့် အတိုက်အခံဆန္ဒပြသူများအကြား ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခဲ့ကြရာတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး တစ်နာရီကြာပစ်ခတ်သံများ ပေါ်ထွက်လာခဲ့ကြောင်း အေအက်ဖ်ပီသတင်းထောက်က ပေးပို့သော သတင်းတွင်ဖော်ပြသည်။

ဇန်နဝါရီ ၂၈ရက်က ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော ဝန်ကြီးချုပ် ယင်လတ်အား တွေ့ရစဉ်။

တိုက်ခိုက်မှုကြောင့် လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောကြားကြသည်။ ထိုင်းနိုင်ငံ၌ ဖေဖော်ဝါရီ ၂ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒပြသူများက အကြမ်းဖက်ဆူပူမှုများ ပြုလုပ်ကြမည်ဆိုပါက အာဏာပိုင်များက မဲရုံများကို ပိတ်သိမ်းရဖွယ်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာ၏ ပွေထိုင်းပါတီ အာဏာပြန်လည်ရရှိစေခြင်းမရှိစေရန်ကြိုးပမ်းချက်တစ်ရပ်အဖြစ် မဲပေးမှုများကို ဟန့်တားပိတ်ဆို့မည်ဟု အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများက ခြိမ်းခြောက်ထားသည်။ ဆန္ဒပြသူများသည် မြို့တော်ဗန်ကောက်ရှိ အဓိကကျသော လမ်းဆုံလမ်းခွများ၌စခန်းချကာ သပိတ်မှောက်နေကြသည်။ အစိုးရအဖွဲ့က အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေကျင်းပသွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့သည်။

အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ထောက်ခံသော အဓိကအတိုက်အခံ ဒီမိုကရက်ပါတီသည် ရွေးကောက်ပွဲကိုသပိတ်မှောက်ထားသည်။

မြို့တော်ဗန်ကောက်နှင့် အတိုက်အခံတို့အားကောင်းသော နိုင်ငံတောင်ပိုင်းတို့၌ လုံခြုံရေးကောင်းမွန်မှသာ ရွေးကောက်ပွဲကျင်းပမှု ချောမွေ့မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးချုပ် ပူချွန်းနူထရာဒေါင်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ဇန်နဝါရီ ၂၆ ရက်က ကြိုတင်မဲပေးမှုကို ခွင့်ပြုပေးခဲ့ရာတွင် ဆန္ဒပြသူများက မဲဆန္ဒရှင်များကို မဲမပေးနိုင်အောင် ဟန့်တားနှောင့်ယှက်ခဲ့ကြသည်။ **အေအက်ဖ်ပီ။**

စင်ကာပူ ဂျူရောင်ကျွန်းအနီး ပင်လယ်ပြင်သန့်ရှင်းရေး လုပ်ဆောင်

စင်ကာပူ ဖေဖော်ဝါရီ ၁

စင်ကာပူနိုင်ငံ ဂျူရောင်ကျွန်းတောင်ပိုင်းနှင့် မာရီနာကျွန်းဆွယ် တောင်ပိုင်းကမ်းလွန် ပင်လယ်ပြင်တွင် ဇန်နဝါရီ ၂၉ရက် နှင့် ၃၀ရက်တို့က ရေယာဉ်များအချင်းချင်းတိုက်မိမှုများကြောင့် ရေနံယိုဖိတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ကုမ္ပဏီများနှင့် ပူးပေါင်းကာ ပင်လယ်ပြင်သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပင်လယ်ပြင်အတွင်း ရေနံယိုဖိတ်မှုကို ရှင်းလင်းသုတ်သင်ရာတွင် ပင်လယ်ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းတိုးတက်မှုရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပင်လယ်ကမ်းရိုးတန်းဒေသသို့ ရေနံများ ရောက်ရှိမလာစေရေးအတွက် အတားအဆီးများကို ချထားခဲ့ကြသည်။

စုံစမ်းစစ်ဆေး

ပနားမားအလံတင် ကုန်သင်္ဘောတစ်စင်းသည် ကုန်တင်ဝမ်းပြား ယာဉ်တစ်စင်းနှင့် တိုက်မိခဲ့ကြောင်း၊ ဟောင်ကောင်အလံလွှင့်ထူထားသော ဓာတုပစ္စည်းတင်ဆောင်လာသည့် သင်္ဘောတစ်စင်းနှင့် တရုတ်နိုင်ငံအလံလွှင့် ထူထားသော ကုန်သင်္ဘောတစ်စင်းတို့တိုက်မိခဲ့သည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှုမရှိကြောင်း၊ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေပြီး ဆိပ်ကမ်းလုပ်ငန်းများထိခိုက်မှုမရှိကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ပီတီအိုင်။**

ဂျီနီဗာဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီမှုတစ်စုံတစ်ရာမျှမရဘဲ ပြီးဆုံး

ဂျီနီဗာ ဖေဖော်ဝါရီ ၁

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသည့် ရက်သတ္တတစ်ပတ်ကြာ ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ခိုင်ခိုင်မာမာသဘောတူညီချက်တစ်စုံတစ်ရာမျှ မရရှိဘဲ ပြီးဆုံးသွားပြီးနောက် ဆီးရီးယားအစိုးရနှင့် သူပုန်တို့သည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အပြစ်တင်လျက်ရှိကြသည်ဟု တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် ဘရာဟီမီအား သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

အတိုက်အခံဘက်မှ လွေးဆာဖီကအစိုးရအဖွဲ့သည် နိုင်ငံတွင်း၌ သွေးထွက်သံယိုဖြစ်နေခြင်းကို ရပ်တန့်ရန် ဆန္ဒမရှိဟု ပြောဆိုပြီး နိုင်ငံခြားရေး ဝန်ကြီး ဝါလစ်မူအာလင်က အတိုက် အခံအဖွဲ့သည် ရင့်ကျက်မှုမရှိသေးဟု ပြောကြားသည်။

သို့သော်လည်း ကုလသမဂ္ဂသံတမန် လက်ဒ်ချ်ဒါဘရာဟီမီက အခြေခံသဘောတူညီမှုရှိသည်ကိုမူ တွေ့မြင်နေရကြောင်း ပြောဆိုခဲ့ပြီး နောက်တစ်ကြိမ်ဆွေးနွေးပွဲ ဖေဖော် ဝါရီ ၁၀ ရက်တွင် ကျင်းပရန်စီစဉ်ခဲ့သည်။

အတိုက်အခံအဖွဲ့က ယင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် သဘောတူခဲ့ကြသော်လည်း မစ္စတာမူအာလန်ကမူ ၎င်းတို့၏ သဘောထားကို ထုတ်ပြန်ကြေညာခြင်းမပြုခဲ့ပေ။

မစ္စတာဆာဖီက အတိုက်အခံတို့သည် အချိန်အကန့်အသတ်မဲ့စွာဆွေးနွေးကြမည်မဟုတ်ကြောင်းပြောကြား၍ အစိုးရအဖွဲ့အားလည်းအာဏာလွှဲပြောင်းရေးကို အလေးအနက်ထားဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

လူသားချင်းစာနာ ထောက်ထားသော အကူအညီပေးရေး အလုပ်သမားများသည် ၎င်းတို့၏အကူအညီပစ္စည်းများကို သယ်ယူရန်အတွက် ဒေသတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအချို့ကိုမူ ရရှိခဲ့သည်။

သို့အတွက် အနည်းငယ်သော ထောင်ဂဏန်း မိသားစုများထံသို့ အထောက်အပံ့များပေးပို့ခွင့်ရပြီဖြစ်ကြောင်း ကုလသမဂ္ဂအကူအညီပေးရေး အကြီးအကဲ ဗာလီဒီးအာမို့(စ်)က ပြောကြားသည်။

သို့သော် ယခုအချိန်အထိ ဝန်းရံထားခြင်းခံရသော ဟွန်းမြို့၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရရှိသည့်အတွက် လူသားချင်း စာနာထောက်ထားသော အကူအညီပစ္စည်းများလည်း ပေးပို့ခြင်းမပြုနိုင်ကြောင်း အာမို့(စ်)က ပြောကြားသည်။ **ဘီဘီစီ။**

တောင်ဆူဒန်အစိုးရနှင့် သူပုန်အဖွဲ့ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုး

အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၁

တောင်ဆူဒန်အစိုးရသည် တောင်ဆူဒန် ဒီမိုကရက်တစ်လှုပ်ရှားမှုအဖွဲ့ (အက်စ်အက်စ်ဒီအမ်)နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဂျောင်လိုင်းပြည်နယ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သောကြာနေ့သတင်းများတွင် ဖော်ပြသည်။

ရာပေါင်းများစွာသော ပြည်သူများ သေကျေခဲ့ရသည့် သုံးနှစ်နီးပါးကြာ (အက်စ်အက်စ်ဒီအမ်)၏ သူပုန်ထခြင်းမှာ ပြီးဆုံးသွားခဲ့ပြီဟု ဆိုသည်။

အဆိုပါ ငြိမ်းချမ်းရေးစာချုပ်ကို တောင်ဆူဒန်အစိုးရနှင့် သူပုန်တို့ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးခဲ့သော အီသီယိုးပီးယားမြို့တော် အဒစ္စအဘာဘာတွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ အက်စ်အက်စ်ဒီအမ်၏ တိုက်ခိုက်ရေးအဖွဲ့ကို မြွေဟောက်အုပ်စုဟု ခေါ်ဆိုပြီး ဒေးဗစ်ယာအူယာအူ ဆိုသူက ဦးဆောင်သည်။

ပုန်ကန်

၎င်းသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် အစိုးရကို လက်နက်စွဲကိုင်၍ ပုန်ကန်ထကြွခြင်းဖြစ်သည်။သဘောတူညီချက်များအားလိုက်နာဆောင်ရွက်ခြင်းတို့ကို ဘုရားရှိခိုးကျောင်းများ အကြီးအကဲအဖွဲ့က ကြီးကြပ်၍ လေ့လာစောင့်ကြည့်ကြမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးစာချုပ်တွင် ဖော်ပြသည်။

၎င်းအဖွဲ့က အစိုးရနှင့် သူပုန်အဖွဲ့တို့ကို ဆွေးနွေးရေးစားပွဲဝိုင်းသို့ ရောက်ရှိလာစေရန် ညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။ **အယ်လ်ဂျာဇီးရား။**

တောင်ဆူဒန်အစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဥပဒေရေးရာစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဥပဒေအရာရှိများ၊ ပုသိမ်မြို့နယ် ရှေ့နေအသင်း ဧည့်သည်တော်များနှင့်အတူ ပုသိမ်ဟိုတယ်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဥပဒေရေးရာ စာတမ်းဖတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဥပဒေပြုရေးစီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုသည့် ပုဂ္ဂိုလ်များအားလုံး ဥပဒေပညာကို သိရှိနားလည် ကျွမ်းကျင်ရန်လိုအပ်ပါကြောင်း၊ ဥပဒေဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာမှာ ကျောသားရင်သားမခွဲခြားဘဲလုပ်ဆောင်ရန်၊ မိမိကိုယ်တိုင်ကလည်း တရားဥပဒေကို စံနမူနာပြစောင့်ထိန်းရန် လိုပါကြောင်း၊ ယနေ့ စာတမ်းဖတ်ပွဲမှာ ဥပဒေပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရုံသာမက ဥပဒေလောကသားများတွင် လာဘ်ပေးလာဘ်ယူကင်းရှင်းရေးကိုလည်း ထည့်သွင်းဆွေးနွေးသွားကြရန် လိုပါကြောင်း၊ ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ၊ လက်တွေ့နယ်ပယ်မှာ အသုံးချပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကိုက ဥပဒေနှင့်ပတ်သက်၍ လိုအပ်သည်များရှင်းလင်းတင်ပြပြီး စာတမ်းဖတ်ပွဲအခမ်းအနားကို Main Sponsor ပေးသော Jobox Construction Co.,Ltd.၊ Megatend Co.,Ltd.၊ သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ ITE လက်မှတ်ရ ပြည်ပလုပ်ငန်းခွင် စက်မှုလက်မှုသင်တန်းကျောင်းတို့ကို ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

မြေအသုံးချမှုဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဆပ်ကော်မတီအဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ ရက်က ကရင်ပြည်နယ်သို့ကွင်းဆင်း၍ မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းစဉ်များနှင့် မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ လုပ်ငန်းစဉ်များအား ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲတွင် မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများနှင့်လည်းကောင်း၊ ကရင်ပြည်နယ် မြေအသုံးချမှုဆိုင်ရာ ဆပ်ကော်မတီဝင်များနှင့်လည်းကောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးမှူးများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်စုံစမ်းရေးကော်မရှင်မှပေးပို့သော အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)နှင့် အပိုင်း(၃)နောက်ဆက်တွဲပါ မြေသိမ်းဆည်းမှုများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြေယာပြဿနာများအား ဖြေရှင်းဆောင်ရွက်ပေးနေသည့် ဝန်ကြီးဌာနကိုယ်စားလှယ်များနှင့်လည်းကောင်းတွေ့ဆုံ၍ မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကရင်ပြည်နယ်မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှု ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်က ပြည်နယ်အတွင်း မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ(ခရိုင်အုပ်ချုပ်ရေးမှူး)များက ၎င်းတို့ခရိုင်များအတွင်း ဆောင်ရွက်လျက်ရှိသော မြေအသုံးချမှု စီမံခန့်ခွဲရေးကိစ္စများတွင် ဥပဒေ/လုပ်ထုံးလုပ်နည်း/အမိန့်ညွှန်ကြားချက်များဆိုင်ရာ အတားအဆီးအခက်အခဲများ၊ ပြည်သူလူထုနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအတွက် မြေဂရန်နှင့် လုပ်ငန်းလိုင်စင်များ ဆောင်ရွက်ပေးရာတွင်ဖြေလျှော့ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ကရင်ပြည်နယ်တွင် ပြည်ထောင်စုလွှတ်တော်မှပေးပို့သည့် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာအပိုင်း(၁)၊(၂)၊(၃)တွင် မြေယာပြဿနာ ၁၆ ခုရှိသည့်အနက် ယနေ့အထိဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်းမှာ ၁၁ ခုဖြစ်ပြီး ဖြေရှင်းဆောင်ရွက်ဆဲမှာ ငါးခုဖြစ်သည်။ အဆိုပါ ဖြေရှင်းဆောင်ရွက်ပြီး ၁၁ မှုတွင်သိမ်းဆည်းခဲ့သည့်မြေအပေါ် အားလုံးပြန်လည်စွန့်လွှတ်သည့်အမှု တစ်မှုတွင် ၁၃ ဒသမ ၂၇ ဧကအား လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပြန်လည်စွန့်လွှတ်သည့် အမှုအရေအတွက် တစ်မှုတွင် ၄၉ ဒသမ သုညဧကအား လည်းကောင်း သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ပြီး ဖြစ်သည်။ ထို့အပြင် သိမ်းဆည်းခဲ့သည့်မြေတွင် နိုင်ငံတော်အစိုးရ၏စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိပြီးဖြစ်သည့် အမှု တစ်မှုပါ ၁၇ ဒသမ ၇၄ ဧကနှင့်တပ်ရင်းတပ်ဖွဲ့များ၏ အဆောက်အအုံနှင့် လုံခြုံရေးဧရိယာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည့် အမှု ရှစ်မှုပါ ၄၈၇၈ ဒသမ ၄၃၈ ဧကအား ပြန်လည်စွန့်လွှတ်မည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ပိမြစ်ကူးဘေလီတံတား သုံးမြို့နယ်ကျေးရွာပြည်သူများ သွားလာမှုအဆင်ပြေ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောက်လုပ်ပေးခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိမြစ်ကူးဘေလီတံတား၏ကျေးဇူးကြောင့် မော်လမြိုင်ကျွန်း-ဘိုကလေးနှင့် ကျိုက်လတ်မြို့နယ်ဒေသခံကျေးရွာပြည်သူများမှာ တစ်ရွာမှ တစ်ရွာသို့ သွားလာဆက်သွယ်ရေး အဆင်ပြေလွယ်ကူလျက်ရှိနေပြီဖြစ်သည်။**(ယာပုံ)**

ယခုအခါ ကျိုက်ပိမြစ်ကူးဘေလီတံတားမှတစ်ဆင့် ကျိုက်ပိ-ဂရမ်း-ကွင်းကြီး-ဒလင်းလှဲဆိပ် ကျေးရွာများသို့ လည်းကောင်း၊ ကျိုက်ပိ-လောကဓာတ်-ထိန်ကုန်းကျေးရွာများသို့ လည်းကောင်း၊ ကျိုက်ပိ-မရဲအုန်းပင်စု-ဒလင်းလှဲဆိပ်ကျေးရွာသို့လည်းကောင်း၊ ကျိုက်ပိ-သစ်တိုဆိပ်-ကွဲတလင်း-ကျော်ဇံကျေးရွာများသို့ လည်းကောင်း ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူလျက်ရှိရာ မော်လမြိုင်ကျွန်း-ဘိုကလေးနှင့် ကျိုက်လတ်မြို့နယ် ဒေသခံကျေးရွာပြည်သူများမှာ ကျိုက်ပိမြစ်ကူးဘေလီတံတား၏ ကျေးဇူးကြောင့် ဒေသစီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

(၃၆၄)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၂-၂၀၁၄ (တနင်္ဂနွေနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၃၀ တေးဂီတအစီအစဉ်
- ၉း၅၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၁၂း၃၅ ဖြူ/မည်းရုပ်ရှင် "ချစ်မီးလျှံထဲကမေချို" (ကျော်သူ၊ ထွန်းထွန်းနိုင်၊ ခိုင်ခင်ဦး) (ဒါရိုက်တာ-ရွှေထီး)
- ၄း၁၅ "၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသိကောင်းစရာ" (အင်္ဂလိပ်စာဘာသာရပ်)
- ၇း၄၅ "လေ့လာဖွယ်စုံလင် ပအိုဝ်းဒေသခရီးစဉ်"
- ၈း၃၅ ကြယ်ပွင့်များရဲ့အထင်ကရတေးများ -တစ်မျက်နှာတစ်ကွက်စာ -ရင်ခုန်လက်ကမ်းတေးသစ်လမ်း

၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကျက်နည်း၊ မှတ်နည်း၊ ဖြေဆိုနည်းအနှစ်ချုပ်

ဆရာမျိုး (ပန်းတိုင်)

၂၀၁၃ ခုနှစ်ကလည်း ကျက်နည်း၊ မှတ်နည်း၊ ဖြေဆိုနည်းကို ကြေးမုံသတင်းစာမှာ ရေးသားခဲ့ပြီးပါပြီ။ အနှစ်ချုပ်လေးမရေးသားမီ ကျောင်းသားလူငယ်တို့အတွက် တစ်ဘဝလုံး လမ်းမှန်ဖို့အတွက် ဘဝနေထိုင်နည်းလေးပေးလိုက်ချင်ပါတယ်။ စာရေးသူဟာ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ရရှိထားသူဖြစ်ပြီး ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဖွင့်ထားပြီး အထက်တန်းနှင့် ပုဂ္ဂလိကဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ကွန်ပျူတာပညာရပ်တွေကိုလိုက်လံသင်ကြားနေတာ နှစ်(၂၀)လောက်ရှိပါပြီ။ စာရေးသူဟာ အတတ်ပညာတစ်ခုတည်းတတ်မြောက်ထားရင် တစ်ချိန်ချိန်မှာ စားဝတ်နေရေး အခက်အခဲရှိနိုင်တယ်ဆိုတဲ့ခံယူချက်နဲ့ စက်မှုလက်မှုအတတ်ပညာတော်တော်များများကို လေ့လာလိုက်စားထားသူတစ်ဦးဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့အတိုင်း နောင်တစ်ချိန်မှာ နိုင်ငံရဲ့တာဝန်တွေကို ထမ်းဆောင်ရမယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့် လူငယ်ဘဝကတည်းက အစကောင်းဖို့လိုအပ်ပါတယ်။ ယခုအခါ နိုင်ငံတော်မှလည်း ပညာရေးကိုအဆင့်မြှင့်တင်ဖို့ကြိုးစားနေချိန်ဖြစ်ပါတယ်။ ပညာရေးကို အဆင့်မြှင့်တင်ဖို့ကြိုးစားရင် ကျောင်းသား ကျောင်းသူတွေရဲ့ စိတ်ဓာတ်ကိုအရင်မြှင့်တင်ဖို့လိုအပ်ပါတယ်။ နိုင်ငံရဲ့ အနာဂတ်သားကောင်း၊ သမီးကောင်းတွေဖြစ်နိုင်တဲ့ ကျောင်းသား ကျောင်းသူတွေကလည်း မိမိတို့ရဲ့ စိတ်ဓာတ်ကို အကောင်းဆုံးနဲ့ အခိုင်မာဆုံးတည်ဆောက်ထားရမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများအဖို့ စိတ်ဓာတ်ခိုင်မာမှုတွေ လျော့နည်းလာပြီဆိုရင် ရည်ရွယ်ချက်ပန်းတိုင်လည်းပျောက်လာမယ်။ တဖြည်းဖြည်းပျင်းရိလာမယ်။ ဒါကြောင့်

(၁) စိတ်ဓာတ်ကို ကောင်းအောင်ပြင်ပါ။ (Game ဆော့ဖို့၊ သီချင်းနားထောင်ဖို့ထက် ကျောင်းစာကို ဦးစားပေးကျက်ပါ။ ပျင်းရိတဲ့စိတ်ကို စာဖတ်ခြင်းဖြင့် အနိုင်ယူပါ)

(၂) ဗဟုသုတဖြစ်စေမည့် စာပေများကို တစ်နေ့ တစ်နာရီ အချိန်ပေးဖတ်ပါ။
(စာပေဗဟုသုတရှိသူဟာ စာပေမဖတ်တဲ့သူထက်စာရင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွေမှာ အများကြီး အောင်မြင်နိုင်ပါတယ်။)

(၃) ဘာသာတရားလိုက်စားပါ။
(ဘာသာတရားလိုက်စားသူဟာ ကလေးပင်ဖြစ်သော်လည်း ကိုယ်၊ နှုတ်၊ စိတ်အမူအရာ သုံးပါးစလုံး ယဉ်ကျေးနိုင်ပါတယ်၊ အမှားနည်းပါတယ်)

(၄) ရည်ရွယ်ချက်ထားပါ။
(ရည်ရွယ်ချက်မရှိသူဟာ တက်ကျိုးနေတဲ့လှေလိုပါပဲ။ ဟိုမရောက် ဒီမရောက်ဖြစ်ပါလိမ့်မယ်)

(၅) စည်းကမ်းရှိပါ။
(စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ၊ ပြောတာ၊ ဆိုတာကအစ စည်းကမ်းရှိသူဟာ တိုးတက်နိုင်သူဖြစ်တယ်)

(၆) သက်မွေးဝမ်းကျောင်းပညာကို တတ်နိုင်သလောက် သင်ယူပါ။
(ပညာရပ်တစ်ခုတည်းတတ်မြောက်ထားရင် ခေတ်ပြောင်းလာတာနဲ့အမျှ အခက်အခဲဖြစ်နိုင်တယ်။)

“ မသိသူကျော်သွား၊ သိသူဖော်စား” အတိုင်း မေးခွန်းအသွားအလာကိုနားလည်ပြီး အမှတ်ပေးစည်းမျဉ်းနဲ့ကိုက်ညီအောင် ဖြေဆိုနိုင်မယ်ဆိုရင် ညွှံ့သူအောင်ပြီး တော်သူဂုဏ်ထူးထွက်မှာဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်ပါစေ ယခုရေးသားလိုက်တဲ့ အနှစ်ချုပ်လေးကတော့ ၂၀၁၄ ခုနှစ်အတွက် ဖြေဆိုမယ့်သူတိုင်းအတွက် အထောက်အပံ့ဖြစ်စေမယ်ဆိုရင် မအားတဲ့ကြားထဲက ရေးသားလိုက်တဲ့ စာမူလေးအတွက် ဝမ်းသာရပါတယ်။ စာရေးသူဟာ ကိုယ်ပိုင်သင်တန်းတည်ထောင်ဖွင့်လှစ်ထားပြီး အထူးကုဆရာဝန်များ၊ ထူးချွန်အင်ဂျင်နီယာများ၊ အသိပညာ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ပါပြီ။ သတင်းစာမှာပါတဲ့ဖြေဆိုနည်းလမ်းညွှန်နဲ့ စာရေးသူရဲ့အတွေ့အကြုံပေါင်းစပ်ပြီး ဖော်ပြလိုက်ပါတယ်။

၁။ မြန်မာစာ-စာရှုစ်စာ၊ သဒ္ဒါလေ့ကျင့်ခန်း၊ ခက်ဆစ်(ကဗျာ၊ ရေသည်)၊ ဝါကျ၊ အလင်္ကာ၊ စာစီစာကုံး) [အမှတ် (၅၀) လောက်နဲ့ အောင်ရင်တော်ပြီဆိုတဲ့သူတွေအတွက်ပါ]။ ဂုဏ်ထူးအတွက်ဆိုရင် အားလုံးကို ခြုံငုံကြည့်ရမှာဖြစ်ပါတယ်။ စာစီစာကုံးကိုတော့ ကျောင်းသား ကျောင်းသူတိုင်း ၄၅ မိနစ်ခန့် အချိန်ပေးဖြေဆိုသင့်ပါတယ်။ အသင့်အတင့်နဲ့ အနည်းဆုံး သုံးမျက်နှာလောက်ဆို ၁၀ မှတ်လောက်ရနိုင်ပါတယ်။

၂။ အင်္ဂလိပ်စာ Units (14) ခုစလုံးကို တစ်နေ့တစ်နာရီ၊ စာတစ်ပိုဒ်ကို ငါးခေါက်လောက်ကြည့်ပြီး ဖတ်ထားရမှာဖြစ်ပါတယ်။ Poem ကိုတော့ အလွတ်ကျက်ထားရပါမယ်။ မေးခွန်းဟောင်းတွေကို အကြိမ်ကြိမ်လေ့ကျင့်ထားရပါမယ်။ (၆၅) မှတ်ဖိုးဖြစ်ပါတယ်။ Grammar ကတော့ (1) Active Voice/Passive Voice,(2) Direct and Indirect Speech,(3) After, (4)Without, (5)No Sooner, (6) If/Unless, (7) In Spite of, (8) So.. that, (9) Both ..and, (10) There is no, (11) Nouns in apposition ပါနိုင်ခြေ ၈၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဆရာသမားက စာကို အကုန်မသင်ဘဲ ရွေးသင်ရင်၊ ကျောင်းသားကျောင်းသူက စာပိုဒ်များကို ရွေးကြည့်ရင် ကျရှုံးရန်များပါတယ်။ အင်္ဂလိပ် ဂုဏ်ထူးလိုချင်ရင် Letter နဲ့ Essay ကို Own Writting ဖြစ်ဖို့ လိုပါတယ်။ Punctuate ကို Subject, Verb,Object ခွဲပြီး စကားပြောဟန်ကိုရှာဖွေပါ။ အလွတ်ကျက်လို့မရပါ။ မေးခွန်း No(I)နှင့် No(V)အတွက် Read the passage ဖြေဆိုရာမှာ Active Voice မှ Passive Voice ကိုပြောင်းတတ်ဖို့လိုအပ်သလို Noun Form နဲ့ Verb Form ကို ပြောင်းတတ်ဖို့ လိုအပ်ပါတယ်။ Read the passage ဖြေဆိုရာမှာ because၊ by+Ving+to+V1 စကားဆက်မှန်ဖို့ လိုအပ်ပါတယ်။ စကားဆက်မပါရင် အမှတ်ဆုံးရှုံးပါလိမ့်မယ်။ စကားဆက် အနှစ်ချုပ်ဖော်ပြလိုက်ပါတယ်။

(1) What နဲ့မေးရင် စကားဆက်
= that Sub+V
= to+V1 (ရန်)
= Noun

(2) How နဲ့မေးရင် စကားဆက်
= by+Ving (ခြင်း၊ ဖြင့်)
= With+Noun (နှင့်၊ နှင့်အတူ)
= (...ly)adverb (စွာ) e.g.slowly,quickly.

(3) Why နဲ့မေးရင် စကားဆက်
= because Sub+V
= to+V1 (ရန်)
= for+Ving (အတွက်ကြောင့်)
= because of +Noun (အတွက်ကြောင့်)

(4) Where နဲ့မေးရင်
= PN/PDN/PDAN e.g $\frac{\text{in}}{\text{P}}\ \frac{\text{a}}{\text{D}}\ \frac{\text{big}}{\text{A}}\ \frac{\text{tree}}{\text{N}}$

What did... do ကို မေးခြင်းသည် လုပ်ရပ်ကိုမေးခြင်းအဖြေကို V2 နှင့်ဖြေရမည်၊ do နေရာတွင် ထည့်ရမည်ဆိုတဲ့ ပုံစံကိုသိထားသင့်ပါတယ်။

၃။ သင်္ချာကိုဖြေဆိုတဲ့အခါ အခန်း (၁) (f.g)(x)=f(g(x)) လက်သည်းကွင်းတွေကျန်ခဲ့ရင် အမှတ်ဆုံးရှုံးမှာပါ။ အခန်း(၂) Factor ကိုဖြေဆိုတဲ့အခါ let f(x) တည်ရပါမယ်။ (x-2) is a factor of f(x) ပြီးရင် f(2)=0 ဖြစ်ကြောင်းပါမှ အမှတ်ရပါမယ်။ remainder မှာတော့ e.g The remainder =-2 အောက်ဆုံးမှာ အဖြေထိုးပေးမှ အမှတ်ပြည့်ရပါမယ်။ အခန်း (၃) Binomial မှာ $(r+1)^{th}$ term of ဆိုတဲ့ စာသားကိုထည့်ပြီး အဆင့်မကျော်ဘဲ တစ်ဆင့်ချင်းတွက်မှ အမှတ်ပြည့်ရပါမယ်။ အခန်း (၄) Inequation အခန်းမှာ graphical method ကို Algebric method နဲ့ ဖြေရင် အမှတ်မရပါ။ မေးတဲ့ method ကို သတိထားဖြေရပါမယ်။ graphical method မှာပုံကို ဂရုတစိုက်ဆွဲရပါမယ်။ X,Y ဝင်ရိုးနဲ့ မျဉ်းကွေးကို သတိထားဆွဲရပါမယ်။ Algebric method မှာတော့ (? and ?) or (? and ?),and နဲ့ or နေရာမှန်ရပါမယ်။ လက်သည်းကွင်းတွေကျန်ရင် အမှတ်ဆုံးရှုံးပါလိမ့်မယ်။ အခန်း(၅) Sequence and Series မှာတော့ ပုံသေနည်းတွေကို အလွတ်ကျက်ပါ။ $a=u_1$=first term, Un=1=last term စတဲ့ အဓိပ္ပာယ်တွေကိုသိမှ ဖြေဆိုနိုင်ပါလိမ့်မယ်။ အခန်း(၆) Matrix အခန်းမှာတော့ metrix method ကတော့ အမေးများပါတယ်။ အခန်း(၇) Probability အခန်းမှာတော့ tree diagram လား၊ table လားဆိုတာ သိရမယ်။ မေးခွန်းရဲ့ အဓိပ္ပာယ်ကို တိတိကျကျ ဘာသာပြန်နိုင်ရပါမယ်။ အခန်း(၈) Circle တွေကိုတော့ ထောင့်တွေ၊ အနားတွေကို ရှာတတ်အောင် လေ့ကျင့်ထားရပါမယ်။ အခန်း(၉) Vector အခန်းမှာ (၃) မှတ်တန်ကို ဦးစားပေးပါ။

အခန်း(၁၁) Trigo အခန်းမှာ sin, cos, tan, cot,sec,cosec ရဲ့အချိုးတွေကိုသိရမယ်။ 30'(1,$\sqrt{3}$,2), 60'($\sqrt{3}$,1,2), 45'(1,1,$\sqrt{2}$)ရဲ့အောက်မှာ O,A,H ရှိတယ်ဆိုတာသိရင် Trigo ဟာအလွန်လွယ်ပါလိမ့်မယ်။ Law of Sine နဲ့ Law of Cosine ကိုလည်း လေ့ကျင့်ထားရပါမယ်။ အခန်း (၁၂) Calculus အခန်းမှာ Lim ပုစ္ဆာမှာ တစ်ကြောင်းအောက်ဆင်းတိုင်း Lim ရှေ့မှာ (=) ထည့်ရပါမယ်။ Equation of the tangent and Normal line ကတော့ အမေးများပါတယ်။ [Chapter (1) မှ (7) အောင်မှတ်အတွက်]၊ [Chapter (1 to 10) အားလုံးကြည့်ရင် ဂုဏ်ထူးထွက်နိုင်ပါတယ်။]

၄။ ရူပဗေဒ -Law များကို သေသေချာချာတိတိကျကျကျက်မှတ်ရမယ်။ ကျက်စာများစားလုံးပေါင်းမှားလျှင် အမှတ်မရနိုင်ပါ။ လျှပ်စစ်ခန်းတွင် Direction များကိုထည့်ပေးရပါမယ်။ ပုံသေနည်းတွေကို အလွတ်ကျက်ထားရပါမယ်။ (P=Power) Unit က (Watt) ဆိုတာသိထားရပါမယ်။ ပုံသေနည်းတွေကို အလွတ်မရရင်တော့ ကျရှုံးဖို့များပါတယ်။ [Chapter (1) မှ Chapter (10) ဆိုရင် အမှတ်ကောင်းကောင်းနဲ့ အောင်ပါလိမ့်မယ်]။ [(Chapter -14) ခုစလုံးကြည့်ရင်တော့ ဂုဏ်ထူးမှတ်ကျော်ပါလိမ့်မယ်]။

၅။ ဓာတုဗေဒ-Chapter (1) မှ Chapter (7)၊ Law, Laboratory, Extraction, Manufacture (ပုံ/စာ), Titration (ပုစ္ဆာ)၊ အောင်မှတ်ကျော်ပါလိမ့်မယ်။ ဂုဏ်ထူးမှတ်ကျော်ချင်ရင် အကုန်ကြည့်ရပါမယ်။

၆။ ဇီဝဗေဒ-Chapter (5,7,10,12) အတွက် အမှတ် (၆၀) ဝန်းကျင်ဖြစ်ပါတယ်။ Chapter (1 မှ 5)နဲ့ Chapter (7, 10, 12) ကြည့်ရင် ဂုဏ်ထူးမှတ်ကျော်ပါလိမ့်မယ်။

၇။ ဘောဂဗေဒ-အမှတ် ၆၀ ဝန်းကျင်နဲ့ အောင်ချင်ရင်တော့ အခန်း (၁၊ ၃၊ ၅)ကျက်နိုင်ပါတယ်။ ဂုဏ်ထူးလိုချင်ရင်တော့ အခန်း(၁၊ ၂၊ ၃၊ ၄၊ ၅) အကုန်ကြည့်ရပါမယ်။

ဖြေဆိုတဲ့အခါ **(၁) မေးခွန်းကိုနားလည်အောင်ဖတ်၊ (၂) မှန်မှန်နှင့်မြန်မြန်ဖြေ၊ (၃) နာရီကို အပြည့်ဖြေပါ။** စာမေးပွဲခန်းမှ စောစောထွက်ခွာတဲ့ကျောင်းသားဟာ ကျဖို့သေချာပါတယ်။ သူများထွက်တိုင်း လိုက်မထွက်ပါနှင့်၊ ခိုးချဖို့စိတ်ကူးထားတဲ့ ကျောင်းသားက ကျဖို့သေချာပါတယ်။ ဒါကြောင့် ရိုးရိုးသားသားဖြေဆိုပါ။ စိတ်စွမ်းအားကို အမြင့်ဆုံးထားပါ။ အောင်ချင်စိတ်ရှိတဲ့ကျောင်းသားဟာ အောင်ပါလိမ့်မယ်။ ဂုဏ်ထူးလိုချင်တဲ့ ကျောင်းသားကတော့ ဂုဏ်ထူးရနိုင်ပါတယ်။ အောင်အောင်ကျကျဆိုတဲ့ ကျောင်းသားကတော့ ကျပါလိမ့်မယ်။ စိတ်ဓာတ်ကြံ့ခိုင်တဲ့လူတိုင်းမှာ အောင်မြင်မှုပန်းတိုင်ဟာ နီးနီးလေးပါ။ ယခုဖော်ပြလိုက်တဲ့ ကျက်နည်း၊ မှတ်နည်း၊ အမှတ်ပေးပုံစံများကို လေ့လာ၍ အားနည်းသူများအောင်မြင်၍ တော်သူများဂုဏ်ထူးရပါစေ။ ။

ရွှေဆိုင်လုပ်ငန်းရှင်များအား လုံခြုံရေးအသိပညာပေး

ပျဉ်းမနား ဖေဖော်ဝါရီ ၁

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရွှေဆိုင်ဖွင့်လှစ်ရောင်းဝယ်လျက်ရှိသော လုပ်ငန်းရှင်များအား လုံခြုံရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ပျဉ်းမနား မြို့မရဲစခန်းရှိ စခန်းမှူးရုံးခန်း၌ ကျင်းပရာ မြို့မရဲစခန်းမှူးဒုရဲမှူး မျိုးသန်းဝင်းက မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်က နိုင်ငံအတွင်းရှိ အချို့မြို့များတွင် လတ်တလောရွှေဆိုင်များ၌ လုယက်မှုများဖြစ်ပွားလျက်ရှိရာ အလားတူလုယက်မှု ကျူးလွန်မခံရစေရေးအတွက် သက်ဆိုင်ရာ ရွှေရတနာဆိုင်ရှင်များနှင့် ပူးပေါင်းပြီး လုံခြုံရေးစီမံဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးသန်းဝင်း၊ နယ်ထိန်းခေါင်းဆောင်ရဲအုပ်မင်းကိုထွေးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အခွန် ပညာပေးဟောပြော

ဖျာပုံ ဖေဖော်ဝါရီ ၁ -ပြည်တွင်းအခွန်များဦးစီးဌာနမှ ဖျာပုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်း ပြည်သူများအား အခွန်ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဇော်မင်း (IPRD)

Asian Wings လေကြောင်းလိုင်း၏ တတိယမြောက် လေယာဉ်သစ်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

Asian Wings လေကြောင်းလိုင်းသည် ပွင့်လင်းရာသီရောက်လာသည်ကတစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ပြည်ပမှ ခရီးသွားများလာရောက်ကြသည်မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီဖြစ်သောကြောင့် တစ်ကြောင်း လေကြောင်းခရီးသွားကဏ္ဍ၌ ခရီးသွားများ အဆင်ပြေစေရန် တတိယမြောက်လေယာဉ်ဖြစ်သော ATR72-500 (xy-AJQ) လေယာဉ်သစ်တစ်စင်းကို ဖြည့်ဆည်းရန်အတွက် မှာယူခဲ့ရာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

ယင်းလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ဗန်းမော်၊ ညောင်ဦး၊ ဟဲဟိုး၊ တာချီလိတ်၊ လားရှိုး၊ မုံရွာ၊ ဟုမ္မလင်းမြို့များသို့ ပျံသန်းပြေးဆွဲလျက်ရှိပြီး မန္တလေး-ချင်းမိုင်-မန္တလေး ခရီးစဉ်အား အပတ်စဉ် (ဗုဒ္ဓဟူးနေ့)နှင့် (စနေနေ့) များတွင် ပျံသန်းလျက်ရှိသည်။

Asian Wings လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းပြည်ပခရီးသွားပြည်သူများ ပိုမိုလွယ်ကူအဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ATR72-500 လေယာဉ်သုံးစင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ဒေသအတွင်း ခရီးစဉ်သစ်များကိုလည်း ပျံသန်းပြေးဆွဲသွားရန်စီစဉ်လျက်ရှိပြီး မကြာမီကာလတွင်လည်း ATR 72-600 လေယာဉ်အသစ်များကိုလည်း ဖြည့်တင်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(ငွေအောင်)**

ကတ္တရာလမ်းပေါ်မှာ ကစားကွင်းပမာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့တွင်းလမ်းများကို ကတ္တရာလမ်းခင်းခြင်းကိုတာဝန်ယူ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထို့ကြောင့် လမ်းထဲရှိ ကားများမှာ တခြားနေရာများသို့ ရွှေ့ထားပေးရသည်။ ထို့အတွက် မူလလမ်းအနေအထားထက်ပို၍ နေရာကျယ်နေသည်။

ကတ္တရာလမ်းခင်းပြီး နေသားတကျဖြစ်သည်အထိ တစ်ပတ်ဆယ်ရက်ကြာ လမ်းထဲသို့ ကားများကို ဝင်ခွင့်မပြုသေးပေ။

ထို့ကြောင့် လမ်းထဲရှိ တိုက်ခန်းနေကြသည့် ကလေးငယ်များမှာ ကစားကွင်းသို့ သွားစရာမလိုဘဲ ကတ္တရာအသစ် ခင်းထားသည့် လမ်းမပေါ်ဆင်းပြီး အန္တရာယ်ကင်းစွာ ဆော့ကစားကြရသည်။ နေ့အချိန်၊ ညအချိန်ဟူ၍ သတ်မှတ်မထားဘဲ လမ်းမပေါ်တွင် ကလေးငယ်များ ကစားနေသည်ကို စောင့်ကြည့်စရာမလိုအောင် လူကြီးမိဘများက စိတ်ချ လက်ချလွှတ်ထား၍ ရနေသည်။ ကလေးငယ်များသာမက ကတ္တရာလမ်းမပေါ်တွင် လူကြီးများပင်စက်ဘီးစီးကြ၊ကြက်တောင်ရိုက်ကြ၊ ခြင်းလုံးခတ်ကြ၊ ဘောလုံးကစားကြစသည်ဖြင့် လွတ်လပ်စွာ စိတ်အေးချမ်းသာ ကစားနေကြရသည်ကို တွေ့မြင်မိသည်မှာ ပျော်ရွှင်စရာမြင်ကွင်းတစ်ခုပင်။ **(ဆုပြည့်)**

မီးသတ်ကားများ ဝင်/ထွက်နိုင်ရန် မီးသတ်ကန်၌ ချဉ်းကပ်လမ်းဆောင်ရွက်သင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပွင့်လင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိလျှင် မြို့သစ်မြို့စွန်များတွင် မီးဘေးအန္တရာယ်စိုးရိမ်သူများက မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းအဖြစ် ခေတ်အဆက်ဆက် ရေကန်များတူးဖော်၍ မီးသတ်ကန်များ ဆောင်ရွက်ခဲ့ကြသော်လည်း ယင်းမီးသတ်ကန်များတွင် မီးသတ်ကားများ ဝင်/ထွက်သွားလာနိုင်ရန် ချဉ်းကပ်လမ်းများဆောင်ရွက်ထားမှု မရှိသောကြောင့် ဒေသခံများက စိုးရိမ်ပူပန်နေကြသည်ဟု ကြားသိရသည်။

"မီးသတ်ကန် တူးဖော်မယ်ဆိုရင် သက်ဆိုင်ရာဌာနတွေရဲ့ ခွင့်ပြုချက်ရယူပြီးမှ တူးဖော်သင့်ပါတယ်။ ပြီးတော့ မီးသတ်ကန်ဟာ ရေအနက်မည်မျှရှိကြောင်း၊ ရေဂါလန်မည်မျှဆံ့ကြောင်း၊ အများသူငါသိရှိအောင် အသိပေးစာတန်းပါတဲ့ ဆိုင်းဘုတ်တွေ စိုက်ထူထားဖို့ လိုအပ်ပါတယ်။ မီးသတ်ကန်ဆိုပြီး ချဉ်းကပ်လမ်းမရှိတော့ မီးသတ်ကားက ဘယ်လိုဝင်/ထွက်မလဲ။ အလားတူ ကလေးသူငယ်တွေ၊ ကျွဲ၊ နွားတိရစ္ဆာန်တွေ ရေကန်ထဲကို မတော်တဆပြုတ်ကျရင် အသက်ဆုံးရှုံးမှု မဖြစ်ပေါ်အောင် ခြံစည်းရိုးတွေ ကာရံထားသင့်ပါတယ်။ အခုလို မြေကြီးဈေးကောင်းတဲ့ အချိန်မှာ မီးသတ်ကန်တွေတူးနေရင် တွေးစရာဖြစ်လိမ့်မယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မြို့သစ်မြို့စွန်များတွင် မိုးရာသီ၌ ချောင်းမြောင်းများ ရေလျှံမှုကြောင့် ရေနစ်မြုပ်မှုများရှိနေသဖြင့် ငွေကြေးအဆင်ပြေသူများ မိမိအိမ်ခြံမြေရေနစ်မြုပ်မှု မဖြစ်ပေါ်အောင် မြေကြီးများ ဝယ်ယူ၍ မြေဖို့နေကြရာ ခရီးနီးပါက ကားအသေးဖောကားတစ်စီးလျှင် ကျပ်တစ်သောင်းခြောက်ထောင်၊ ကားကြီးတစ်စီးလျှင် ကျပ်သုံးသောင်းနှစ်ထောင်ဖြင့် ဝယ်ယူရကြောင်း မြေကြီးဝယ်သူများ၏ ပြောကြားချက်အရသိရသည်။ **(မောင်သုည)**

ဦးနှောက်နှင့်အာရုံကြော လေဖြတ်ရောဂါကုသဆောင်အတွက် အထူးကြပ်မတ်ကုသဆောင်လှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်ဆေးရုံကြီးရှိ ဦးနှောက်နှင့်အာရုံကြောဌာန လေဖြတ်ရောဂါကုသဆောင်တွင် လိုအပ်နေသောအထူးကြပ်မတ်ကုသဆောင် (Intensive Care Unit) အား အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးနှင့်လှူဒါန်းရေးအဖွဲ့ (I.C.C.G) မှ လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ပေါ်လင်းခင်မောင်လွင်က ပြောသည်။

"ကမ္ဘာတစ်ဝန်းလုံးမှာ စိန်ခေါ်နေတဲ့ လေဖြတ်ရောဂါနဲ့ပတ်သက်ပြီး တစ်ဖက်တစ်လမ်းက ကူညီတဲ့အနေနဲ့ရော လေဖြတ်ရောဂါဝေဒနာခံစားနေရတဲ့ဝေဒနာရှင်တွေ အားလုံးကုသနိုင်အောင် ဒီအထူး ကြပ်မတ်ကုသဆောင်ကို လှူဒါန်းဖို့ ရည်ရွယ်ခဲ့တာပါ။ ဒီလိုလှူဒါန်းနိုင်ဖို့ကိုလည်း ဖေဖော်ဝါရီ ၈ ရက်မှာ ရန်ကုန်မြို့က ထရိတ်ဒါးဟိုတယ်မှာ လွန်ခဲ့တဲ့ အနှစ်တစ်ရာက ရှိခဲ့ဖူးတဲ့ ပိုးထည်ရက်တဲ့ ပညာနဲ့ပတ်သက်ပြီး "နှစ်တစ်ရာ ပိုးထည်" ဖက်ရှင်ပွဲကျင်းပပြီး ရန်ပုံငွေရှာဖွေသွားမှာပါ။ ဒီပွဲမှာလည်း ဒေါ်တင်မိုးလွင်တို့၊ မိတ်ကပ်ပညာရှင် ခင်စန်းဝင်းတို့၊ နာမည်ကြီး ဒီဇိုင်နာတွေဖြစ်တဲ့ မိုးကုတ်ပေါက်ပေါက်၊ လတ်လတ်၊ ပြည်စိုးအောင်၊ သွင်စုထွေး၊ အဆိုတော် ကောင်းမြတ်နဲ့ နီနီခင်ဇော်တို့ကလည်း မေတ္တာနဲ့ ကူညီပေးကြမှာဖြစ်ပါတယ်"ဟု နှစ်တစ်ရာ ပိုးထည်ဖက်ရှင်ပြပွဲကျင်းပပြီး အထူးကြပ်မတ်ကုသဆောင် လှူဒါန်းနိုင်ရေးနှင့် ပတ်သက်၍ဒေါ်ပေါ်လင်းခင်မောင်လွင်က ရှင်းပြသည်။

အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လှူဒါန်းရေးအဖွဲ့ကို နိုင်ငံတကာမှ သံအမတ်ကြီးများ၏ ဇနီးများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၏ ဇနီးများ၊ အမျိုးသမီးသံတမန်များ၊ မြန်မာအမျိုးသမီးများစသည့် အိမ်ရှင်မများဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ လိုအပ်သည့်နေရာများတွင် အကျိုးရှိစွာ လှူဒါန်းနိုင်ရန် နှစ်စဉ်ကြိုးစားလျက်ရှိသည့်အဖွဲ့ဖြစ်ကြောင်းနှင့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၏ အထောက်အပံ့ရယူခြင်းမပြုဘဲ ၎င်းတို့၏ ကိုယ်ပိုင်လုပ်အားဖြင့်သာလှူဒါန်းသောအဖွဲ့ဖြစ်ကြောင်း သိရသည်။

I.C.C.G အဖွဲ့သည် ယမန်နှစ်ကလည်း ဤကဲ့သို့ပြုလုပ်၍ ရရှိသောငွေများဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲကလေးငယ်များကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ လမစေ့ဘဲ မွေးဖွားသည့်ကလေးငယ်များအား ကြပ်မတ်ကုသနိုင်ရန်အတွက် ကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ စက်ပစ္စည်း ၁၄ လုံးအား လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **(သီဟသူ)**

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

ဥရောပသမဂ္ဂသံအမတ်ကြီး ဦးဆောင်သောအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ခရီးစဉ် ပြန်လည်သုံးသပ်ရေးညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သော နေရာဒေသများကို သွားရောက်လေ့လာခဲ့သည့် ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland Kobia ဦးဆောင်သောအဖွဲ့ဝင်များနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်

အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ ခရီးစဉ်ပြန်လည် သုံးသပ်ရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။(**အပေါ်ပုံ**)

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် ကိစ္စရပ်များ၊ ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်သည့် အစီအမံများနှင့် ဥရောပသမဂ္ဂမှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသွားမည့် ကိစ္စရပ်များအပေါ် အသေးစိတ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အလားတူ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ အလိုတော်ပြည့် ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များထံသို့ သွားရောက်တွေ့ဆုံကာ သိရှိလိုသည်များကို မေးမြန်းလျှောက်ထားကြသည်။

☆ **ကျောဖုံးမှ**

ထို့နောက် ရခိုင်တိုင်းရင်းသားပါတီများ၊ မြို့မိမြို့ဖများက မိမိတို့မြို့နယ်အတွင်း တွေ့ကြုံရင်ဆိုင်နေရသည့်အခက်အခဲများ၊ မတူကွဲပြားသည့် မျိုးနွယ်စုများ၏ ဒေသတွင်းရောက်နေထိုင်လာမှုအခြေအနေများနှင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာသည့် လူဦးရေတိုးပွားခြင်းကိစ္စရပ်များ၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကဏ္ဍရပ်များ၊ တည်ဆဲဥပဒေများအား လေးစားလိုက်နာစေရေးကိစ္စများအပေါ် ရှင်းလင်းတင်ပြကြရာ သံအမတ်ကြီးများနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထိုမှတစ်ဆင့် ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် မြေပုံမြို့နယ် ကံသာထွက်ဝနှင့် ဘင်္ဂလီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ၎င်းတို့၏လိုအပ်ချက်များကို မေးမြန်းနှုတ်ဆက်ကြသည်။

ယင်းနောက် သံအမတ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ဆက်လက်ထွက်ခွာလာကြပြီး အောင်မင်္ဂလာရပ်ကွက်သို့ သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရခိုင်ပြည်နယ်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပသမဂ္ဂအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားနိုင်မည့် အစီအမံများနှင့် ဆက်လက်ဆောင်ရွက်သွားသင့်သည့် ကဏ္ဍများအပေါ် ကျယ်ပြန့်စွာဆွေးနွေးကြသည်။

(သတင်းစဉ်)

မွန်ပြည်နယ်၌ ဆွေးနွေးပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ လုံခြုံရေးတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကုန်သည်များ၊ လူငယ်များ၊ မီဒီယာများတွေ့ဆုံ စကားဝိုင်းဖွဲ့ဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက ဆွေးနွေးပြောကြားရာတွင် ၂၀၁၃ ခုနှစ် တစ်နှစ်တာကာလတွင် ဖြစ်ပွားသည့် လူသတ်မှု၊ ဓားပြမှု၊ ဆိုင်ကယ်ခိုးမှု၊ မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူများ၊ လောင်းကစားပြုလုပ်သူများ၊ စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကို ရပ်မိရပ်ဖပြည်သူများ ပူးပေါင်းပါဝင်ကူညီသည့်အတွက် ယခင်ကထက် ပိုမိုဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။ ပါဝင်ကူညီခဲ့သော ရပ်မိရပ်ဖများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးချက်များကို ပြည်နယ်ရဲတပ်ဖွဲ့မှူးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ကျော်သန်း (မော်လမြိုင်)

မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇေယျာရွှေမြေ ဘောလုံးအသင်း၏ အိမ်ကွင်းဖြစ်သော မုံရွာဘောလုံးအားကစားကွင်းကြီး၌ ယနေ့ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဘန်နီတင်အောင်၊ ဇေယျာရွှေမြေအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းဇော်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲမစတင်မီ ဂီတာနိုင်ဇော် ဦးစီး၍ ချစ်ကောင်း၊ ဖြိုးကြီး၊ သျှီ စသော ဂီတအနုပညာရှင်များနှင့် အကအဖွဲ့များက ပရိသတ်များကို ဧည့်ခံဖျော်ဖြေကြသည်။

ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေအသင်းက ဆောက်သမ်းမြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

သတင်းမှတ်စု-ဇော်မင်းအောင် (၁၀၇)

ဇေယျာရွှေမြေ နှင့် Southern တို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ရှိုင်းထက်ဇော်

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် (၆) မြို့နယ်၌ နွား ၁၂၂ ကောင်တွင် ခွာနာလျှာနာဖြစ်ခဲ့သော်လည်း ကုသမှုလက်ဦး၍ သေဆုံးမှု မရှိခဲ့

စစ်ကိုင်း ဖေဖော်ဝါရီ ၁

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို စီမံကိန်းလျာထားချက်နှင့်အညီ ကာကွယ်ဆေးထိုးခြင်းနှင့် ထိရောက်စွာ ကာကွယ်ပေးနိုင်ရေးတို့နှင့်အတူ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားပါက ဆောလျှင်စွာ ထိန်းချုပ်နိုင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ခြောက်မြို့နယ်တွင် ၂၀၁၃ ခုနှစ်အတွင်းက နွားနှင့် ပတ်သက်သည့် တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားခဲ့သော်လည်း သေဆုံးမှုလုံးဝမရှိအောင် ကာကွယ်ကုသနိုင်ခဲ့ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ အရာတော်၊ ဘုတလင်၊ ကန့်ဘလူ၊ ခင်ဦးနှင့် ဝက်လက်မြို့နယ် ခြောက်မြို့နယ်ရှိ နွား ၁၂၂ ကောင် ရောဂါဖြစ်ပွားခဲ့သော်လည်း ကူးစက်ရောဂါဖြစ်ပွားလျှင် ဆောလျင်စွာ ထိန်းချုပ်နိုင်ရန်အတွက် နွား ၂၈၂၅၁ ကောင်ကို ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

ထိုသို့မြို့နယ် ခြောက်မြို့နယ်ရှိ နွား ၁၂၂ ကောင်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက်က မုံရွာမြို့နယ်၌ နွား ၁၈ ကောင်၊ နိုဝင်ဘာ ၁၉ ရက်တွင် အရာတော်မြို့နယ်၌ နွား ၁၀ ကောင်၊ နိုဝင်ဘာ ၂ ရက်က ဘုတလင်မြို့နယ်၌ နွားအကောင် ၃၀၊ နိုဝင်ဘာ ၁ ရက်က ကန့်ဘလူမြို့နယ်၌ နွား ၃၅ ကောင်၊ နိုဝင်ဘာ ၁၈ ရက်က ခင်ဦးမြို့နယ်၌ နွား ၂၁ ကောင်နှင့် အောက်တိုဘာ ၃၀ ရက်က ဝက်လက်မြို့နယ်၌ နွား ရှစ်ကောင်တို့ ခွာနာလျှာနာရောဂါများဖြစ်ပွားခဲ့ရာ ဆောလျှင်စွာ ဆေးထိုးနိုင်မှုကြောင့် နွားတစ်ကောင်မျှ အသေအပျောက် မရှိခဲ့ကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး မှတ်တမ်းများမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဈေးသက်သာသည့် ခရမ်းဒေသထွက် ခရမ်းချဉ်

ခရမ်း ဖေဖော်ဝါရီ ၁

ခရမ်းမြို့နယ် ကျေးရွာအသီးသီးမှ တောင်ယာစိုက်ပျိုးဝင်ငွေတိုးနေသည့် ကျေးလက်မြို့ပြနေ ပြည်သူများက စားသုံးသူများ ဈေးနှုန်းသက်သာစွာဖြင့် လတ်ဆတ်သန့်ရှင်းသည့် ဥယျာဉ်ခြံထွက် (ထိုင်ဝမ်) ခရမ်းချဉ်သီးများကို မိုးအကုန်တွင် စိုက်ပျိုးထားရှိခဲ့ရာ ယခုအခါ ဆောလျင်စွာ စိုက်ပျိုးထားရှိသည့် ဥယျာဉ်ခြံမြေများမှ ထွက်ရှိလျက်ရှိရာ ခရမ်းမြို့အဝင် ပဲခူး-ခရမ်း-ရန်ကုန် ကားလမ်းမဘေးတွင် ယာယီဆိုင်ခန်းများထိုးကာ အဝယ်ဒိုင်များဖွင့်လှစ်၍ ကျေးရွာအသီးသီးမှ ဆိုင်ကယ်၊ စက်ဘီး၊ ဂွန်ဒေါင်းများဖြင့် လာရောက်ရောင်းချလျက်ရှိပြီး စိုက်ပျိုးသူများ၊ ရောင်းဝယ်ကြသူများ ဝင်ငွေတိုး၍ အဆင်ပြေလျက်ရှိကြသည်။

ခရမ်းချဉ်စိုက်ပျိုးသူများမှာ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးသူများ များပြားလျက်ရှိပြီး အောင်မြင်ဖြစ်ထွန်းသူ၊ ဈေးကောင်းအမီ စိုက်ပျိုးနိုင်သူများက ဝင်ငွေကောင်းခဲ့ကြပြီး နောက်ကျပေါ်သည့် ခရမ်းချဉ်များမှာ ရာသီဥတုအပူဒဏ်ကြောင့် အလုံးမလှ၊ ဈေးကောင်းမရဘဲ အခင်းလိုက်ပင်ပစ်ထားခဲ့ရသည့် အခြေအနေများအထိပင် ပေါ်များခဲ့ရပြီး ယခုနှစ်တွင် ဖရဲစိုက်ခင်းများ အစိုက်လျော့၍ ခရမ်းချဉ်စိုက်ပျိုးမှုကို ပိုမိုစိုက်ပျိုးလာသူများပြားပြီး နည်းပညာများပါ တိုးတက်လာမှုတို့ကြောင့် အထွက်နှုန်းတိုး၍ အသီးများမှာ ရောင်းပန်းလှသော်လည်း အပြိုင်အဆိုင် စိုက်ပျိုးထုတ်လုပ်မှု များပြားလာသဖြင့် ခရမ်းချဉ်သီးဈေးမှာ တစ်ပိဿာ ကျပ် ၇၀၀ မှ ၃၀၀/၂၅၀ ကျပ်သို့ ဈေးများ တရိပ်ရိပ်ကျဆင်းခဲ့သော်လည်း ထားမရ၍ရောင်းနေကြရသည့်အတွက် စိုက်ပျိုးသူ၊ ခူးဆွတ်သူ၊ သယ်ပို့သူ၊ အဝယ်ဒိုင်ဖွင့်သူနှင့် စားသုံးသူတို့မှာ ကိုယ်စီကိုယ်ငမျှတစွာဖြင့် အဆင်ပြေလျက်ရှိနေကြသည်။

အဝယ်ဒိုင်များက ဝယ်ယူထားသည့် ခရမ်းချဉ်သီးများကို အကြီး၊ အလတ်၊ အသေးနှင့် အနီ၊ အဝါ၊ အစိမ်းခွဲခြား၍ သေတ္တာများ၊ ခြင်းများဖြင့် ထည့်ပြီး စားသုံးသူတို့လက်ဝယ်သို့ အမြန်ရောက်ရှိစေရန် ပဲခူး၊ ရန်ကုန်ဈေးကွက်များသို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၃၀၁) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၁၅၀၀)ဆု	ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
က-၇၅၂၇၉၅	ဂ-၇၃၄၉၄၉
ကျပ်သိန်း(၁၀၀၀)ဆု	ဘ-၆၄၁၁၇၈
ပ-၇၄၁၈၄၃	ခ-၃၃၁၆၆၆
ကျပ်သိန်း(၅၀၀)ဆု	ဝ-၇၄၅၈၅၅
တ-၆၂၈၄၁၇	ဆ-၁၅၆၉၀၅
ကျပ်သိန်း(၃၀၀)ဆု	စ-၄၈၆၈၃၄
ခ-၂၂၅၀၂၈	ဘ-၇၃၁၅၄၁
ကက-၆၈၀၁၀၃	ထ-၂၈၅၀၃၃
ဝ-၉၃၈၈၃၈	ဈ-၆၁၅၆၅၁
ကျပ်သိန်း(၂၀၀)ဆုများ	ဇ-၅၉၄၈၃၂
ည-၅၆၈၁၆၂	ဝ-၆၉၉၀၁၅
ဈ-၆၈၁၃၅၁	ရ-၈၆၀၀၈၂
ဆ-၂၄၀၇၀၉	န-၄၉၄၁၁၆
ဋ-၃၅၈၄၇၈	ဏ-၈၈၃၂၂၆
ဎ-၉၇၇၈၇၄	လ-၇၀၄၂၄၉
ဝ-၅၆၂၁၈၉	တ-၃၁၅၂၅၃
ခ-၄၉၄၀၅၂	

ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများတွင် ကုန်ထုတ်လုပ်မှုကဏ္ဍများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာကြသည်။ အဆိုပါ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ဘဏ်များ၏ အခန်းကဏ္ဍသည် အဓိကကျလာသည်။ ဘဏ်များသည် ပြည်သူလူထု၏ ယုံကြည်မှုဖြင့် လည်ပတ်နေပြီး မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်အမြောက်အမြား ဖွင့်လှစ်လျက်ရှိသည်။

ယူနိုက်တက်အမရဘဏ်သည် ငွေကြေးစီးဆင်းမှုလျင်မြန်လွယ်ကူစေရန် ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်သည်။ ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက်ရှိ ပင်လုံလမ်းမကြီးတွင် ဖွင့်လှစ်သည့် ယူနိုက်တက် အမရဘဏ်၏ မြောက်ဒဂုံဘဏ်ခွဲသည် ၂၃ ခုမြောက် ဘဏ်ခွဲဖြစ်သည်။

ယူနိုက်တက်အမရဘဏ်သည် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ မြဝတီဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်တို့နှင့် ချိတ်ဆက်ထားကာ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Western Union နှင့် ချိတ်ဆက်၍ နိုင်ငံခြားငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် GIRO လျှပ်စစ်မီတာဘီလ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေသော ဘဏ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

○ **ဗိုလ်ဗထူးမှ**

လုပ်သက်အနည်းဆုံး နှစ် ၂၀ ရှိရမည်ဖြစ်ပြီး အမှန်တကယ်နေထိုင်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။ အခြားလျှောက်ထားသူများအနေဖြင့် နိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်သူ အိမ်ထောင်ဦးစီးဖြစ်ပြီး လျှောက်ထားသူ၏ မိသားစုလစဉ်ဝင်ငွေသည် ပျမ်းမျှအနည်းဆုံး သုံးသိန်းရှိရမည်ဖြစ်သည်။

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းကို ၂၀၁၃ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်းလည်း သိရသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်သူများသို့ ကြိုတင်ရောင်းချမည်ဖြစ်သဖြင့် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက် ညနေ ၃ နာရီထိ လျှောက်ထားသူ စုစုပေါင်း ၁၃၃၀၂ ဦးရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ သိရသည်။

(စောလှိုင်ဝင်း)

မြောင်းမြမြို့ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်

မြောင်းမြ ဖေဖော်ဝါရီ ၁

မြောင်းမြမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၃ ရက်တွင် အမှတ်(၁) ရပ်ကွက် မြသီတာဆန်စက်တွင် ပြုလုပ်ရာ သနွှေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ စက်ရုံ၊ အလုပ်ရုံ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်စိုးသန်းတို့က ကြီးကြပ်ဆောင်ရွက်ပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းသွင်(မြောင်းမြ)

အတွေးအရေး ›› ›› ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်)

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှာ သုတေသီအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ပြည်ပရောက် သမီးကြီးက မိဘတွေကို ကန်တော့ငွေလေးပို့ပေးတော့ ကိုယ်လည်းစား၊ ကိုယ့်သမီးလည်း ကုသိုလ်ရအောင်ဆိုပြီး ဘာလုပ်ရကောင်းမလဲလို့ တွေးမိတယ်။ ဟုတ်ပြီ။ ကိုယ့်ရပ်ကွက်၊ ကိုယ့်အိမ်ဘေးက လမ်းသွယ်လေး ပျက်စီးပေါက်ပြဲနေတာလေးကို ပြင်ပေးလိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ လမ်းပြင်ပြီးတော့ သဲကျင်းဝက် (တစ်ကျင်း =၁၀×၁၀×၁ ပေ) လောက် ပိုနေတော့ ပြင်ပြီးတဲ့ လမ်းဘေးကိုယ့်အုတ်နံရံဘေး တစ်လျှောက် ပုံထားလိုက်ပါတယ်။

ဒီသဲပုံလေးဟာ မနက်ပုံ ညနေကျပြန့်ကျဲနေတော့ လမ်းသွားလမ်းလာ၊ အထူးသဖြင့် ဆိုက်ကားသမားများ ဒီသဲပေါ် ဆိုက်ကားဖြတ်ရင် အတင်းရုန်းပြီးနင်းရတော့တာပေါ့။ ဒီလိုမဖြစ်ရအောင် ပြန်ပြီး ဂေါ်ပြားနဲ့စုပုံပေးရသေးတယ်။ ဒီလိုပဲ ခဏခဏပြန့်ကျဲနေတဲ့အကြောင်းရင်းက ကလေးတွေ ညနေညနေ ကျောင်းဆင်းချိန် လာပြီး ဆော့ကြလို့ဖြစ်နေတာ။

ကလေးဆိုတာ သဲတို့၊ ရေတို့မြင်ရင် အလွန်ဆော့ချင်တဲ့သဘော။ သို့သော်လည်း ယာဉ်အန္တရာယ်က ရှိသေးတယ်။ ဒါကြောင့် မဆော့စေလိုတဲ့သဘောနဲ့ "သဲတွေပြန့်ကုန်မယ် ကလေးတို့"လို့ပြောလိုက်တော့ ကလေးမလေးတစ်ဦးက "သမီးတို့က ဒီမှာပဲ ဆော့စရာရှိတာ"ဆိုပြီး ပြန်ပြောပါတယ်။

ဟုတ်တာပေါ့။ ဆော့တဲ့အရွယ်မှာ ဆော့စရာလေးတွေ ဖန်တီးပေးဖို့နဲ့ ကလေးကစားစရာကွင်းတွေလိုအပ်တာပေါ့။ အခုခေတ်ပိုလိုအပ်သေးတယ်။ ဘာကြောင့်လဲဆိုတော့ ကလေးတော်တော်များများက Game ပစ္စည်းလေးတွေ၊ Handset လေးတွေသုံးပြီး Game ဆော့လိုက်၊ ဘေးနားက အာလူးကြော်ဝါးလိုက်နဲ့ လုပ်နေတာဟာ ဒီနေ့မြင်နေကျ မြင်ကွင်းဖြစ်နေပါပြီ။

စာရေးသူ၏အဖေ (၈၇) နှစ်က သူ့မြေးတွေ Game ကစားတဲ့ အဲလိုမြင်ကွင်းကို မြင်မြင်နေရတော့ "မင်းတို့ ကြီးရင် သူများဒုတ် (တုတ်)ကို ကိုင်ရမယ့်ကောင်တွေ"ဟု ဩဘာပေးသည်။ သူများတုတ်ဆိုတာမျက်စိမြင်တဲ့ ကလေးငယ်ကိုင်ထားတဲ့တုတ်အစွန်းကို နောက်က မျက်မမြင်ပုဂ္ဂိုလ်လမ်းလျှောက်လိုက်နေရတာကို ပြောတာ။ Game ပစ္စည်း၊ Handset Screen သေးသေးလေးကို အာရုံစိုက်ပြီး ဆော့ကစားနေတာကြာတော့ မျက်စိထိခိုက်မှာပေါ့။ ပိုဆိုးတာက ပြေးလွှားဆော့ကစားလုပ်မှု နည်းပါးလာတဲ့ကိစ္စပါ။ တချို့ကလေးမိဘတွေက ကျောင်း၊ ကျူရှင်၊ Guide နဲ့ မပြတ်တမ်းစာလုပ်ခိုင်းတော့ စာလုပ်တဲ့အခါ မျက်စိသုံးရ၊ ဂိမ်းကစားတဲ့အခါ မျက်စိသုံးရဆိုတော့ ကလေးတွေ အသက်ငယ်ငယ်နဲ့ မျက်မှန်ထူထူကြီးတွေ တွေ့လာရတယ်။

စာမလုပ်ရင် (စာမရရင်) ဂိမ်းမဆော့ရဘူးဆိုတာက ကလေးငယ်ကို မျက်စိအနားမပေးနဲ့လို့ ခိုင်းတာနဲ့ အတူတူဖြစ်သွားပြီ။ ဒါ့အပြင် ဂိမ်းကစားတဲ့အခါ ဂိမ်းမှာပါတဲ့ အကောင်လေးတွေ၊ ပစ္စည်းလေးတွေ မိမလိုဖြစ်လိုက်၊ ပြုတ်ကျလိုက်စသည်ဖြင့် အသည်းယားစရာ (နှလုံးတုန်စရာ) ဖန်တီးထားတော့၊ ဆော့ကစားတဲ့ကလေးရဲ့ (နှလုံး)ကျန်းမာရေးကို ထိခိုက်တယ်ဆိုပြီး သုတေသနတစ်ခုက ပြောထားတာ ဖတ်ရသလို အခုခေတ်ကလေးတွေဟာ အရင်ခေတ်က ကလေးတွေလောက် လှုပ်ရှားမှု၊ ပြေးလွှားနိုင်စွမ်းမှု မရှိတော့ဘူးဆိုပြီးလည်း မကြာခင်က TV သတင်းတစ်ခုမှာ ကြည့်ရပါတယ်။ စာမကျက်ရင် ဂိမ်းမဆော့ရဘူးဆိုတဲ့ မိဘများရဲ့ ကလေးတွေဆို ပိုပြီးတောင် သနားစရာကောင်းသေးတယ်၊ မျက်လုံးကို တောက်လျှောက်အသုံးချနေရလို့။

ကလေးကစားကွင်းလေးတွေ ရပ်ကွက်အလိုက် ဖော်ဆောင်ပေးထားတာ တစ်ဖက်ကနေပြန်ကြည့်ရင်လည်း ကောင်းတာရှိတယ်။ ဘာကြောင့်လဲဆိုတော့ သဘာဝဘေးဒုက္ခလျော့ပါးမှုကို ကူညီရာလည်းရောက်လို့ပါပဲ။ ယနေ့မြို့ပြတွေဟာ အထပ်မြင့်တိုက်ခန်းတွေဆောက်နေတော့ အရင်က ၂၅ ပေ× ပေ ၅၀ အကျယ်မှာ လုံးချင်းအိမ်တစ်လုံးဆိုပေမယ့် အခု ၁၂ ပေ× ပေ ၅၀၊ နှစ်ခန်းတွဲ ၅ ထပ်၊ ၆ ထပ် အထိ တိုက်ခန်းတွေ ဆောက်လာကြတော့ ၂၅ ပေ × ၅၀ ပေ မြေကွက်အပေါ် တစ်မိသားစု ပျမ်းမျှ ငါးယောက်နေတာက ၁၀ မိသားစု၊ ၁၂ မိသားစု (၅၀-၆၀)ဦးနေတာဖြစ်လာပြီ။

ဆိုလိုတာက သဘာဝဘေး(ဥပမာ-မီး) ဖြစ်လာရင် လမ်းလေးထဲကလွတ်အောင် ပြေးဖို့ တော်တော်ပဲခဲယဉ်းလာပြီး လူများတာရော၊ ညဘက်ဆိုလမ်းဟိုဘက်၊ သည်ဘက်ကားတွေရပ်တာကြောင့်ပါ။ ဒီအခါမျိုးမှာ အားကစားကွင်းတွေဟာ လောင်တဲ့မီး အဆက်ပြတ်သွားအောင် ပြုလုပ်ပေးတဲ့ (Fire Break) အနေနဲ့သော်လည်းကောင်း၊ ခေတ္တရှောင်ပြေးဖို့အတွက် သော်လည်းကောင်း အဘက်ဘက်ကအကျိုးပြုမှာပါ။ အချို့မူလတန်းကျောင်းတွေမှာရှိပြီး အားကစားကွင်းကို ကန်စွန်းခင်းဖော်ထားတာတွေ့ရတော့ ကလေးတွေဘယ်လို၊ ဘယ်သွားကစားရမှန်းတောင် မသိတော့ပါဘူး၊ ကျောင်းဝင်းထဲတွင် ကစားကွင်းကိုကစားခြင်းကိစ္စမှအပ အခြားမြေအသုံးချမှုကို ရှောင်ရှားကြစေလိုပါတယ်။ အိမ်မှာလည်း တိုက်ခန်းနဲ့နေလို့မကစားရ (ဂိမ်းကလွဲရင်ပေါ့)၊ ကျောင်းမှာလည်း ကစားစရာနေရာမရှိနဲ့၊ အရွယ်ရောက်လာရင် ကျန်းမာသန်စွမ်းတဲ့လူငယ်တွေဖြစ်အောင် ဘယ်လိုပြုစုပျိုးထောင်ကြမလဲ။

ကျန်းမာသန်စွမ်းတဲ့ ကလေးတွေရှိနေအောင် ဆောင်ရွက်ရေးကိစ္စက National Issue ဖြစ်ပါတယ်။ အားကစားကွင်းတစ်ခုမှာ Professionally ကျွမ်းကျင်ဖို့နိုင်ငံ့ဂုဏ်ဆောင် တော်တဲ့အားကစားသမား လူငယ်တွေရှိဖို့လိုသလို ကလေးအားလုံးကျန်းမာရေးကောင်းဖို့၊ ကိုယ်ကာယလှုပ်ရှားမှုရှိစေဖို့အတွက် တစ်နည်းအားဖြင့် ကျန်းမာရေးအတွက် အားကစားလုပ်နေတဲ့ လူငယ်တွေပေါ်ထွက်ဖို့လည်းလိုပါတယ်။ ကိုယ်ကျတော့ ကျန်းမာရေးကောင်းအောင် ဂေါက်ရိုက်လို့၊ လမ်းလျှောက်လို့၊ ကလေးကြတော့ စာပြီးစာ၊ မဆော့နဲ့၊ မကစားနဲ့လို့ သတိလက်လွတ်ပြောနေတာတွေ အများကြီး။ ဒါကြောင့်မို့ ရပ်ကွက်အလိုက် အားကစားကွင်းများ၊ ကျောင်းအလိုက်အားကစားကွင်းများ မရှိသေးရင်ဖော်ထုတ်၊ ရှိပြီးအခြားမြေအသုံးချမှု လုပ်ထားရင်လည်း ပြန်ပြင်၊ ဥယျာဉ်ကစားကွင်းများ ဖော်ထုတ်ပြီး ကလေးများကိုကစားချိန်ပေးကာ စိတ်လွတ်လွတ်လပ်လပ် ပြေးလွှားဆော့ကစားနေတဲ့ မြင်ကွင်းကို ဖန်တီးကြပါစို့။ ။

သားငယ်၊ သမီးငယ်တို့အတွက် ငရဲကြီး ရှစ်ထပ်နှင့် ၃၁ ဘုံ

ယနေ့ခေတ် လူငယ်လူရွယ်များသာမက ဗုဒ္ဓဘာသာဝင်လူအများတို့ ဘုရားရှိခိုး အမျှပေးဝေရာတွင် ပါဝင်နေကျ (၃၁)ဘုံအကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်သည်။

(၃၁)ဘုံသည် မည်သည့်ဘုံများဖြစ်သည်။ ထိုဘုံများတွင်မည်သို့ အကောင်းအဆိုးအဖြစ်အပျက်များရှိသည်ကို လူတိုင်း(အထူးသဖြင့် သားငယ်၊ သမီးငယ်များ) နားလည်စေရန်အတွက် ပုံပြ(၃၁) ဘုံစာအုပ်တွင် ဖော်ပြထားသည်။ ငရဲကြီးရှစ်ထပ်နှင့် အပါယ်လေးဘုံ၊ လူ့ဘုံတစ်ဘုံ၊ နတ်ဘုံ ခြောက်ဘုံ၊ ရူပဗြဟ္မာဘုံ ၁၅ ဘုံ၊ အရူပ ဗြဟ္မာဘုံ လေးဘုံ၊ အသညသတ်ဗြဟ္မာဘုံ တစ်ဘုံတို့၏အကြောင်းကို ရုပ်ပြပုံများဖြင့် နားလည်နိုင်အောင် ရှင်းလင်းစွာရေးသားဖော်ပြထားရာ လူငယ်လူရွယ်များ အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကိုဆောင်ကာ (၃၁) ဘုံအကြောင်း ကောင်းစွာသိရှိနိုင်မည်ဖြစ်သည်။

စာအုပ်ကို စာပေလောက (၅) အမှတ် (၁၃၈/၁၄၀)(ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၁၂၅၀၆၇ နှင့် ၀၉-၇၃၁၄၀၉၃၆ တို့မှ တန်ဖိုးငွေကျပ် ၁၃၀၀ နှုန်းဖြင့် ဖြန့်ချိလိုက်သည်။

သုခမိန် သုတ၊ ရသ ဥပဒေပညာပေးစာစောင်ထွက်ရှိ



၂၀၁၄ ခုနှစ် ဇန်နဝါရီလ နှစ်သစ်အကြိုဥပဒေရေးရာအဖြာဖြာ ဥပဒေ အထောက်အကူပြုသုတရသ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများနှင့် ဖတ်စရာမှတ်စရာများပြည့်စုံသည့် သုခမိန်စာစောင်ကို စတင်ထုတ်ဝေလိုက်သည်။

ထိုစာစောင်တွင် အခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံးများ၊ ရွေးကောက်ခံနိုင်ခွင့်နှင့် အခြေခံဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်သင့်၊ မပြင်သင့်၊ ဥပဒေကအပ်နှင်းသည့်အခွင့်အာဏာရှိရဲ့လား၊ ပြည်သူ့အတွက်မှဟုတ်ရဲ့လား၊ ဥပဒေစိုးမိုးမှုရှိစေရန် ဥပဒေနှင့်အညီဆောင်ရွက်ရမည် စသည့်ဆောင်းပါးများပါဝင်သည်။ [illegible] စာစောင်ဖြစ်သည်။

ယင်းစာစောင်ကို သုခမိန်စာစောင်တိုက် ဖုန်း-၀၁-၃၇၁၄၅၅ မှလည်းကောင်း၊ စာပေဗိမာန်စာအုပ်တိုက်နှင့် သတင်းနှင့် စာနယ်ဇင်းအရောင်းဆိုင်များတွင်လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

အလင်းကမ္ဘာသစ်ဆီသို့ ဆောင်းပါးပေါင်းချုပ်စာအုပ်ထွက်ရှိ



ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)၏ အလင်းစေတမန်တို့၏ အောင်ပွဲပဲ့တင်သံများနှင့် အလင်းကမ္ဘာသစ်ဆီသို့ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို လင်းရောင်သစ်စာပေ ဖုန်း ၀၉-၈၆၂၀၁၆၃၊ ၀၁-၅၀၃၉၅၀နှင့် သီရိဆွေစာပေ ဖုန်း-၀၉-၄၂၁၁၀၃၆၇၁၊ ၀၉-၇၃၁၄၂၇၇၄တို့မှ ဖြန့်ချိလိုက်ကြောင်း သိရသည်။

"ဟိုးအရှေ့ဘက် ကောင်းကင်မှာတော့ ရောင်နီကိုမြင်နေရပါပြီ။ ကျွန်မတို့ပျိုးခဲ့တဲ့ အလင်းပန်းတွေ၊ ကျွန်မတို့ လက်ဆင့်ကမ်းခဲ့တဲ့ အလင်းခွန်အားတွေနဲ့အတူ အလင်းတံတားတွေခင်းလို့ အလင်းတံခါးတွေဖွင့်လှစ်ပေးနိုင်ခဲ့ပြီ။ ကျွန်မတို့ခင်းပေးခဲ့တဲ့ အလင်းတံတားရဲ့ဟိုတစ်ဖက်ဆီက လက်ကမ်းလို့ကြိုနေကြတဲ့ တိုင်းရင်းသားပြည်သူတွေကို အလင်းရောင်ဆိုတဲ့ ရှင်သန်ခြင်း ရောင်ခြည်သစ်၊ မျှော်လင့်ခြင်းခွန်အားသစ်တွေနဲ့အတူ အလင်းကမ္ဘာသစ်ဆီကို ဖော်ဆောင်ပေးနိုင်ခဲ့ပါပြီ" ဟု စာရေးသူက သူ၏ဆောင်းပါးတစ်ပုဒ်တွင် ထည့်သွင်းရေးသားထားသည်။

မြူမှုန်ကင်းသည့် လမင်းသာ



၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ရေနံ့သာမောင်ကျော်ညွန့်ရေးသားဖွဲ့ဆိုသီကုံးသော မြူမှုန်ကင်းသည့် လမင်းသာ ကဗျာပေါင်းချုပ်စာအုပ် ထွက်ရှိလာသည်။

မြူမှုန်ကင်းသည့် လမင်းသာကဗျာပေါင်းချုပ်စာအုပ်တွင် မိဘမေတ္တာ၊ ဘဘာဝ တောတောင်ရေမြေအလှတို့ကို မြတ်နိုးစွာ ဖွဲ့ဆိုထားသောကဗျာများ၊ ကျောင်းဆရာတစ်ဦး၏ ဘဝနှင့်စေတနာကို ဖော်ကျူးသောကဗျာများ၊ လောကကြေးမုံကို ထင်ဟပ်သော ကဗျာများ၊ စိတ်ဓာတ်ကြံ့ခိုင်ရေး၊ စာရိတ္တကောင်းမွန်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားရေးစရိုက်လက္ခဏာ ထိန်းသိမ်းရေးတို့ကို ဦးတည်ရေးဖွဲ့သော ကဗျာများ စသည်ဖြင့် အကြောင်းအရာပေါင်းစုံလင်လှသည်။ ယင်းစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရေနံ့သာစာပေ ဖုန်း-၀၉-၈၃၀၃၄၆၉ နှင့် ၀၉-၄၉၃၂၅၈၃၂ တို့မှ ဖြန့်ချိလိုက်သည်။

မန္တလေးစီးပွားရေးလမ်းညွှန် (တကယ်အသုံးတည့်တဲ့လမ်းညွှန်) (၂၀၁၄)စာအုပ်ထုတ်ဝေဖြန့်ချိ

နှစ်စဉ်ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန် (တကယ်အသုံးတည့်တဲ့လမ်းညွှန်) စာအုပ်ကို ၂၀၁၄ နှစ်ဦးတွင် အစောဆုံးထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် မန္တလေးမြို့အပါအဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ-ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့်ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည်(အထက်ပိုင်း) မြို့ပေါင်း ၅၈ မြို့တို့၏ စီးပွားရေးလုပ်ငန်းလိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် အတွင်းရောင်စုံစီးပွားရေး ကြော်ငြာများပါဝင်သည်။ နှစ်စဉ်ထုတ်ဝေသောစာအုပ်ကို Singapore နိုင်ငံ Times Printers တွင် ပုံနှိပ်ပြီး ပုံနှိပ်အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်ဝေထားခြင်းဖြစ်သည်။

မန္တလေးစီးပွားရေးလမ်းညွှန်ကို (၄/၆) ၂၄-၂၅လမ်းကြား ၆၂-၆၃လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း- ၀၂-၇၂၂၀၀ နှင့် အမှတ် (၃၃/၄၉) (၇-လွှာ) ရှိုင်းကွန်ဒို မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)နှင့် ဘဏ်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၃၄၃၅-၄၃၇၊ ၃၇၂၅၀၄-၅၀၆ တို့မှ ဖြန့်ချိလိုက်သည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

ဖျာပုံ ဖေဖော်ဝါရီ ၁

"မီးလောင်မှုဆိုတာ နေရာဒေသမရွေး ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေက အသက်ကို ပဓာနမထားဘဲ မီးငြိမ်းသတ်လိုစိတ်၊ မီးသတ်ကားတွေကို ဘေးအန္တရာယ်ကင်းပြီး အချိန်တိုအတွင်း မီးလောင်မှု ဖြစ်တဲ့နေရာတွေကို ရောက်ရှိဖို့လိုသလို ပြည်သူတွေကြိုတင်မီးငြိမ်းသတ်နိုင်ဖို့ ယခုလို ပေါင်ဒါမှုန့်မီးသတ်ဆေးဘူးနဲ့ လက်တွေ့ရှင်းလင်းပြသပြီး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရတာပါ" ဟု ဖျာပုံခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်က ပြောသည်။

ယခုအချိန်အခါသည် ပူပြင်းခြောက်သွေ့သည့် နွေကာလသို့ ရောက်ရှိလာပြီဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ရပ်ကွက်/ကျေးရွာရှိ ပြည်သူများ မီးငြိမ်းသတ်ရေး စီမံချက်အတွက် မီးငြိမ်းသတ်လေ့ကျင့်ခြင်းများ ဖြစ်သည့် မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ပေါင်ဒါမှုန့်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းများကို စဉ်ဆက်မပြတ် ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်က ဖျာပုံမြို့ စုပေါင်းရုံးကြီးရှေ့ မြက်ခင်းပြင်တွင် ပေါင်ဒါမှုန့်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်း

သတ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ**(အပေါ်ပုံ)**တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်က ပြောကြားခြင်းဖြစ်သည်။ဆက်လက်၍ မီးသတ်ဦးစီးမှူးက "ကျွန်တော်တို့ဖျာပုံမှာ ရပ်ကွက်တွေတင်မကဘဲ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေပါ မီးငြိမ်းသတ်နည်းပညာနဲ့ မီးသတ်ဆေးဘူးအသုံးပြုနည်းတွေကို လက်တွေ့အသုံးပြုတတ်အောင် သင်ကြားတတ်ဖို့ လိုပါတယ်။ ဒါမှ မီးလောင်မှုဖြစ်ပေါ်ပါက အလျင်အမြန် ထိရောက်စွာမီးငြိမ်းသတ်နိုင်မှာပါ"ဟု ဆက်လက်ပြောကြားသည်။

ဖျာပုံမြို့နှင့် မြို့နယ်အသီးသီးတွင် ယခုအခါ မီးဘေးကြိုတင်တားဆီးရေးအတွက် ပြည်သူများသိရှိနားလည်ကျွမ်းကျင်စေရန် မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ရာတွင် ပေါင်ဒါမှုန့် မီးသတ်ဆေးဘူးအပြင် ရေဖြင့် မီးငြိမ်းသတ်နည်းများကို အမှန်တကယ် လေ့ကျင့်ပညာပေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

YCDC ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် P.G.A Myanmar က ကြီးကြပ်သော YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် YCDC Cup Winter Senior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲများ၏ နောက်ဆုံးနေ့ ၁၈ ကျင်းပြိုင်ပွဲများကို ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(ငွေသော်တာဂေါက်ကွင်း) ၌ ဆက်လက်ကျင်းပပြီးစီးသွားသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် သိန်းဇော်မြင့် KM Golf Centre က သုံးရက်ပေါင်း ၁၂ ချက် လျှော့ရိုက်ပြီး ၂၀၄ ချက်ဖြင့် ဗိုလ်စွဲသွားသည်။

ဇော်ဇော်လတ် (Srixon) က သုံးရက်ပေါင်း ကိုးချက် လျှော့ရိုက်ပြီး ၂၀၇ ချက်ဖြင့် ဒုတိယနှင့် လှမျိုးက သုံးရက်ပေါင်း ကိုးချက်လျှော့ရိုက်ပြီး ၂၀၇ ချက်ဖြင့် တတိယရရှိသည်။

Senior Professional အဆင့်ပြိုင်ပွဲတွင် မြင့်ရွှေက သုံးရက်ပေါင်း ခြောက်ချက်လျှော့ရိုက်ပြီး ၂၁၀ ချက်ဖြင့် ဗိုလ်စွဲသွားသည်။

မြင့်သောင်းက သုံးရက်ပေါင်း ၂၁၆ ချက်ဖြင့် ဒုတိယရပြီး အေးကိုက သုံးရက်ပေါင်း ၂၁၈ ချက်ဖြင့် တတိယ ရရှိသွားသည်။

Senior Amateur အဆင့်ပြိုင်ပွဲတွင် ကြည်မြင့်က သုံးရက်ပေါင်း ၂၂၆ ချက်ဖြင့် ဗိုလ်စွဲသွားသည်။ ကျော်လှိုင်က သုံးရက်ပေါင်း ၂၂၆ ချက်ဖြင့် ဒုတိယရပြီး ခင်မောင်လတ်က သုံးရက်ပေါင်း ၂၃၃ ချက်ဖြင့် တတိယရရှိသွားသည်။

Amateur အဆင့်ပြိုင်ပွဲတွင် သီဟဌေးက သုံးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး ၂၁၄ ချက်ဖြင့် ဗိုလ်စွဲသွားသည်။

ကျော်သက်ဦးက သုံးရက်ပေါင်း တစ်ချက်လျှော့ရိုက်ပြီး ၂၁၅ ချက်ဖြင့် ဒုတိယ၊ အောင်ကျော်သူက သုံးရက်ပေါင်း တစ်ချက်လျှော့ရိုက်ပြီး ၂၁၅ ချက်ဖြင့် တတိယ၊ မောင်မောင်ဦးက သုံးရက်ပေါင်း တစ်ချက်လျှော့ရိုက်ပြီး ၂၁၅ ချက်ဖြင့် စတုတ္ထရရှိသွားကြောင်း သိရသည်။ **(ကြေးမုံ)**

ပရဟိတအသင်းအဖွဲ့များ၏ညီညွတ်ရေး စျေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

The Action Time Foundation က ကြီးမှူးကျင်းပသည့်ပထမအကြိမ် ပရဟိတအသင်းအဖွဲ့များ၏ ညီညွတ်ရေးစျေးရောင်းပွဲတော်ကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် (ရေပေါ် ဘောလုံးကွင်းအနီး)၌ ကျင်းပခဲ့သည်။

စျေးရောင်းပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ The Action Time Foundation မှ အတွင်းရေးမှူး မအိန္ဒြေနေနွယ်က "ဒီပွဲကရတဲ့ အလှူငွေတွေကို စစ်ဘေးသင့်ဒေသမှာရှိတဲ့ ကလေးတွေကို လှူမှာပါ။ နောက်ပြီး ဒီလိုပွဲတွေ လုပ်ရတာက ကျွန်မတို့ပရဟိတအဖွဲ့တွေက တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မချိတ်ဆက်မိဘူး။ ဒီလိုလူမှုရေးလုပ်သူအချင်းချင်း Network လေးတွေရချင်တယ်။ ချိတ်ဆက်မိချင်တယ်။ ဒီမှာအားလုံးက စျေးရောင်းရတာကို မြတ်တယ်၊ ရှုံးတယ် သဘောမထားပါဘူး။ သဘာဝဘေး၊ စစ်ဘေးဒဏ်သင့်ဒေသရှိ ပြည်သူများအတွက် ဖေးမကူညီစောင့်ရှောက်ခြင်းဆိုင်ရာ စိတ်ဓာတ်ခွန်အားဖြည့်ခြင်းနဲ့ အထွေထွေပံ့ပိုးရေးအပိုင်းတွေမှာ အတူတကွပူးပေါင်းသွားဖို့အတွက် ချိတ်ဆက်မိသွားဖို့ အဓိကထားပြီး ဒီပွဲလေးကို စီစဉ်ဖြစ်တာပါ" ဟု ပြောသည်။

မိဘမဲ့ ကလေးသူငယ်များ ဖျော်ဖြေတင်ဆက်ရာတွင် အစီအစဉ်တင်ဆက်သူအဖြစ် လာရောက်ကူညီပေးသော မော်ဒယ်သရုပ်ဆောင် ခင်ဝင့်ဝါကလည်း "ပရဟိတလုပ်ရတာပျော်ပါတယ်။ အရမ်းလည်း ကူညီပေးချင်တယ်။ ကလေးတွေ ကြိုးစား ပြီးကသွားတာကြည့်ရတော့ အရမ်းကို ကြည်နူးမိတယ်။ ဒီလိုဖောင်ဒေးရှင်းအဖွဲ့တွေ ဒီထက်မက တိုးတက်အောင်မြင်ပြီး ဒီလိုပရဟိတ လူမှုအကျိုးပြုလုပ်ငန်းတွေ ဒီထက်မက လုပ်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

အဆိုပါ စျေးရောင်းပွဲတော်တွင် ပရဟိတဆောင်ရွက်နေကြသော လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ခင်းကျင်းရောင်းချခဲ့ပြီး မိဘမဲ့ကလေးများ၏ စိတ်ခံစားမှုသရုပ်ဖော်ကကွက်များ၊ တက်သစ်စ Dancer အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု၊ မြန်မာ့ရိုးရာခြင်းအလှခတ်တင်ဆက်ခြင်း၊ စာပေဆိုင်ရာ ဗဟုသုတများ ဟောပြောခြင်း၊ ပန်းချီ၊ ကာတွန်း၊ ကဗျာဆရာများ၏ Performance များ၊ ရွှေသံစဉ်တေးဂီတအဖွဲ့ နှင့်တွဲဖက်၍ နာမည်ကျော် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မေတ္တာ၊ ဗေလုဝနှင့် ရုပ်ရှင်၊ ဗီဒီယို ဟာသသရုပ်ဆောင်များ၏ ဖျော်ဖြေမှုများဖြင့် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

(သီသီမင်း)





ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းဦး[၁၂/ကတက(နိုင်)၀၀၀၉၃၈]ကို ကိုင်ဆောင်သူသည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အမှတ်(၁၀၃)၊ ဒါဘာ(ခေါင်းရင်းခန်း)ကို ၂၆-၁-၂၀၁၄ရက်နေ့က စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေဝယ်ယူထားပြီးဖြစ်၍ အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်သော ကြောင့် ပိုင်ဆိုင်ခွင့်ရှိသူ တစ်စုံတစ်ဦးသည် စာချုပ်စာတမ်း အထောက်အထားများနှင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — လွှဲအပ်ညွှန်ကြားချက်အရ
ကိုအောင်ထွန်းဦး — ဦးမြင့်လှိုင်(ဟိန်း)(စဉ်-၆၂၀၅) ဒေါ်နီလာရွှေ(စဉ်-၉၀၄၉)
တရားလွှတ်တော်ရှေ့နေများ
ရုံး-တိုက်(၂၉၀)၊(၅-အေ)၊ စံချိန်သစ်လမ်း၊ င/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၆၅၃၀၁၊ ၀၉-၄၃၁၅၇၁၃၈

အလိုရှိသည်

ထိုင်းစကားတတ်ကျွမ်း၍ အရောင်းမြှင့်တင်ရေးဝန်ထမ်းလုပ်လိုသူ ကျား/မ၊ ယာဉ်မောင်းလိုင်စင်ရှိသူ ဦးစားပေးမည်။ ဖေဖော်ဝါရီ ၃ ရက်ထိ စုံစမ်းနိုင်သည်။
ဖုန်း-၀၁-၅၂၇၀၁၄/၀၉-၅၀၀၀၂၇၂

သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ္ဘာ့ရေတိမ်ဒေသများနေ့ ၂၀၁၄ ခုနှစ်

မောင်သစ်တော

ဖေဖော်ဝါရီ ၂ ရက်နေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားအား နှစ်စဉ်ကျင်းပလေ့ရှိသည်။ ကမ္ဘာ့ရေတိမ်ဒေသများနေ့ဆိုသည်မှာ ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ကက်စပီယန်ပင်လယ်အနီးရှိရမ်ဆာမြို့၌ ရေတိမ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Wetlands) ကို ကျင်းပခဲ့ပြီး ကမ္ဘာ့နိုင်ငံများအသီးသီးမှ အစိုးရအဖွဲ့တာဝန်ရှိသူများတက်ရောက်၍ ကွန်ဗင်းရှင်း ဖွဲ့စည်းရန် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ကွန်ဗင်းရှင်းစတင်ဖွဲ့စည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြု၍ ဖေဖော်ဝါရီ ၂ ရက်နေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day) အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်ကျင်းပခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၂ ခုနှစ်မှ စတင်၍ နှစ်စဉ်ဖေဖော်ဝါရီ ၂ ရက်နေ့တိုင်း နေပြည်တော်၌ ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကိုမူ ကမ္ဘာ့အရေးပါသော ရေတိမ်ဒေသများစာရင်းဝင်တစ်ခုဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ရေတိမ်ဒေသဂေဟစနစ်အတွက် အရေးပါသော နယ်မြေအမြောက်အမြားတည်ရှိနေသော်လည်း ကမ္ဘာ့အရေးပါသော ရေတိမ်ဒေသစာရင်းဝင်နေရာ၊ ရမ်ဆာနယ်မြေ (Ramsar Site) တစ်ခုအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်နေ့တွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သတ်မှတ်နိုင်ခဲ့သည်။ Ramsar Site အဖြစ် သတ်မှတ်နိုင်သော စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကမ္ဘာ့ရှားပါးစာရင်းဝင် ဆောင်းခိုငှက်မျိုးစိတ်ဖြစ်သည့်ရေညှောင့်နှုတ်ဝိုင်းငှက်များ ကျရောက်ကျက်စားသည့် မုတ္တမပင်လယ်ကွေ့ဒေသအတွင်းရှိ နေရာများကိုလည်း Ramsar Site များအဖြစ် ထပ်မံအဆိုပြုသတ်မှတ်နိုင်ရေး ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုမျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရမ်ဆာရေတိမ်ဒေသထိန်းသိမ်းရေးကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၈ နိုင်ငံရှိလာခဲ့ပြီဖြစ်ပြီး နိုင်ငံတကာအဆင့် အရေးကြီးသည့်ရေတိမ်ဒေသစာရင်းဝင်နေရာပေါင်း ၂၁၇၁ ခုရှိသည်။ ယင်းရေတိမ်ဒေသများသည် ကမ္ဘာ့မြေမျက်နှာပြင်၏ ဟက်တာပေါင်း (၂၀၇၊ ၂၉၀၊ ၂၇၁) ခန့်ကို နေရာယူလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပြီး ရေတိမ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကွန်ဗင်းရှင်းသဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာအထိမ်းအမှတ်နှစ်များ သတ်မှတ်ချက်အရ ၂၀၁၄ ခုနှစ်ကို **“ အပြည်ပြည်ဆိုင်ရာ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှစ်”** (UN International Year of Family Farming) အဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါသတ်မှတ်ချက်နှင့် ထပ်လောင်းကိုက်ညီစေရေး ရေတိမ်ဒေသများဆိုင်ရာ ရမ်ဆာကွန်ဗင်းရှင်း (Convention on Wetlands) မှ ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ရေတိမ်ဒေသများနေ့ အခမ်းအနားအတွက် ဆောင်ပုဒ်အဖြစ် **“ ရေတိမ်ဒေသများနှင့် စိုက်ပျိုးရေးယှဉ်တွဲဖွံ့ဖြိုးအောင်ဆောင်ရွက်ပေး”** “Wetlands and Agriculture:Partners for Growth” ဟုသတ်မှတ်ထုတ်ပြန်ထားပါသည်။

ယင်းဆောင်ပုဒ်အား ရေတိမ်ဒေသများနှင့် စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများ ယှဉ်တွဲဖွံ့ဖြိုးလာစေရန်၊ ရေတိမ်ဒေသများရှိ စိုက်ပျိုးမြေများကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအား လျော့နည်းလာစေရန်၊ ကောင်းမွန်စွာကျန်ရှိနေသေးသည့် ရေတိမ်ဒေသများအား ရေရှည်တည်တံ့စေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားရန်၊ ရေတိမ်ဒေသနှင့် စိုက်ပျိုးရေးဆိုင်ရာ ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများ ဖော်ထုတ်သွားရန်၊ ရေတိမ်ဒေသဝန်းကျင်တွင် မှီတင်းနေထိုင်ကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရေးဖော်ဆောင်ပေးရန်နှင့် ရေတိမ်ဒေသများတွင် လက်တွေ့နေရသည့်အခြေအနေများကို သုံးသပ်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အဖွဲ့ဝင်များနှင့်အတူ ဖော်ထုတ်သွားနိုင်ရန် ရည်ရွယ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့၏ ဆောင်ပုဒ်နှင့်အညီ ရေတိမ်ဒေသများနှင့် စိုက်ပျိုးရေးယှဉ်တွဲဖွံ့ဖြိုးလာစေရန်အတွက် အစိုးရဌာနများ၊ အသင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်အတူ ဒေသခံပြည်သူလူထုတို့ ပူးပေါင်း၍ ရေတိမ်ဒေသများကို ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရုံသာမက စနစ်တကျအကျိုးရှိစွာ အသုံးချရန် လိုအပ်သည့်အပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရေတိမ်ဒေသများကို စနစ်တကျစီမံအုပ်ချုပ်ရန်လည်း လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စိုက်ပျိုးနည်းစနစ်များကိုသာ အသုံးပြုရန်လည်း လိုအပ်လှပါကြောင်း ကမ္ဘာ့ရေတိမ်ဒေသများနေ့ ၂၀၁၄ ခုနှစ်ကို ဂုဏ်ပြုသောအားဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်းမှ မြို့မ-မင်းကင်းလမ်းပိုင်း ဖောက်လုပ်

မင်းကင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်သည် ရွှေသမင်တောင်တန်းကြီးက အုတ်တံတိုင်းသဖွယ် ကာဆီးထားမှုကြောင့် ကုန်းတွင်းပိတ်မြို့နယ်ဖြစ်ပြီး အခြားတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များနှင့် ဆက်သွယ်သွားလာရာတွင် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးအားထား အသုံးပြုနေရသည်။

သို့ဖြစ်၍ ယခုအချိန်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၂၅၀၀ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၀၀၀ အကုန်အကျခံပြီး မုံရွာစွမ်းအား၊ မြန်မာမိုးနိုင်နှင့် ချမ်းသာရွှေမြေကုမ္ပဏီများက မင်းကင်း-တောင်တွင်းချောင်(မြို့မ)လမ်းပိုင်းအရှည် ၁၆ မိုင် ၆ ဖာလုံအား အတိုဆုံးလမ်းအူကြောင်း အတိုင်းစက်ယန္တရားကြီးများကိုအသုံးပြု၍မြေသားလမ်း ဖောက်လုပ်လျက်ရှိသည်။**(အပေါ်ယာပုံ)**

ယင်းလမ်းဖောက်လုပ်မှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေး၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ မင်းကင်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်ကူပြုဥက္ကဋ္ဌနှင့် ကော်မတီဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက်တွင် အရည်အသွေးသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးဖောက်လုပ် ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြို့မ-မင်းကင်းလမ်းပိုင်း ဖောက်လုပ်ပြီးစီးပါက တောင်တွင်းချောင်ဒေသရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ကျေးရွာပေါင်း ၃၆ ရွာတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စီမံခန့်ခွဲရေးတို့တွင်အထောက်အကူပြုမည်ဖြစ်သည့်အပြင် ယင်းဒေသနေပြည်သူများအတွက်လည်း သွားလာရေးအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေါင်မြို့နယ်၌ မှုခင်းကြိုတင်ကာကွယ်ရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပေါင်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တွေ့ဆုံစကားဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက် ညနေ ၃ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ညွန့်ဇော်တို့က ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော မှုခင်းများ၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုများကို ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ရပ်မိရပ်ဖများကိုကျေးဇူးတင်ရှိကြောင်းနှင့် ယခုနှစ်တွင်လည်း မှုခင်းများဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ ပူးပေါင်းကူညီဆောင်ရွက်စေလိုကြောင်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် ပေါင်မြို့မရဲစခန်းတွင် နေ့စဉ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ အချုပ်ခန်းနှင့် တပ်ဖွဲ့ဝင်အိမ်ထောင်သည်လိုင်းခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၃၀၇)





ကျေးဇူးဆပ်

ကျွန်တော် မောင်ကျော်ထူး PP No. M ၀၅၆၀၈၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၃၁၃၄၅၆၇၁

ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာဆွေဗမာဦးဌေးအောင်

စာရေးသူသည် ရုပ်ရှင်ပညာရှင်တစ်ဦးမဟုတ်ပါ။ ရုပ်ရှင်ဝါသနာရှင်တစ်ဦးမျှသာ ဖြစ်ပါသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးနှင့် ကိုယ့်ရုပ်ရှင်ကို ချစ်မြတ်နိုးသည့်အတွက် လက်လှမ်းမီသမျှ ရှာဖွေစုဆောင်း၍ ရုပ်ရှင်အနုပညာ ဆောင်းပါးများရေးသားခဲ့ပါသည်။ စာရေးသူမသိသည့် လက်လှမ်းမမီသည့် အချက်အလက်များကို ဆရာ ဦးဌေးအောင်(ဆွေ ဗမာ)က အမြဲအကူအညီပေးလေ့ရှိ၏။ ရုပ်ရှင်ဟင်းလေးအိုးကြီးပမာ ရှေးဟောင်းနှောင်းဖြစ်များကို အထောက်အထားအကိုးအကားများဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြလေ့ရှိသည်။

ဦးဌေးအောင်သည် "ဆွေဗမာ" ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ ဦးလွန်းဖေ၏ တပည့်သားသမက်၊ ရုပ်ရှင်မင်းသား ဒါရိုက်တာအဖြစ်နှင့် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သူ၊ အမှန်အတိုင်းဝန်ခံရလျှင် ယခင်က ရုပ်ရှင်မင်းသားဌေးအောင်ဆိုသည့်နာမည် မကြားဖူးပါ။ စာရေးသူ၏ မိတ်ဆွေအပေါင်းအသင်းများကို မေးကြည့်တော့လည်း သိသူမရှိပါ။ ဦးဌေးအောင်၏ ရုပ်ရှင်ဇာတ်ဝင်ခန်းဓာတ်ပုံများကို တွေ့မှ ကိုယ့်ကိုယ်ကိုယ် အတော်ညံ့ပါလားဟု ရေရွတ်မိသည်။

ဦးဌေးအောင်ငယ်စဉ် ရုပ်ရှင်မင်းသားဘဝက ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်း၊ ရုပ်ရည်အပြစ်ပြောစရာမရှိ၊ အတော်ကြည့်ကောင်းသည်။ တွဲဖက်ရိုက်ကူးခဲ့သောသရုပ်ဆောင်များမှာလည်း ထိတ်ထိတ်ကြဲ၊ "စန်း" ဟုပဲ ဆိုရမည်လား။ တိုင်းသိပြည်သိမဖြစ်ခဲ့ပါ။ ကျော်ကြားမှုဟူသည် ကံတရားနှင့်လည်းဆိုင်သည်။ သို့သော် ရုပ်ရှင်လောကသားများအားလုံး ဆွေဗမာဦးဌေးအောင်ကို သိကြသည်။ ရုပ်ရှင်ပညာကျွမ်းကျင်သူ၊ ရုပ်ရှင်ကိုချစ်မြတ်နိုးသူ၊မြန်မာ့ရုပ်ရှင်ကို များစွာ အထောက်အကူဖြစ်စေသူဟုသိကြသည်။ ဦးဌေးအောင်သည် နာမည်ကြီးမင်းသားမဖြစ်ခဲ့သော်လည်း ထိုအချက်ကို ခံစားချက်ဖြစ်ပုံမရ။ သူ၏ ဝါသနာ၊ သူ၏ အနုပညာကိုရသမြောက်အောင်သာ ကြိုးစားပုံဖော်ခဲ့သည်။ ထင်ပေါ်ကျော်ကြားမှုသည် သူ့ဘဝအတွက် အဓိကမဟုတ် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် တာဝန်ကျေသော ချန်လှပ်ထား၍မရသော လေးစားထိုက်သူတစ်ဦး။

ဦးဌေးအောင်ကို အဘ ဦးသန်းမောင်၊ အမိ ဒေါ်အုန်းရွှေတို့က ၂၀-၂-၁၉၃၃ ရက်နေ့တွင် ပေါက်ခေါင်းမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းငါးဦးရှိသည့်အနက် အကြီးဆုံး၊ ဖခင်ကကုန်သည်လုပ်ရင်း ရုံဖန်ရုံခါ ရုပ်ရှင်ကားများကို ကန်ထရိုက်ဆွဲ၍ရုံသွင်းပြသည်။ ဦးဌေးအောင်သည် ပေါက်ခေါင်းတွင် ခုနစ်တန်းအထိ ကျောင်းနေခဲ့ပြီး ရန်ကုန်ခေတ်မီပညာ့ရိပ်သာကျောင်းသို့ ပြောင်းရွှေ့ကာ တက္ကသိုလ်ဝင်တန်းအထိ ဆက်လက်ပညာသင်ကြားခဲ့သည်။ ငယ်စဉ်က ဝါသနာအရ အင်္ဂလိပ်လက်ဝှေ့နှင့်အိန္ဒိယတုတ် ရှည်သိုင်းများ ကစားလေ့ရှိရာ ကျွမ်းကျင်သည့်အတွက် နောင်ရုပ်ရှင်ရိုက်ကူးရာတွင် များစွာအထောက်အကူ ဖြစ်စေခဲ့သည်။

လက်ဦးဆရာမှာ ဒါရိုက်တာ အကယ်ဒမီရွှေဒုံးဘီအောင်။ ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီသို့ ရောက်ရှိခဲ့ပြီး ဒါရိုက်တာ အကယ်ဒမီ ရွှေဒုံးဘီအောင် ရိုက်ကူးခဲ့သော'ဗိုလ်အောင်ဒင်' ဇာတ်ကား၏အဆက် 'သားဗိုလ်အောင်ဒင်' ဇာတ်ကားတွင် မင်းသားကျော်ဆွေ၊ မင်းသမီးမြင့်မြင့်ခင် (အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်)တို့နှင့် တွဲဖက်၍ ဇာတ်ပို့အဖြစ်ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားကို ကြည့်ဖူးသူတိုင်း SIP ကြယ်တစ်ပွင့် အရာရှိအသွင်သရုပ်ဆောင်ထားသူကို အမှတ်ရကြမည် ထင်ပါသည်။ ထိုသူမှာဦးဌေးအောင်။

၁၉၅၅ ခုနှစ်တွင် ဆွေဗမာရုပ်ရှင်ကုမ္ပဏီသို့ ရောက်ရှိကာ လခစားမင်းသားအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း ရုပ်ရှင်ခြံမန်နေဂျာ၊ ဘုတ်ကင်မန်နေဂျာ၊ စတူဒီယိုမန်နေဂျာ တာဝန်များကို ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ ပေးအပ်သော တာဝန်များကို ခေါင်းမရှောင်သည့်အတွက် ဦးဌေးအောင်၏လုပ်ဆောင်ချက်များသည် အဟောသိကံမဖြစ် အောက်သက်ကျေသူဟုဆိုရမည်။ ၁၉၅၆ ခုနှစ်တွင် ဆွေဗမာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ ဦးလွန်းဖေက သူ၏တပည့်ဖြစ်သူ ဦးဌေးအောင်သည် အစစယုံကြည်စိတ်ချရသူ၊ မျက်နှာလွှဲရသူ၊ အနုပညာအမွေကို လက်ဆင့်ကမ်း ထမ်းဆောင်နိုင်မည့်သူဟု ယုံကြည်သည့်အတွက် သမီးဖြစ်သူနှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။ ဦးလွန်းဖေ ကွယ်လွန်ပြီးနောက် ဆွေဗမာရုပ်ရှင်ကို ဦးဌေးအောင်က ဆက်လက်ဦးစီးလုပ်ဆောင်ခဲ့ရာ ဒါရိုက်တာ ဆရာဦးလွန်းဖေနှင့် သရုပ်ဆောင်ဒါရိုက်တာ ဦးဌေးအောင်တို့၏ အနုပညာအစွမ်းအစဖြင့် ဆွေဗမာရုပ်ရှင်ကုမ္ပဏီသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် လွန်စွာမျက်နှာပန်းလှခဲ့သည်။

ရုပ်ရှင်မင်းသားဌေးအောင်(ယခုဆွေဗမာဦးဌေးအောင်) ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည့် ဇာတ်ကားများကို လက်လှမ်းမီသမျှ ဖော်ပြရလျှင်-

(၁) ၁၉၅၄ ခုနှစ် ဗြိတိသျှဘားမား ရုပ်ရှင်ဒါရိုက်တာ ရွှေဒုံးဘီအောင်ရိုက်ကူးခဲ့သော "သားဗိုလ်အောင်ဒင်"၊ မင်းသား ကျော်ဆွေ၊ ဌေးအောင်၊ မင်းသမီးမြင့်မြင့်ခင်

(၂) ၁၉၅၅ ခုနှစ် စိန်မိုးရုပ်ရှင်ဒါရိုက်တာ ဦးဘဇင် "ချစ်ကိုကို" အသံတိတ်ဇာတ်ကား၊ မင်းသား ဖာတစ်လုံး ခင်မောင်(အေဝမ်း)၊ ဌေးအောင်၊

(၃) ၁၉၅၅ ခုနှစ် ရွှေမြင်းမိုရ်ရုပ်ရှင်ဒါရိုက်တာ မောင်အုန်းမောင် "ဤလူ့ဘောင်" အသံတိတ်ဇာတ်ကား၊ မင်းသားကျော်ဖေ(ယခု ရုပ်ရှင်သရုပ်ဆောင် ဒေါ်ခင်လေးဆွေ၏ ခင်ပွန်း) ဌေးအောင်၊ မင်းသမီးမေမြင့်

(၄) ၁၉၅၆ ခုနှစ် ရွှေဟင်္သာရုပ်ရှင်ဒါရိုက်တာဌေးအောင် (ထွန်းမင်းအမည်ခံ၍)၊ "လူမို့သာဖုန်းမိုရယ်" အသံထွက်ဇာတ်ကား၊ မင်းသားဇေယျ၊ ရွှေကို၊ မင်းသမီးစံရှားတင် (ယခုအကယ်ဒမီဒေါ်စံရှားတင်)

(၅) ၁၉၅၇ ခုနှစ် ဆွေဗမာရုပ်ရှင်ဒါရိုက်တာဌေးအောင် (အောင်မင်းအမည်ခံ၍) "လူရည်ချွန်"အသံထွက် ဇာတ်ကား၊ မင်းသားတင်ညွန့်၊ မင်းသမီးမာရီဆွေ

(၆) ၁၉၅၈ ခုနှစ် ဆွေဗမာရုပ်ရှင်ဒါရိုက်တာဌေးအောင် (ကျော်ဦးအမည်ခံ၍)"အကြောင်းကိုရှာသော်"အသံထွက် ဇာတ်ကား၊ မင်းသားရွှေဘ၊ မင်းသမီးတင်တင်လှ

(၇) ၁၉၅၉ ခုနှစ် ဆွေဗမာရုပ်ရှင်ဒါရိုက်တာဌေးအောင် "ယောပြန်ဘရိုန်း"အသံထွက်ဇာတ်ကား၊ မင်းသားရွှေဘ၊ မင်းသမီးခင်ပြုံးဇင်

(၈) ၁၉၅၉ ခုနှစ် ဆွေဗမာ ရုပ်ရှင်ဒါရိုက်တာဌေးအောင် "တစ်ယောက်တစ်လှည့်"မင်းသားရွှေဘ၊ ဌေးအောင်၊ မင်းသမီးတင်တင်လှ

(၉) ၁၉၇၀ ခုနှစ် ဆွေဗမာ ရုပ်ရှင်ဒါရိုက်တာဌေးအောင် "ရေကြည်တစ်ပေါက်" မင်းသားဇေယျ၊ တွံတေး သိန်းတန်၊ မင်းသမီးထားထားနွယ်

(၁၀) ၁၉၇၂ ခုနှစ် ဆွေဗမာ ရုပ်ရှင်ဒါရိုက်တာဌေးအောင် "ကျွန်တော်ပညာရှိ"၊ မင်းသား စိန်မြင့်၊ မြင့်ဖေ၊ တင်တင်နွဲ့ (အကယ်ဒမီတင်တင်နွဲ့)နှင့် လူရွှင်တော်ပေါင်းစုံ

(၁၁) ၁၉၇၆ ခုနှစ် ဆွေဗမာရုပ်ရှင်ဒါရိုက်တာဌေးအောင် "မွန်းဂျာ"၊ မင်းသားပန်ထွန်း(ကချင်တိုင်းရင်းသား)၊ မင်းသမီး တင်တင်ညို

(၁၂) ၁၉၇၉ ခုနှစ် ဆွေဗမာရုပ်ရှင်ဒါရိုက်တာဌေးအောင် "ညီမလေးငယ်ငယ်"၊ မင်းသား ခင်မောင်ချင်း၊ မင်းသမီး ခြင်းသန်းသန်းဌေး

ဆရာ၊ မိဘကဲ့သို့သော လေးစားရသော ဒါရိုက်တာ ဦးလွန်းဖေ၏ ဦးဆောင်မှုဖြင့် ဦးဌေးအောင်တွဲဖက် ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ-

(၁) ၁၉၆၁ ခုနှစ် ဒါရိုက်တာလွန်းဖေ၊ တွဲဖက်ဒါရိုက်တာဌေးအောင် "ဖိုးဝင်းတောင်သမိုင်း"၊ မင်းသားလွန်းဖေ၊ မင်းသမီးလွင်မာ

(၂) ၁၉၆၂ ခုနှစ် ဒါရိုက်တာလွန်းဖေ၊ တွဲဖက်ဒါရိုက်တာ ဌေးအောင် "ဝဏ္ဏသိင်္ဂီ"၊ မင်းသားဌေးအောင်၊ မင်းသမီး စံရှားတင်(အကယ်ဒမီစံရှားတင်)

(၃) ၁၉၆၃ ခုနှစ် ဒါရိုက်တာလွန်းဖေ၊ တွဲဖက်ဒါရိုက်တာ ဌေးအောင်၊ "မာန်တံခွန်"၊ မင်းသားရွှေဘ၊ ဌေးအောင်၊ မင်းသမီးစံရှားတင်

(၄) ၁၉၆၄ ခုနှစ် ဒါရိုက်တာလွန်းဖေ၊ တွဲဖက်ဒါရိုက်တာ ဌေးအောင်"စံရှားနှင့်ပျံလွှား"၊ မင်းသားရွှေဘ (နှစ်ကိုယ်ခွဲ) မင်းသမီးနှင်းဆီ

(၅) ၁၉၆၄ ခုနှစ် ဒါရိုက်တာလွန်းဖေ၊ တွဲဖက်ဒါရိုက်တာ ဌေးအောင်"ချစ်သူရှိသော မြို့တော်"မင်းသားဌေးအောင်၊ မင်းသမီးကြည်ကြည်ဌေး (ဝဏ္ဏကျော်ထင် အကယ်ဒမီ လေးဆုရှင် ဒေါ်ကြည်ကြည်ဌေး)

(၆) ၁၉၆၃ ခုနှစ် ဒါရိုက်တာလွန်းဖေ၊ တွဲဖက်ဒါရိုက်တာ ဌေးအောင် "သာမာဝတီ"၊ မင်းသားရာဇဝင်မင်းသား ခင်မောင်ဇင်၊ မင်းသမီးကြည်ကြည်ဌေး)

ဦးဌေးအောင်၏ အနုပညာရုပ်ရှင်မှတ်တိုင်များကို ပြန်လည်စုစည်းကြည့်လျှင် ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကား ၁၂ ကား၊ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားကိုးကား၊ တွဲဖက်ဒါရိုက်တာ အဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားခြောက်ကား၊ ဇာတ်ပို့ အဖြစ် သုံးကားရှိကြောင်း တွေ့ရှိရပါသည်။ ယခုလည်း အခါအခွင့်သင့်တိုင်း ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများတွင် ကျရာနေရာမှ ပါဝင်သရုပ်ဆောင်နေဆဲ။ ရုပ်ရှင်သည် သူ့ဘဝဟုဦးဌေးအောင် ခံယူထားသည်လားမသိ၊ ဇရာကို လှည့်မကြည့်၊ တတ်စွမ်းသည့်ဘက်မှ ရုပ်ရှင်လောကအတွက် ပံ့ပိုးထမ်းရွက်နေဆဲ၊ ယခုလက်ရှိ မြန်မာနိုင်ငံရုပ်ရှင်သမိုင်းပြတိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် အချိန်ပိုင်းပါမောက္ခ၊ Osaka, Laural Art Acadamy, Dream World, Supreme Broad Way Institude ရုပ်ရှင်သင်တန်းများနည်းပြ ၁၉၇၉ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သမျှသော ရုပ်ရှင်ကောင်စီ (ခ) ရုပ်ရှင်အစည်းအရုံးတို့၏ သရုပ်ဆောင်သင်တန်း၊ ဒါရိုက်တာသင်တန်းများနည်းပြနှင့် ကြီးကြပ်သူ၊ များပြားလှသော တာဝန်များကို ထမ်းဆောင်ရင်း မျိုးဆက်သစ်များသို့ အနုပညာအမွေများ ပေးဝေနေဆဲ. . . .။

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သာကေတအဝိုင်း၊ ၁၀၈ တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အချက်အချာကျနေရာကောင်း၊ ရောဝဏ်လမ်းမကြီးဘေး၊ မျက်နှာဝ 110'၊ အနောက် 85'၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။ (ကျပ်သိန်း **17,000**)

ဆက်သွယ်ရန်ဖုန်း - **01-246792, 246527, 09-5178979, 09-43022828, 09-420301091, 09-5504071, 09-420079424**



ယာဉ်မယ်ရာထူး မ(၂၀) အလိုရှိသည်။

လက်ရှိအောင်မြင်နေသော အဆင့်မြင့်အဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဖုန်းအမှတ်-၀၉-၄၂၀၀၇၅၉၇၄ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

၁။ ရိုးသားကြိုးစား၍ ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။
၂။ ရုပ်ရည်လှပပြေပြစ်ပြီး အသက်(၂၅)နှစ်ထက်မကြီးသူ (အမျိုးသမီး)ဖြစ်ရမည်။
၃။ အနိမ့်ဆုံးအရပ် (၅ ပေ ၂ လက်မ)ရှိပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
၄။ အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။(ဘွဲ့ရဦးစားပေးမည်။)
၅။ အခြေခံသူနာပြုသင်တန်း၊ ရှေးဦးသူနာပြုသင်တန်းဆင်းပြီးသူများ ဦးစားပေးမည်။
၆။ အဝေးပြေးကားများပေါ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

လုပ်ငန်းခွင်သင်တန်း အခမဲ့တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး အလုပ်ချိန်အတွင်း အဆောင်စီစဉ်ပေးပါမည်။ လစာကောင်းသည်။

အလုပ်ကြိုက်သူများအတွက်

ကိုယ်လုံးလှ၊ ဘောင်းဘီ၊ ဗိုက်စည်း၊ ရင်စည်း၊ ကော့ဆက်၊ ဗိုက်ချပ်စကတ်နှင့်မိခင်လောင်းဝတ် ဗိုက်စည်းပုံစံမျိုးစုံ အထူးချုပ်သည်။ နယ်မှ မှာလိုသူများ ကိုယ်တိုင်းပေးလျှင် ပို့ပေးသည်။

နေသဇင်

အမှတ်(၉)၊ နောင်ရိုးလမ်း၊ မဆလာစက်မှတ်တိုင်ဘေးလမ်း၊ သိမ်ဖြူကွင်းအနီး။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၈၅၀၂၊ ၀၉- ၇၃၀၈၄၄၉၅

မေလတွင်စတင်မည့် လေဒီဂါဂါ၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲများ

၂၀၁၁ ခုနှစ်က ဂီတဖျော်ဖြေပွဲ တစ်ဝက်တစ်ပျက်နှင့် ဖျက်သိမ်းခဲ့ရသည့် ပေါ့ပ်ဂီတကြယ်ပွင့် လေဒီဂါဂါက ဂီတဖျော်ဖြေပွဲများနှင့် အဆက်ပြတ်ခဲ့ရပြီး ယခုနှစ်အတွင်း ပြန်လည်ကျင်းပမည့် ဂီတဖျော်ဖြေပွဲများအတွက် နေ့ရက်များကို အတည်ပြုကြေညာခဲ့ပြီးဖြစ်သည်။

လေဒီဂါဂါသည် ၎င်း၏ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲများကို ယခုနှစ် မေလ ၄ ရက်တွင် မြောက်အမေရိကရှိ မြို့များမှ စတင်ကာ ကျင်းပသွားမည်ဖြစ်ပြီး ဇူလိုင်လတွင် လတ်စ်ဗီးဂတ်စ်နှင့် လော့စ်အိန်ဂျလိစ်မြို့များတွင် လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ဘာမင်ဂန်မြို့၊ ၁၇ ရက်တွင် ဒပ်ဘလင်မြို့၊ ၁၉ ရက်တွင် ဂလက်စဂိုးမြို့၊ ၂၁ ရက်တွင် မန်ချက်စတာမြို့၊ ၂၃ ရက်တွင် လန်ဒန်မြို့တို့၌ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂါဂါသည် ၂၀၁၁ ခုနှစ်က Born This Way Ball ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ ကျင်းပနေစဉ်အတွင်း တင်ပါးခွဲစိတ်ကုသမှုကြောင့် ဖျော်ဖြေပွဲ ပွဲစဉ်အချို့ ဖျက်သိမ်းခဲ့ရပြီး ယခုဖျော်ဖြေပွဲသည် ၎င်း၏ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ပထမဆုံးသော ဖျော်ဖြေပွဲတစ်ခုဖြစ်လာမည်ဖြစ်သည်။

မျိုးစန္ဒာမောင် - ရေးသားသည်

ပညာရေးနယ်ပယ်သို့ ခြေဆန့်ဖွယ်ရှိသည့်

တေးသံရှင် ဘီယွန်စေး

ကမ္ဘာ့အကျော်ကြားဆုံး ဂီတပညာရှင်များအနက် တစ်ဦးဖြစ်သည့် တေးသံရှင်ဘီယွန်စေးက အနုပညာနယ်ပယ်တွင်သာမကဘဲ ယခုအခါ ပညာသင်ကြားမှုနယ်ပယ်အထိပါ ခရီးဆန့်ဖွယ်ရှိနေသည်။

နယူးဂျာစီပြည်နယ် Rutgers တက္ကသိုလ်မှ ကမ္ဘာကျော် တေးသံရှင် ဘီယွန်စေး၏ နယ်ပယ်ကဏ္ဍစုံတွင်ရရှိခဲ့သည့် အောင်မြင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ယင်းတက္ကသိုလ်တွင် နိုင်ငံရေးပညာဘာသာရပ်သင်ကြားပို့ချပေးရန် ကမ်းလှမ်းထားကြောင်း သိရသည်။

"တေးသံရှင် ဘီယွန်စေးရဲ့ အောင်မြင်ခဲ့မှုတွေကို အရင်းတည်ပြီးတော့ အမျိုးသမီးအရေးကိစ္စတွေအတွက် အတွေ့အကြုံတွေ မျှဝေပေးဖို့စီစဉ်ခဲ့တာပါ" ဟု ယင်းတက္ကသိုလ်၏သတင်းစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ Rutgers တက္ကသိုလ်သည် အမေရိကန်ဂီတပညာရှင်တစ်ဦးဖြစ်သည့် Bruce Springsteen ၏ ခံစားချက်ကဗျာများအကြောင်း အယူအဆပိုင်းဆိုင်ရာ စာမေးပွဲစစ်ဆေးခြင်းများကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပရီမီယာလိဂ်၏ယခုနှစ်ဘောလုံးရာသီ ငွေကြေးသုံးစွဲမှု စံချိန်သစ်တင်ခဲ့

ပရီမီယာလိဂ်၏ ကစားသမားခေါ်ယူမှုဆိုင်ရာ ငွေကြေးသုံးစွဲမှုတွင် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီက ပေါင်သန်း ၉၀ ဖြင့် စံချိန်တင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဇူလိုင် ၁ ရက်မှ စတင်ခဲ့သော နွေရာသီအပြောင်းအရွှေ့မှအစပြုကာ ယခု ဇန်နဝါရီ အပြောင်းအရွှေ့ကာလအထိ ပေါင်သန်း ၇၆၀ အသုံးပြုခဲ့ခြင်းကြောင့် စံချိန်သစ်တစ်ရပ်တင်ခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ်ပြိုင်ပွဲဝင်အသင်း ၂၀ သည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ပေါင်သန်း ၁၂၀ သုံးစွဲခဲ့ပြီး ယခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့တွင်မူ ပေါင်သန်း ၁၃၀ အထိ ရှိလာခဲ့သည်။ ယင်းမှာ ပရီမီယာလိဂ်ရာသီဝက် အပြောင်းအရွှေ့ (၁၃)ကြိမ်အနက် စတုတ္ထမြောက် အများဆုံးငွေကြေးသုံးစွဲမှုလည်း ဖြစ်လာခဲ့သည်။

ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းသည် နောက်ခံကစားသမား ကာ့သ်ဇူးမားကို ပေါင် ၁၂ သန်းဖြင့်ခေါ်ယူကာ ချက်ချင်းဆိုသလိုပင် စိန့်အက်တီယန်အသင်းသို့ အငှားချခဲ့ပြီး ကွင်းလယ်ကစားသမား မာတာကို အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၇ ဒသမ ၁ သန်းဖြင့် မန်ယူအသင်းသို့ ရောင်းချခဲ့သည့်အပြင် ဘင်ဖီကာကစားသမား မက်တစ်ကို ပေါင် ၂၁ သန်းဖြင့် ဝယ်ယူခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ဂရိတိုက်စစ်မှူး မီထရိုလူးကို ပေါင် ၁၁ သန်းဖြင့် ခေါ်ယူခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းမှာမူ ယခုအပြောင်းအရွှေ့တွင် ကစားသမားသစ် ငါးဦးအထိခေါ်ယူခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် နာပိုလီ နောက်ခံလူ အာမီရိုအား ရာသီကုန်အထိ အငှားခေါ်ယူခဲ့ပြီး ဆန်းဒါးလန်းအသင်းသည် ဘရိုက်တန်ကွင်းလယ်ကစားသမား ဘရစ်ကတ်အား ပေါင်သုံးသန်းဖြင့် ခေါ်ယူစာချုပ်ခဲ့သည်။ မန်စီးတီးအသင်းမှာမူ ယခု ဇန်နဝါရီ အပြောင်းအရွှေ့တွင် ကစားသမားသစ်ခေါ်ယူရန် ရည်ရွယ်ကာ ပေါ်တိုကစားသမားနှစ်ဦးဖြစ်သည့် မန်ဂါလာနှင့် ဖာနန်ဒိုတို့ကို ပစ်မှတ်ထားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

ဖူလ်ဟမ်အသင်းအနေဖြင့် တိုက်စစ်မှူး ဘာဘာတော့ဗ်အား မိုနာကိုအသင်းသို့ အငှားချခဲ့ပြီး ဆောက်သမ်တန်အသင်းကလည်း အေ့စ်ဗဲဒိုးအား အီတလီ၏ထိပ်တန်းအသင်းဖြစ်သည့် ဂျူဗင်တပ်သို့ အငှားချခဲ့သည်။ နယူးကာဆယ်အသင်းမှာမူ ကွင်းလယ်ကစားသမားကာဘာရီအား ပေါင် ၁၉ သန်းဖြင့် ပီအက်စ်ဂျီသို့ ရောင်းချခဲ့သည်။

ဇန်နဝါရီအပြောင်းအရွှေ့၏ ငွေကြေးသုံးစွဲမှုကို ကြည့်မည်ဆိုပါက ပြင်သစ်ပထမတန်း ကလပ်အသင်းများသည် ပရီမီယာလိဂ်၏ ၄၀ ရာခိုင်နှုန်းဖြစ်သော ပေါင် ၅၂ သန်းသာ သုံးစွဲခဲ့သော်လည်း ဥရောပတွင် ပရီမီယာလိဂ်၏နောက် ဒုတိယငွေကြေးသုံးစွဲမှုအများဆုံးဖြစ်ခဲ့သည်။

အီတလီစီးရီးအေအသင်းများ၏ ငွေကြေးသုံးစွဲမှုသည် ပေါင် ၃၉ သန်း(၃၀ ရာခိုင်နှုန်း)၊ ဘွန်ဒက်လီဂါသည် ၂၀ ရာခိုင်နှုန်းစသည်ဖြင့် သုံးစွဲမှုများရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်သည် ယခုနှစ်တွင် ကစားသမား အပြောင်းအရွှေ့ဆိုင်ရာ ငွေကြေးသုံးစွဲမှုသည် အမြင့်ဆုံးသော စံချိန်သစ်တစ်ရပ်တင်ခဲ့ခြင်းဖြစ်သည်။

ငွေ
ကြယ်

အမျိုးသားလွှတ်တော်ရုံးအတွက် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမျိုးသားလွှတ်တော် Webportal ရေးဆွဲရန်နှင့် Hardware ပစ္စည်းများတင်သွင်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားလွှတ်တော်၊ e-Government လုပ်ငန်းများဆောင်ရွက်ရန်အတွက် အောက်ပါအချက်အလက်များအတိုင်း လုပ်ငန်းအပ်နှံလိုပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ် ပစ္စည်းအမျိုးအမည်	အရေအတွက်
(က) Webportal တွင် ပါဝင်မည့် Module များ	(၁) စုံ
- Content Management System	
- Document Management System	
- Member Database	
- Event / Meeting Management System	
(ခ) Security System	(၁) စုံ
(ဂ) Dell R 720 Rack Server	(၁) လုံး
(ဃ) Backup Server (Synology)	(၁) လုံး

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၂-၂၀၁၄ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် - ၁၀-၂-၂၀၁၄ ရက် (တနင်္လာနေ့)

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်
ဖုန်းနံပါတ်-၀၆၇-၅၉၁၂၆၈

ကွမ်းလုံမြို့နယ် ဖောင်ဆိပ်နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးစခန်းတွင် ဘိန်းညိုမှုန့်များ ဖမ်းဆီးနိုင်ခဲ့ပြီး လောက်ကိုင်မြို့နှင့် ဒီမောဆိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးနှင့် ခဲယမ်းများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းတွင် ကွမ်းလုံမြို့နယ် ဖောင်ဆိပ်နယ်စပ်ကုန်သွယ်ရေး တာဝန်ကျပူးပေါင်းအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးစခန်းတွင် ဘိန်းညိုမှုန့် ၁၀၆၇ ကီလိုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ကွင်းဆင်းဖော်ထုတ်မှုအရ လောက်ကိုင်မြို့နှင့် ဒီမောဆိုမြို့တို့တွင် မူးယစ်ဆေးဝါးနှင့် ခဲယမ်းများ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စောအေးနေမူးအား ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တရားခံစစ်ဆေးချက်အရ ကွင်းဆက်တရားခံ လောက်ကိုင်မြို့ ရပ်ကွက်(၃) ချိုင်ယွင်လမ်းနေ မကြာချင်း(ခ) နီလာမြင့်၏ နေအိမ်အား ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းက ရှာဖွေရာ နေအိမ်အိပ်ခန်း ခုတင်အောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆ ပြား၊ အိုက်စ် ငါးဂရမ်နှင့်ခတ်ခူး ၁ ဒသမ ၄ ဂရမ်(စုစုပေါင်း မူးယစ်ဆေးဝါး ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၅၆၈ သိန်း) တို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

တရားခံစစ်ဆေးချက်အရ ကွင်းဆက်တရားခံ ကယားပြည်နယ် ဒီမောဆိုမြို့နယ် မြလဲကျေးရွာအုပ်စု လိုခိုသာကျေးရွာရှိ ပေလာ၏ နေအိမ်အား ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၈ ရက်တွင် ရှာဖွေရာ အိမ်သာအတွင်းမှ ဘိန်းစိမ်း ၄၅ ဒသမ ၇ ကီလို၊ ဘိန်းဆီခဲ ၆ ဒသမ ၅၅ ကီလို၊ ဘိန်းရည် ၁ ဒသမ ၄ လီတာ၊ ဗီရိုအတွင်းမှ ဘိန်းညိုမှုန့် ၂၁၀ ဂရမ်၊ ဘိန်းညိုခဲ ၄၅၀ ဂရမ်(စုစုပေါင်းမူးယစ်ဆေးဝါး ကာလတန်ဖိုးငွေကျပ် ၄၉၄ ဒသမ ၆၅ သိန်း)၊ ပွိုင့် ၂၂ ကျည် ၉၅၀ တောင့်နှင့်အတူ စောအေးနေမူးကို ဖမ်းဆီးနိုင်ခဲ့သည်။

မကြာချင်းအား ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်တွင် အမျိုးသားတရားခံ တစ်ဦး၊ အမျိုးသမီးတရားခံ တစ်ဦးတို့အား သက်ဆိုင်ရာရဲစခန်းများတွင် အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံ၏အဖိုးတန်သယံဇာတဖြစ်သော သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် ပြုစုထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းစသည့်လုပ်ငန်းများသာမက သစ်တောပြုန်းတီးမှု၏ အကြောင်းရင်းတစ်ခုဖြစ်သည့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်သယ်ယူမှုများကို စဉ်ဆက်မပြတ် အလေးထားကာ ဖမ်းဆီးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဇန်နဝါရီ ၂၂ ရက်တွင် ပုသိမ်ကြီးမြို့နယ် အေးရှားဝေါ-ရဲရွာသွားလမ်းဘေး၌ ယာဉ်အမှတ် ဇ/--- HINO ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်း(ခားရွေ) ၄ ဒသမ ၀၉၉၆ တန်၊ ထော်လာဂျီအမှတ် ၉၄/--- ပေါ်မှ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၉၁၆၂ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး တရားခံများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရန်နှင့် ဇန်နဝါရီ ၂၆ ရက်တွင် ၎င်းနေရာအနီးရှိ အေသုံးလုံး ဘိလပ်မြေစက်ရုံအဝင်ပေါက်နေရာ၌ ယာဉ်အမှတ် 3C/-- (Nissan Diesel) ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တရားမဝင် တမလန်းသစ် ၂ဒသမ ၂၂၇ တန်အား ယာဉ်နောက်လိုက် ဦးအိုက်ငဲနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား သစ်တော ဥပဒေပုဒ်မ ၄၂(ခ) အရလည်းကောင်း တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်တွင် သစ်တောဦးစီးရုံးချုပ် စစ်ဆေးရေးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သောဝန်ထမ်းများနှင့် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ၏ အရှေ့မြောက်ဘက်တွင် တရားမဝင် ရုံးသစ်သုည ဒသမ ၁၅၂၀ တန်၊ ဂျင်ဒေါင်း မြင်းကောင်ရေ ၂၅ အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည်။

ဇန်နဝါရီ ၂၈ ရက်တွင် အင်းစိန်၊ လှည်းကူးနှင့်သယ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနများမှ ဦးစီးအရာရှိ သုံးဦး ဦးဆောင်သောအဖွဲ့သည် အမှတ် (၃) လမ်းဆုံ ဌာနပေါင်းစုံစစ်ဆေးရေးစခန်းမှ ရဲဝန်ထမ်းများ၏သတင်းပေးချက်အရ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းလျက် မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်း Tiger ဘီယာစက်ရုံအနီးတွင် ယာဉ်အမှတ် ၄၀/--- Fuso မှန်လုံယာဉ်တစ်စီးပေါ်၌ တရားမဝင် ကျွန်းခွဲသား၊ ပါကေးနှင့်ခုတင်ပေါင်များ စုစုပေါင်း ၅ ဒသမ ၅၉၆၆ တန်ကို တရားခံသုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ဆက်စပ်တရားခံ လေးဦးအား ဖော်ထုတ်ပြီး သစ်တောဥပဒေပုဒ်မ ၄၃(က) အရ ထောက်ကြန့်ရဲစခန်းတွင် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာငှားသည့်ကိစ္စဖြင့် ညီအစ်ကိုချင်း ဓားဖြင့်ခုတ်

နေပြည်တော် ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လှေ့ဝန်းကျေးရွာနေ ထွန်းဝေ (၅၂) နှစ်နှင့် လှသိန်းဝင်း (၃၇) နှစ် ညီအစ်ကိုနှစ်ဦးသည် ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီ ခန့်တွင် ယာအငှားချသည့်ကိစ္စနှင့် ပတ်သက်၍ ငွေကျပ် ၃၀၀၀၀၀ တောင်းရာမှ စကားများ၍ ခိုက်ရန်ဖြစ်ပွားခဲ့သည်။ ထိုသို့ စကားများ၍ ခိုက်ရန်ဖြစ်ပွားစဉ် လှသိန်းဝင်းက အရိုးအသွား တစ်တောင်ထွာခန့် ဖြက်နှစ်လက်မခန့်ရှိ ဓားမဖြင့် ခုတ်သောကြောင့် ထွန်းဝေ၏ ဦးခေါင်း ယာဘက်ချိုစောင်းတွင် လေးလက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲတံတောင်ဆစ် ပွန်းပဲ့ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သောကြောင့် လှသိန်းဝင်းအား ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မော်တော်ယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်ရှောင်စဉ် ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ရွာနေ အောင်ကျော်ဌေး (၄၄) နှစ်သည် ရီလင်း ၁၁၀ ဆိုင်ကယ်ဖြင့် ဇန်နဝါရီ ၃၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ဘုန်းတော်ပြည့်ရွာမှ နတ်မောက်မြို့သို့ မောင်းနှင်လာစဉ် နတ်မောက်-မြို့သစ် ကားလမ်း မိုင်တိုင်အမှတ် (၂၇/၂-၃) ကြား အရောက်တွင် နတ်မောက်မြို့တွင်းမှ မြို့သစ်ဘက်သို့ မိတ္ထီလာမြို့နေ သီဟအောင်(ခ) မင်းမင်း (၄၀) နှစ် မောင်းနှင်လာသည့် ဇ/----တီအီးဟီးနိုး ခြောက်ဘီးအပြာရောင်ယာဉ်နှင့် မျက်နှာချင်းဆိုင်ရှောင်တိမ်းခဲ့သည်။ ထိုသို့ ရှောင်တိမ်းစဉ် မော်တော်ယာဉ်၏ နောက် ဝဲဘက် ကိုယ်ထည်အောက်ခြေရှိ သံငုတ်နှင့် ဆိုင်ကယ်မောင်းနှင်သူ အောင်ကျော်ဌေး၏ အင်္ကျီချိတ်မိကာ ကားနောက်သို့ ပေ ၅၀ ခန့်အထိ ချိတ်ပါသွားခဲ့သဖြင့် အောင်ကျော်ဌေးတွင် ဝဲပခုံး၊ ဝဲ၊ ယာဒူးခေါင်း၊ ဝဲလက် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ သီဟအောင်အား နတ်မောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်
ကာကွယ်ရေးဦးစီးချုပ်(လေ)- ဒေါ်အေးအေးသန်းတို့၏ သားလတ်
မောင်အေးချမ်းအောင် B.Sc (Maths:)
(A 5 Purified Drinking Water)
နှင့်
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဝန်ကြီးများအိမ်ရာ၊ အိမ်အမှတ်(၈)နေ
ဗိုလ်မှူးကြီးသက်ထွန်း(ဝန်ကြီး-ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်
နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်စန်းစန်းညွန့်တို့၏သမီးကြီး
မဖြူသီဟန် (LL.B)

တို့၏ ၁-၂-၂၀၁၄ ရက် (စနေနေ့) မန္တလေး Sedona Hotel (Amarapura Ballroom)တွင် ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညိုစောနှင့် ဇနီး၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဧည့်သည်တော်များ၊ အထက(၈)နှင့် အထက(၁၃)မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ တပ်မတော်(လေ)မှ မိသားစုများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်မြင့်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးအောင်ကျော်မိုး (ဝန်ကြီး-မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန)နှင့် သုဓမ္မဇောတိကဓဇ ဦးအောင်နိုင်ဆွေ(သီရိရွှေစင်ရွှေဆိုင်)တို့အားလည်းကောင်း၊ Silk & Style မှ မစုမြတ်၊ ဒီဇိုင်နာ ကိုတင်မောင်ခိုင်၊ မိတ်ကပ်ဘိုဘိုနီ(မိုးကုတ်)၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးစိုးမိုးအောင်-ဒေါ်နွယ်နီသိန်း၊ ပန်းအလှဆင် မယ်ကင်း၊ မင်္ဂလာဖိတ်စာ Dagon Printing (ရန်ကုန်)၊ နိုင်ငံကျော် စောင်း(သမီး)မူမူသိန်း၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးပါသော Emperror အဖွဲ့၊ မန္တလေးရွှေနဂါးဖိနပ်၊ ဒီဇိုင်နာ ကိုတင်ထူးအောင်၊ ဧည့်ခံကျွေးမွေးပေးပါသော Sedona Hotel မှ မန်နေဂျာ၊ ဝန်ထမ်းများနှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အေးချမ်းအောင်-မဖြူသီဟန်

နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေကြီး ဦးခင်မောင်လူ
စီမံထူးချွန်(တတိယဆင့်)၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊
မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန၊
ချစ်မေကြီး ဒေါ်ဖြူဖြူရွှေ (အထက်တန်းပြ)၊ အထက(၃) မြောက်ဒဂုံ

ပုလဲရတုတိုင်၊ တွဲလက်ခိုင်မြဲ ကြင်နာဖွဲ့ဖြင့်၊ ဖေးမတွဲထား နေနဲ့လမင်း၊ ပမာခြင်းသို့ သမီးနှင့်သား၊ အချစ်များဖြင့် နူးညံ့ရင်ထွေး၊ နွေးဓာတ်ပေးသည့် ဖေကြီးမေကြီး ပုလဲရတုမှ၊ မြေး မြစ် ရထိ သက်များရာကျော် ရှည်ပါစေ နေ့ရက်တိုင်းမှာ ပျော်ပါစေ။

ချစ်သမီးကြီး - ဗိုလ်ကြီး သန့်ဇော်ဦး-မအေးအိအိသိမ့်
(မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန)
ချစ်သားငယ် - ကိုဇေယျာဝင်းလူ(ခေတ္တ-စင်ကာပူ)-မထက်ထက်စိုး
ချစ်မြေးလေး - ခန့်ဇေယျာထက်လူ(ခန့်ခန့်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ကျော်ဦး နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/သလန(နိုင်)၀၀၁၀၄၄]၏ သွင်းကုန်လိုင်စင်အမှတ်-IL6 13-14 3011 (25-10-2013)၊ သွင်းကုန်လိုင်စင်အမှတ်-IL6 13-14 2076(22-8-2013)၊ သွင်းကုန်လိုင်စင်အမှတ်- IL6 13-14 1153 (18-6-2013)၊ သွင်းကုန်လိုင်စင်အမှတ်-IL6 13-14 3739(22-1-2014)၊ သွင်းကုန်ကြေညာလွှာအမှတ်- 154279 (29-10-2013)၊ သွင်းကုန်ကြေညာလွှာအမှတ်-142298 (12-9-2013)၊ သွင်းကုန်ကြေညာလွှာအမှတ်-122677 (12-11-2013) စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပေးပို့ပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်- ဖုန်း- ၀၉-၅၁၉၅၆၆၅

ယခုနှစ်တွင် ချေးငွေများ ခွဲဝေထုတ်ချေးပေးသွားမည်

၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ခွဲဝေထုတ်ချေးမည်

တောင်ကြီး၊ ဖေဖော်ဝါရီ ၁

အသေးစား ချေးငွေလုပ်ငန်းနှင့် စက်မှုလက်မှုအသင်းတို့ ချိတ်ဆက်ဆောင်ရွက်ထားပြီး ၂၀၁၄ ခုနှစ်တွင် ချေးငွေများ ခွဲဝေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သော ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားမြှင့်တင်ရေး အခမ်းအနား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် တောင်ကြီးမြို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အခမ်းအနားကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပရိုဂျက်တာဖြင့် ရှင်းပြသည်။

"ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှာ အားလုံးဝိုင်းဝန်းဆောင်ရွက်မှသာလျှင် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး အောင်မြင်လာမှာ ဖြစ်ပါတယ်။ အသေးစားချေးငွေလုပ်ငန်းနဲ့ စက်မှုလက်မှုအသင်းတို့နဲ့ ချိတ်ဆက်ဆောင်ရွက်ထားရှိပြီး ၂၀၁၄ ခုနှစ်မှာ ချေးငွေများ ခွဲဝေထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ ဒါမှသာလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးစတဲ့ လုပ်ငန်းရှင်တွေ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်မှ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် အခမ်းအနားကျင်းပမည့် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ပြုလုပ်မည့် အစီအစဉ်စီမံချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးနှင့် ပြည်နယ်ဝန်ကြီးများက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍအသီးသီးအလိုက် ဆွေးနွေးတင်ပြရှင်းလင်းကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် အခမ်းအနားကျင်းပမည့် အဝေရာမီးပုံးပျံ ကွင်းအတွင်းတည်ဆောက်ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ အဝေရာမီးပုံးပျံကွင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ဓာတ်ပုံ - အင်းသားလေး (တောင်ကြီး)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီး ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် သမဝါယမ ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

အင်းသားလေး(တောင်ကြီး)

မိုင်းဆတ်၌ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်၊ ရေအားလျှပ်စစ်နှင့် ဈေးသစ်ကြီးဖွင့်

မိုင်းဆတ်၊ ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းတောင် တောင်ပေါ်ကျေးရွာအုပ်စု၊ ပူနားကိုကျေးရွာတွင် နော်ရှဲလားဟူ စက်သုံးဆီအရောင်းဆိုင်၊ ရေအားလျှပ်စစ်စက်ရုံနှင့် ပုဂ္ဂလိကဈေးသစ်ကြီး ကို ဇန်နဝါရီ ၂၉ ရက်တွင် အသီးသီးဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပုဂ္ဂလိကဈေးသစ်ကြီးတွင် ဈေးရုံခုနစ်ရုံ၊ ဈေးဆိုင်ခန်းပေါင်း ၁၀၂ ခန်း၊ ဈေးရုံးခန်းတစ်ခန်းနှင့် ဈေးခန်းမဆောင် တစ်ခုတို့ ပါရှိမည်ဖြစ်ကြောင်းသိရသည်။

အိမ်ထောင်စု ၉၀၀ နှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များအပြင် . . .

အလားတူ တစ်နေ့တည်းတွင် ဖွင့်လှစ်လိုက်သော ၅၀၀ ကီလိုဝပ် စက်နှစ်လုံးဖြင့် လည်ပတ်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံသည် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု၊ စတုံကျေးရွာအုပ်စု၊ မိုင်းတွမ်းမြေပြန့်ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၉၀၀ နှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များအပြင် အလတ်စားစက်မှုလက်မှုလုပ်ငန်းများအတွက်ပါ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

စက်သုံးဆီ အရောင်းဆိုင်ကို လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလှရှဲန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဘ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နိုင်ဦးက ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ရေအားလျှပ်စစ်စက်ရုံကို ရှမ်းပြည်နယ်၊ ပြည်နယ်အထွေထွေ ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ခဲ့ပေးကြောင်း၊ ဈေးသစ်ကြီးကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)

သတင်းတို

အာစရိယပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ သောင်ကြီးကျေးရွာအုပ်စု တက်ဆိပ်ကျေးရွာ အလက(ခွဲ)တွင် ဇန်နဝါရီ ၃၀ ရက်က အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၂၉ ဦးတို့အား ဆုချီးမြှင့်ခဲ့သည်။

မင်းဇော်ဦး(ရေကြည်)

မင်းကုန်းတွင် သန်းခေါင်စာရင်းဆိုင်ရာ ဟောပြော

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မအူလေးပင် ကျေးရွာတွင် ဇန်နဝါရီ ၃၀ ရက်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများဆိုင်ရာ ပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာဝိုင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **ဥတ္တရခရိုင်(ပြန်/ဆက်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းတံတား၊ စာသင်ကျောင်းတည်ဆောက်ခြင်းလုပ်ငန်းများအား ဇန်နဝါရီ ၂၈ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းခေါင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးခဲ့သည်။

ချင်းတွင်းသား(ပြန်/ဆက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့အဆင်ပြေစွာ ရထားအသုံးပြုစီးနင်းနိုင်ရေးအတွက် မြန်မာ့မီးရထားရှိအဆင့်မြင့် Blue Train တွဲဆိုင်းပါ လူစီးတွဲများဖြင့် စင်းလုံးငှားအသုံးပြုလိုသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် စားသောက်တွဲလုပ်ငန်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

(၁) မြန်မာ့မီးရထားသည် ရှိရင်းစွဲ စက်ခေါင်းနှင့်လူစီးတွဲများအား အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့်ကမ္ဘာလှည့်ခရီးသည်များစိတ်ချမ်းမြေ့အဆင်ပြေစွာသွားလာနိုင်ရေးတို့ကို ရည်ရွယ်လျက် အဆင့်မြင့် Blue Train တွဲဆိုင်းကိုဆောင်ရွက်ထားရှိပါသည်။

(၂) အဆိုပါတွဲဆိုင်းတွင်ခရီးသည်(၁၂)ဦးအသုံးပြုနိုင်သည့် အိပ်စင်ရိုးရိုး(၁)တွဲတွင်တစ်ယောက်အိပ်စင်ပါ(၈)ခန်း၊နှစ်ယောက်အိပ်စင်ပါ(၂)ခန်း၊ တစ်တွဲလျှင်ခရီးသည်(၁၆)ဦးစီအသုံးပြုနိုင်သည့် အိပ်စင်အထူး(၃)တွဲတွင် နှစ်ယောက်အိပ်စင်ပါ(၈)ခန်းစီ၊ အစည်းအဝေးသဘောမျိုးပြုလုပ်နိုင်သည့် ထိုင်ခုံ(၁၂)ခုံပါ(၁)တွဲ၊တစ်တွဲလျှင် ခရီးသည်(၂၈)ဦးတစ်ပြိုင်တည်းစားသောက်နိုင်သည့် စားသောက်တွဲ(၃)တွဲ၊ ခရီးသည်(၅၂)ဦးထိုင်နိုင်သည့် အထက်တန်း(ထိုင်ခုံ)(၁)တွဲ၊ စုစုပေါင်း(၉)တွဲကို ဆောင်ရွက်ထားရှိပါသည်။

(၃) အဆိုပါ Blue Train ပါတွဲဆိုင်းမှ တွဲအားလုံးကိုလည်းကောင်း၊ အသုံးပြုလိုသည့် တွဲအစိတ်အပိုင်းအလိုက်ကိုလည်းကောင်း၊ ပုဂံ-ကျောက်ပန်းတောင်း၊ မော်လမြိုင်-သံဖြူဇရပ်နှင့် မန္တလေး-ပုဂံခရီးစဉ်အပြင် မိမိတို့ဆောင်ရွက်လိုသည့် ခရီးစဉ်များတွင် စင်းလုံးငှားစနစ်(သို့မဟုတ်)အစိတ်အပိုင်းအလိုက်ဖြင့် အသုံးပြုလိုသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် တွဲဆိုင်းတွင်ပါရှိသော စားသောက်တွဲ၌ စားသောက်တွဲလုပ်ငန်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များထံမှ အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

(၄) စင်းလုံးငှားရမ်းခြင်းစိတ်ဝင်စားသည့်ကုမ္ပဏီများ၊ ခရီးစဉ်ကြော်ငြာရောင်းချလိုသည့် ကုမ္ပဏီများအနေဖြင့် တွဲဆိုင်းကို အသေးစိတ်ကြည့်ရှုလိုပါက လူစီးတွဲနှင့်ကုန်တွဲပြင်စက်ရုံ၊မြစ်ငယ်မြို့၊ မန္တလေးတိုင်းဒေသကြီး၌ သွားရောက်လေ့လာကြည့်ရှုခြင်း၊ အထွေထွေမန်နေဂျာ၊ (စက်ရုံ/မြစ်ငယ်)ထံမှ တွဲပိုင်းဆိုင်ရာအချက်အလက်များရယူလေ့လာခြင်း ဆောင်ရွက်နိုင်ပါသည်။

(၅) စိတ်ဝင်စားသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ/ လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်လိုသည့် အသေးစိတ်အဆိုပြုလွှာများကို မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးထံ ၁၄-၂-၂၀၁၄ ရက် အရောက်တင်ပြနိုင်ပါကြောင်းနှင့်ကုမ္ပဏီများ၏အဆိုပြုလွှာများအပေါ် အခြေခံ၍ စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်ကာသတင်းစာ၌ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းလိုသော ခရီးသွားလုပ်ငန်းကုမ္ပဏီ/လုပ်ငန်းရှင်များအား မြန်မာ့မီးရထားမှ ဖိတ်ခေါ်အပ်ပါသည်။

(၆) အသေးစိတ်သိရှိလိုပါက ခေတ္တအထွေထွေမန်နေဂျာ(စီးပွားရေး) ဖုန်း-၀၆၇-၇၇၀၈၁၊ အထွေထွေမန်နေဂျာ(စက်ရုံ/မြစ်ငယ်)ဖုန်း-၀၂-၅၅၀၉၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့မီးရထား

ဆောက်လုပ်ရေးဝန်ကြီးဌာန အများပြည်သူသို့အသိပေးခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ၂၀၁၄-၁၅ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား တစ်ဖက်လျှင်(၁၄ပေ) ချဲ့ခြင်းလုပ်ငန်းစီမံချက်လုံးဝ(လုံးဝ) မရှိပါကြောင်း အသိပေးအပ်ပါသည်။

၂။ ပြည်ပအကူအညီများရရှိ၍ အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်ရှိလာပါက အများပြည်သူသို့တရားဝင်ကြေညာ၍ သတင်းစာများမှ အိတ်ဖွင့်တင်ဒါများခေါ်ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ယခုဖြစ်ပေါ်နေသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တိုးချဲ့ခြင်းနှင့် ပတ်သက်သည့်ကောလဟာလသတင်းများကို မယုံကြည်ကြပါရန် သတိပေးအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)အတွက် အောက်ဖော်ပြပါပစ္စည်း (၁)မျိုးအား CIF(Yangon)နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ(U.S .Dollor)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Steel Round Bar 8620H(Assorted Size)	29.88Tons	06/No(1)HIE/2013-2014/RM

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ(Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၅-၂-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁၉-၂-၂၀၁၄ ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ်(၃၀)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄



ပညာရေးပြုပြင်ပြောင်းလဲမှု အလုပ်ရုံဆွေးနွေးပွဲ မော်လမြိုင်ကျွန်းမြို့နယ်၌ ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁

မြန်မာ့ပညာရေး အဆင့်အတန်း မြင့်မားစေရေးအတွက် ပညာရေး ပြုပြင်ပြောင်းလဲမှု အလုပ်ရုံဆွေးနွေး ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ မင်းကျောင်း အခြေခံပညာ မူလတန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ယင်းပညာရေး ပြုပြင်ပြောင်းလဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးမှူး၊ ဒုတိယ မြို့နယ် ပညာရေးမှူးနှင့် လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အတွင်း ရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ လက်ထောက်ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်း **(အပေါ်ပုံ)**က ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာများကို အမှာစကားပြောကြားပြီး ဒုတိယမြို့နယ် ပညာရေးမှူး ဦးဘိုဂီနှင့် လက်ထောက် မြို့နယ်ပညာရေးမှူးများက အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားပညာရေး၊ ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေး၊ ဘုန်းတော်ကြီးသင် ပညာရေး၊ မူကြိုပညာရေး၊ အဆင့်မြင့် ပညာရေး၊ နည်းပညာနှင့် သက်မွေး ပညာရေးများနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာများကို အခန်းကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပညာရေးပြုပြင်ပြောင်းလဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မြန်မာ့ ပညာရေးအဆင့်အတန်း မြင့်မားရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြကြရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ဖြေကြားကြကြောင်း သိရသည်။

(၃၆၄)

အာစရိယပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၂၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၉ ရက်က အထက(၂) ဒဂုံမြို့နယ်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကန်တော့ခံဆရာကြီး ဆရာမကြီး ၁၆၂ ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ကြသည်။

ကျောင်းသားဟောင်းများက ဂါရဝပြုလက်ဆောင် ပစ္စည်းများပေးအပ်လှူဒါန်းပြီး **(ယာပုံ)** ဆရာကြီးတစ်ဦးက သြဝါဒစကား ပြောကြားခဲ့သည်။ **(ခင်မောင်ဝင်း)**

အကျပ်အတည်းဟူသည် မရှန်းသာ မရွှံ့သာ ဘေးကျပ်နံကျပ် မွန်းကျပ်မှု၏သင်္ကေတ။ တစ်နည်းလူသားတို့၏ စွမ်းရည်ကို မှတ်ကျောက်တင်ပေးသည့် လောကဖြစ်စဉ်တစ်ခု။ **“ပူပြင်းသောနေရောင်ခြည်သည် နို့မလိုင်များကို ပုပ်သိုးစေသော်လည်း တချို့သောသစ်သီးဝလံများကိုကား ရနံ့မွှေးကြိုင် ရင့်မှည့်စေသည်”** ဆိုစကားကဲ့သို့ လောကခံကြားမှာ စိတ်ဓာတ်ကြံ့ခိုင်သူနှင့် ပျော့ညံ့သူကို ကွဲပြားသိသာစေသော စည်းတံတိုင်းတစ်ခုလည်းဖြစ်ပါသည်။

အကျပ်အတည်း

အောင်ကျော်ညို(ဆင်ချဆိပ်)

လူတစ်ဦး၊ လူတစ်စုမှသည် အဖွဲ့အစည်းတစ်ရပ် နိုင်ငံတစ်ခုအထိ ပြဿနာအခက်အခဲ အကျပ်အတည်း ဟူသည် ရှိစမြဲပါ။ သို့သော် ထိုထိုသော အကျပ်အတည်း တိုင်းတွင်လည်း ထွက်ပေါက်လမ်းစ ပါရှိတတ်စမြဲဖြစ်ပါ သည်။ ပြဿနာအကျပ်အတည်းတစ်ရပ်ကို ဖြေရှင်း ရာတွင် အောင်မြင်မှု၊ ကျဆုံးမှုဟူသည် အကြင်ပုဂ္ဂိုလ်၏ စွမ်းရည်အနိမ့်အမြင့်က အဆုံးအဖြတ် ပြုသွားတတ်ပါ သည်။

တချို့အကျပ်အတည်းတစ်ခုခုနှင့် ကြုံလာချိန် ဂနာမငြိမ်ပျာယာခတ်လျက် လက်မကိုင်မိ၊ ခြေမကိုင်မိ နှင့် အိုးနင်းခွက်နင်း လမ်းစပျောက်ဖြစ်နေတတ်ကြသည်။ ပြဿနာနှင့် ရင်ဆိုင်တွေ့ရှုံ့ပဲရှိသေးသည် လက်မြှောက် အရှုံးပေးတတ်သူများ၊ ဘဝတန်ဖိုးနှင့်သိက္ခာကို မြေကြီး ပေါ် ချနင်း ကြွန္ဓေမဲ့လွန်းသူများလည်း ရှိနေတတ်ကြ သည်။

“လိုလျှင်ကြံဆ နည်းလမ်းရ” လက်သုံးစကားအတိုင်း တချို့ပြဿနာများကို ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ခွန် ကိုယ့်အားနှင့် ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ကြိုးစားသူများလည်း ရှိကြသည်။ စိတ်ဓာတ်စွမ်းရည်မြင့်မားကြလည်း ဉာဏ် အသိ အခြေမခိုင်သောအခါ အကျပ်အတည်း၏ သူ့အလိုလိုအဆုံးအဖြတ်ပေးသွားတတ်သည့် ပြဿနာများ လည်းရှိပါသည်။ စိတ်ရှည်သည်းခံစောင့်စားနေပေးလိုက် ရုံနှင့် ကိစ္စဟူသမျှ ပြီးမြောက်သွားနိုင်ပါသည်။

တချို့သောအကျပ်အတည်းများကို အချိန်တို အတွင်း ရုန်းကန်လှုပ်ရှားကျော်လွှားသွားကြရသည် များလည်း ရှိတတ်ပါသည်။ အရာရာတွင် ဉာဏ်လျှင် ရှေ့သွားပြုလျက် ကံသုံးပါးကို ဟန်ချက်ညီ လှုပ်ရှားနိုင် ကြသူများသည်သာ ထိုထိုသော အကျပ်အတည်းများမှ လွန်မြောက်နိုင်ပါသည်။ ဥပမာ“ဂဏ်မြစ်က ငါးသုံးကောင်”။ ငယ်ငယ်တုန်းက သင်ခဲ့ဖူးသည့် ပုံပြင်လေးတစ်ပုဒ်။ တံငါ လှေဝမ်းထဲ ဖမ်းမိထားချိန် သေရတော့မည်ကို သိ၍ တစ်ကောင်သော ငါးမှာ လွတ်မြောက်လိုဇောနှင့် တဖျပ်ဖျပ်ခုန် မရပ်မနားရှိနေသည်။ တံငါသည် မျက်စိ နောက်၍ တက်ပြားစာမိ သေပွဲဝင်ရသည်။ တစ်ကောင် သော ငါးမှာကား မလှုပ်မရှား ငြိမ်ကုပ်လျက်။ ကံသာလျှင် အမိ ကံသာလျှင်အဖ သေမည်ရှင်မည်ဆိုသည်မှာ ကံ၏ အဆုံးအဖြတ်သာဖြစ်သည်ဟု ခံယူကာ ငြိမ်သက် နေခြင်း။ နောက်ဆုံးငါးကား ဉာဏ်သမား။ လှိုင်းကြောင့် လူးလွန့်နေသော လှေ၏အခြေအနေကို စောင့်ကြည့်ရင်း လှေတစ်ဖက်သို့ စောင်းသွားချိန် အခြေအနေပေးလာ

အရာရာတွင် ဉာဏ်လျှင် ရှေ့သွားပြုလျက် ကံသုံးပါးကို ဟန်ချက်ညီ လှုပ်ရှားနိုင်ကြသူများသည်သာ ထိုထိုသော အကျပ်အတည်းများမှ လွန်မြောက်နိုင် . . . .

ထွက်ပေါက်ကို မမြင်တွေ့နိုင် ဖြစ်နေတတ်ကြသည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်များသည် ပြဿနာများမှ လက်မြှောက်အရှုံးပေး နောက်ဆုတ်သွားတတ်ကြသူများ မဟုတ်ကြ။ လောကခံကို ကြံ့ကြံ့ခံရင်း အကျပ်အတည်း ကြားမှာ ရုန်းကန်လှုပ်ရှားရင်း ဆက်လက်ရှင်သန်နေနိုင် ကြသူများ။

လူနည်းစုသည်သာ ပြဿနာအကျပ်အတည်းနှင့် ကြုံလာချိန် တည်တည်ငြိမ်ငြိမ် ရှိနေတတ်ကြသည်။ ဖြေရှင်းရမည့် အချိန်အခါနှင့် အခြေအနေကိုလည်း ပိုင်းခြားဝေဖန်သိနိုင်စွမ်းကြသည်။ လတ်တလောမှာ ချက်ချင်းလက်ငင်းဖြေရှင်းရမည့် ပြဿနာ၊ အချိန်ယူရ မည့် အကျပ်အတည်းဟူ၍ ခွဲခြားကွဲပြားသိနိုင်စွမ်း ကြသည်။ ဥပမာ ပုံပြင်ထဲက ဖားနှင့် ငါးလို အချိန်က သည်နှင့် ရှိသမျှခွန်အားကို စိုက်ထုတ်၍ လှေဝမ်းထဲမှ ခုန်ထွက်လိုက်သည်။ တစ်ချက်တည်းနှင့် လှေနှင့် ဝေးရာ မြစ်ပြင်ကျယ်ထဲရောက်ရှိ လွတ်မြောက်သွားရသည်။

ပုံပြင်ထဲမှ ငါးသုံးကောင်တွင် ဝီရိယထူသောငါး၊ အတိတ်ကံကို ယုံသောငါး။ ဤငါးနှစ်ကောင်သည် ဉာဏ်မကူ၍ မရှုမလှ သေပွဲဝင်ရသည်။ ဉာဏ်သမား ငါးသည်သာ ကံနှင့် ဝီရိယကို အချိန်နှင့်တစ်ပြေးညီ စုစည်းအသုံးချတတ်၍ သေဘေးမှ လွတ်မြောက်ခဲ့ရ သည်။

ကံဉာဏ်ဝီရိယ ပေါင်းစုအားသည်သာ လူသားများ အားလုံးအတွက် အန္တရာယ်ကြားမှ လွန်မြောက်စေကာ အရေးကြုံက သက်လုံကောင်းစေမည့် အဆောင်ကောင်း တစ်ရပ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၁။	ဆက်တီ	၆စုံ
၂။	အရာရှိစားပွဲ(၅'×၃'×၂'၆")	၈လုံး
၃။	လက်တင်ပါကုလားထိုင်	၈လုံး
၄။	စာရေးစားပွဲ (၃'၈"×၂'၄"×၂'၆")	၁၅လုံး
၅။	လက်တင်မဲ့ကုလားထိုင်	၁၅လုံး
၆။	သံဘီရို	၈လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ဖုန်းနံပါတ် ၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၉တို့တွင် လာရောက် စုံစမ်းဝယ်ယူ နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့.

ရောင်းရန်ရှိ

၁။ ရန်ကင်း ၁၅ ရပ်ကွက်၊ ဘောက်ထော်-မြေ ၄၅'×၉၀'၊ ၂၄'×၄၀'၊ နှစ်ထပ်တိုက်၊ 2/MBR- ရိုးရိုး ၂ခန်း၊ ဧည့်ခန်း ၂၊ 440-Power၊ ရိုးရိုးမီတာ၁၊ 4/AC ကြိုးဖုန်း ၁လုံး၊ ကားဂိုဒေါင်၊ ရေကူးကန် ၁၊ အုတ်တံတိုင်းခတ်၊ ဆိတ်ငြိမ်ရပ်၊ ဂရန် အမည်ပေါက်

၂။ ဒေါပုံ-ယမုံနာလမ်းမကြီး၊ ဇေယျာသီရိ Lကွက်၊ 25'×50'၊ နှစ်ထပ်တိုက် လုပ်ငန်းသုံး 440P၊ ရိုးရိုးမီတာ ၂ လုံး၊ 1/AC ကြိုးဖုန်း ၁လုံး သစ်ခွဲစက်ပါ၊ ဂရန်အမည်ပေါက်၊ **ဆက်သွယ်ရန်ဖုန်း-၀၁-၅၅၂၆၀၆၊ ၀၉-၇၃၀၅၂၆၇၂**

ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ထားဝယ်အသင်း၏ (၈၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက် (တနင်္ဂနွေနေ့)၊ နံနက် (၈) နာရီတွင် ဗဟန်းမြို့နယ်၊ ကန်တော်ကြီးဝင်း၊ မဟာမြိုင်ကျွန်းရှိ Western Park Royal ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း**

ကန့်ကွက်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်းပေါ်ရှိ ယခုမြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ယခင် (လေးဒေါင့်ကန်ရပ်ကွက်)၊ မြေကွက်အမှတ် (၄/ည၇၊ ၄/ည၁၇)ပေါ်ရှိအိမ်ကွက်အမှတ် (၃၈၊ ၃၉၊ ၄၀) မြေကွက်တို့အား ၁၉၆၀ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် ကျွန်တော်၏ဖခင်ဖြစ်သူ ဦးအောင်မြင့်သည် မူလပိုင်ရှင် ဒေါ်ညွန့်မေထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်များအား ကျွန်ုပ်၏ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ အစိုးရရုံးဌာနအသီးသီးတွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းနှင့် အထူးဂရန်ပြုလုပ်ခြင်းတို့အား လုပ်ဆောင်ခြင်းတို့ကို ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဦးလွင်
[၁၂/အလန(နိုင်)၀၁၉၈၆၃]

အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတောလမ်း၊အမှတ်(၆၅၆)နေ ဦးစံမြင့်[၁၀/သထန(နိုင်) ၀၄၈၇၉၉] ဒေါ်စန်းစန်းဝေ(TTN-၁၁၉၃၉၅)တို့၏သမီးဖြစ်သူ မသီသီအောင်[၁၀/သထန(နိုင်) ၁၅၉၉၄၅]သည် မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ **ဦးစံမြင့်-ဒေါ်စန်းစန်းဝေ**

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄၄နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ ဇာရီမှုအမှတ်-၄

ဒေါ်ခင်ခင်သက် (ကွယ်လွန်သူ ဒေါ်သောင်းရင်၏ တရားဝင်ကိုယ်စားလှယ်)	နှင့်	၁။ဒေါ်တင်တင်ဝင်း (၎င်းကိုယ်တိုင်နှင့်ကွယ်လွန်သူ ဦးပြုံးရွှေ(ခ)ဦးညီညီဇော်၏ တရားဝင် ကိုယ်စားလှယ်) ၂။ဦးကျော်မြင့်
တရားနိုင်		**တရားရှုံးများ**

၁။ ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊တိုက်-၈၊အခန်း-၁၀နေ(၂) တရားရှုံး ဦးကျော်မြင့်(ယခု နေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင် ဒေါ်ခင်ခင်သက်(ကွယ်လွန်သူ ဒေါ်သောင်းရင်၏ တရားဝင်ကိုယ်စားလှယ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်(၁၃၇၅ခုနှစ်၊ တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မြို့နယ်တစ်ခုတွင်သာ စာစစ်ဌာန စုပေါင်းထားရှိမည် ဖြစ်ကြောင်း လင်းခေးမြို့နယ်ပညာရေးမှူးပြောကြား

လင်းခေး၊ ဖေဖော်ဝါရီ ၁

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခင်နှစ်များနှင့်မတူ စာစစ်ဌာနခွဲများ ထားရှိခြင်း မပြုလုပ်တော့ဘဲ မြို့နယ်တစ်ခုတွင်သာ စုပေါင်းထားရှိ၍ စာမေးပွဲကြီးကြပ်သူ ဆရာ၊ ဆရာမများမှ စည်းကမ်းစနစ်တကျဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ကြောင်း လင်းခေးမြို့နယ်ပညာရေးမှူး ဒေါ်ကြည်အေးက မြို့နယ်အဆင့်ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

လင်းခေးမြို့နယ်ရှိ ပညာရေးမှူး ဒေါ်ကြည်အေးက မြို့နယ်အဆင့်ရှင်းလင်းပွဲတွင် ပြောကြားနေစဉ်။
ဓာတ်ပုံ -**ဆောင်းနှင်းလတ် (လင်းခေး)**

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူး လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စာမေးပွဲဖြေဆိုမည့်သူများ လိုက်နာရန်စည်းကမ်းချက်များအား မြို့နယ်အဆင့်ထပ်ဆင့်ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၉ နာရီက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်တွင် ပြုလုပ်ခဲ့ပြီး လင်းခေးမြို့နယ်ပညာရေးမှူးဒေါ်ကြည်အေးက စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဦးကျော်ဝင်း (အထက၊ ဝမ်ဟတ်ကျောင်းအုပ်) က စာမေးပွဲ လုံခြုံမှုဆိုင်ရာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ဦးစိုင်းမြင့်ဦး (အထက၊ လင်းခေးကျောင်းအုပ်)က စာဖြေခန်းအတွင်း အပြင်၌ လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဦးသောင်းထွန်းဦး (အလက၊ ပင်ဝေါင်ကျောင်းအုပ်)မှ ကျောင်းလုံခြုံရေးဂိတ်နှင့် သန့်စင်ခန်းကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား အသီးသီး ထပ်ဆင့်ရှင်းလင်းခဲ့ကြသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ လင်းခေးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ ၆၅ ဦး တက်ရောက်ခဲ့ကြပြီး စာမေးပွဲကြီးကြပ်သူ ဆရာ၊ ဆရာမများမှစည်းကမ်းစနစ်တကျဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဤထပ်ဆင့်ရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ပြောသည်။

ဆောင်းနှင်းလတ် (လင်းခေး)

စပါးစိုက်ပျိုးစရိတ်ပြန်ဆပ်ချိန်တွင် စပါးဈေးနှုန်း ကျဆင်းနေ၍ လယ်သမားများ အခက်ကြုံ

ရွှေဘို၊ ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးစပါးအထွက်နှုန်း လျော့ကျနေပြီး စပါးဈေးနှုန်းများလည်း ကျဆင်းလျက်ရှိရာ စပါးစရိတ်ပြန်ဆပ်ချိန်တွင် လယ်သမားများ အခက်ကြုံနေရကြောင်း သိရသည်။

ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းတွင် ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ ဒီပဲယင်း၊ ကန့်ဘလူစသော ခြောက်မြို့နယ် ပါဝင်လျက်ရှိပြီး အဆိုပါဒေသများရှိ စုစုပေါင်းလယ်မြေဧကပေါင်း သုံးသိန်းကျော်မှာ ဒီဇင်ဘာလအစောပိုင်းက မိုးသီးများရွာသွန်းမှုကြောင့် အဆစ်ပိုးနှင့် ဖြုတ်ပိုးများကျရောက်ခဲ့ကာ စပါးအထွက်နှုန်း သုံးပုံနှစ်ပုံ လျော့ကျခဲ့ခြင်း ဖြစ်သည်။

ခင်ဦးမှ ဒေသခံတစ်ဦးက "ခင်ဦးမှာ မိုးစပါး ၁၀၀၉၀၂ ဧက လောက် စိုက်နိုင်ခဲ့ပြီးတော့မှ ၁၇၁၈ ဧကလောက်က ဆစ်ပိုးနဲ့ ဖြုတ်ပိုးတွေ ဖျက်ဆီးခံရတယ်။ အခါလွန်မိုးရွာတာ၊ မိုးသီး ကျတာတွေလည်း ခံလိုက်ရတော့ ဒီနှစ်တော့ တံစဉ်လွတ် (ရိတ်သိမ်းရန်မလို) ပါပဲ" ဟု ပြောသည်။

စပါးအထွက်နှုန်းသုံးပုံနှစ်ပုံခန့် လျော့နည်းနေချိန်တွင် . . .

ကန်သစ်စံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သော လယ်သမားတစ်ဦးလည်းဖြစ်သူ ဦးသန်းကြွယ်က ၎င်း၏လယ်ခြောက်ဧကတွင် ရွှေဘိုပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထားရာ ပိုးကျသည့်အတွက် အထွက်နှုန်းလျော့ကျခဲ့ပြီး၊ စပါးအထွက်နှုန်း သုံးပုံနှစ်ပုံခန့် လျော့နည်းနေချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်မှ လယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေပြန်လည်ပေးဆပ်ရန် အသံချဲ့စက်ဖြင့် နှိုးဆော်နေချိန်တွင် စပါးပွဲစားများက ယခင်ပေါက်ဈေးထက် လျှော့နည်းဝယ်ယူနေကြောင်း၊ လယ်သမားများမှာ စိုးရိမ်သောကမှုများ ခံစားနေရကြောင်း ပြောသည်။

ရောင်နီ တင်ဝင်း

သတင်းတို

ရိခေါဒါရ်၌ အင်ဂျင်စက်သစ်ရောက်ရှိလာခြင်းကြောင့် လျှပ်စစ်မီးပိုမိုရရှိ

လူနေအိမ်ခြေ ၆၀၀ ကျော်ရှိသော ချင်းပြည်နယ်၊ ရိခေါဒါရ်မြို့နယ်တွင် ၅၀၀ KVA အင်ဂျင်စက်ကြီးအသစ်ရောက်ရှိလာခြင်းကြောင့် လျှပ်စစ်မီးပိုမိုရရှိလာကာ အလုပ်အကိုင်များပွင့်လန်းလာမည်ဖြစ်ကြောင်း ယင်းဒေသခံများကပြောသည်။ ရိခေါဒါရ်မြို့နယ်တွင် လျှပ်စစ်မီးပိုမို ရရှိရေးအတွက် နိုင်ငံတော်သမ္မတကြီးက ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး ယင်းခရီးစဉ်တွင် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စက်ကြီးအား ဇန်နဝါရီ ၂၉ ရက်က ရိခေါဒါရ်မြို့နယ်ခွဲသို့ ရောက်ရှိခဲ့ပြီး ယခင်က ၁၅၀ KW အင်ဂျင်စက်မှ ယခုအခါတွင် ၅၀၀ KVAအင်ဂျင်စက်အသစ်ရောက်ရှိလာပြီဖြစ်၍ လျှပ်စစ်မီးပိုမိုရရှိ လာခဲ့ကြောင်းသိရသည်။

ခိုဟေဆာ(ချင်းတောင်ခြေ)

ဘိုးဘွားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုလိုအပ်နေဆဲ

နွားထိုးကြီး၊ ဖေဖော်ဝါရီ ၁

နွားထိုးကြီးမြို့နယ် သက်ကြီးဘိုးဘွားများကို မြို့နယ်ရှိ ပရဟိတလူမှုကူညီစောင့်ရှောက်ရေးအသင်းများ၊ ကရုဏာရှင်အဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုရှိနေသော်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနက စောင့်ရှောက်ပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း ဒေသခံတို့ကပြောသည်။ အသက် ၆၀ အထက် သက်ကြီးဘိုးဘွားများကို မြို့နယ်ဆေးရုံများက အခမဲ့ ကျန်းမာရေးကူညီနေကြောင်း ပြည်သူ့လွှတ်တော်တွင် ဖြေကြားထားသော်လည်း မြို့နယ်ဆေးရုံများ၌ အကူအညီပေးမှု၊ သီးသန့်စောင့်ရှောက်မှု မရှိသေးကြောင်း၊ ထို့ပြင် ဘိုးဘွားများ၏ ကျန်းမာရေးကို ဆေးဝါးအခမဲ့ကုသနေ၍ ကျန်းမာရေးအတွက် အဆင်ပြေနေကြောင်း အဘွားတစ်ဦးက ပြောသည်။

ဌေးမြင့်မောင်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
သံသုမာလမ်းမကြီးပေါ်၊ နေရာကောင်း၊ မှတ်တိုင်နီး၊ ပေ(၁၇×၅၅)၊ တတိယထပ်တိုက်သစ်၊ သံပန်းပြည့်၊ ပါကေးပြည့်၊ ကားပါကင်ရှိ။ (သိန်း ၅၂၀) ဖုန်း-၀၉၇၃၁၁၄၃၂၉ ပွဲစား၊ အကျိုးဆောင်လုံးဝမလိုပါ။

၁၉၇၁ခုနှစ်၊ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဘူမိဗေဒကျောင်းသားများ၏ (၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း
နေ့ရက်- ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက် (စနေနေ့)
အချိန်- နံနက်(၉း၀၀) နာရီ
နေရာ- ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ
စိုးညီညီ (Feel) - ၀၉-၅၀၁၉၆၄၃၊ စောမြင့်-၀၉-၅၁၀၇၉၃၀၊ မော်စီ-၀၉-၅၀၁၄၂၈၈၊
မြတ်ဇော်(ဗလ)-၀၉-၇၃၁၅၄၄၃၃၊ ကျော်ဝဏ္ဏ-၀၉-၅၀၄၂၁၈၆၊ ကိုညွန့်-၀၉-၇၃၂၄၆၀၄၄၊

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ ၁၆၆-လမ်း၊ အမှတ်(၆၉)၊ မြေညီထပ်တွင် ရုံးခန်းဖွင့်လှစ်ထားသော AZTAM CO.,LTD (အေဇက်တီအေအမ် မြန်မာလီမိတက်) ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၂၂၀၉/၂၀၁၃-၂၀၁၄ (၇-၈-၂၀၁၃) ဒါရိုက်တာအဖွဲ့သည် Wi-SERVE system ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ကုမ္ပဏီ၏မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင် အမှတ်- IV-၁၃၀၄/၂၀၁၃ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော Wi-SERVE system ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စားပွဲထိုးခေါ် စနစ် (Table Call Paging System)၊ ကိုယ်တိုင်မှာယူအချက်ပေးစနစ်(Paging System)ကွန်ပျူတာနှင့်လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ နိုင်ငံတကာကုန်အမှတ်တံဆိပ်အသိအမှတ်ပြု စံနှုန်းအမှတ်(၉) (၄၂) တွင် အကျုံးဝင်သောပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းများနှင့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ကုန်ပစ္စည်းများတပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများတွင် (Trade Mark, Trade Name) အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ မှိုင်းမြမ်းတုပ၍ ပြုလုပ်သုံးစွဲခြင်း၊ ဝန်ဆောင်မှုပေးခြင်းမပြုလုပ်ပါရန် သတိပေး ကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါက်တာ မြမာလာအေး (တရားလွှတ်တော်ရှေ့နေ)
၁၉၅၊ မြသီတာလမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၈၇၄



ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရမဏ္ဍပ်ရုံကြီးတွင် ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၂နာရီက ပြည်ထောင်စုလွှတ်တော်မှ မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ချထားပေးသည့် ဖွံ့ဖြိုးရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကာစီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာတို့က ခွင့်ပြုရန်ပုံငွေ၏ ၅၀ရာခိုင်နှုန်း (ငွေကျပ် ၄၇၈၀၀၀၀၀) ကို ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကာစီတို့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်က ရန်ပုံငွေခွဲဝေမှုစာရင်းကို ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။

ထိန်ဝင်း(ကြည့်မြင်တိုင်)

ပညာမြင့်မှ လူမျိုးတင့်မည်

အရန်မီးသတ်တပ်ဖွဲ့များ အခြေခံစစ်ရေးပြသင်တန်းပေး

ကျောက်တန်း ဖေဖော်ဝါရီ ၁

ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဇန်နဝါရီ ၁၇ရက် နံနက် ၇နာရီတွင် တံတားမြို့ပေါ် (၄)ရပ်ကွက်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တံတားမြို့နယ်ခွဲ ရဲတပ်ဖွဲ့စခန်းမှ တပ်ကြပ်ကြီး ဩင်္ဂါကျော်စတင်းနှင့် တပ်ကြပ်ကျော်ကျော်ဦးတို့က အခြေခံစစ်ပညာများကို သင်ကြားပေးကြသည်။ **(အပေါ်ပုံ)**

ဇန်နဝါရီ ၁၆ရက်က ယခုသင်တန်းတက်ရောက်နေကြသော သင်တန်းသား ၃၂ ဦးအား မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသန့်စင်မျိုးနှင့် စခန်းမှူး ရဲအုပ်ထွန်းထွန်းဝေတို့က အရန်မီးသတ်တပ်ဖွဲ့တူညီဝတ်စုံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

အခြေခံလူတန်းစားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အလုပ်အကိုင်ပြပွဲ လှိုင်သာယာမြို့နယ်၌ ကျင်းပ

လှိုင်သာယာ ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံတွင် အခြေခံလူတန်းစားများအား အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် သုခစုစံကုမ္ပဏီတို့ ပူးပေါင်း၍ အလုပ်အကိုင်ပြပွဲ JOB Fairကို စက်မှုဇုန်များပြားသည့် လှိုင်သာယာမြို့နယ် သုခစုစံသင်တန်းကျောင်း၌ ကျင်းပသွားခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် "အခုပြုလုပ်မယ့် အလုပ်အကိုင်ပြပွဲမှာ အလုပ်သမားလေဘာကတ်ပြုလုပ်ဖို့အတွက် လေဘာရုံးကို ဖွင့်လှစ်ပေးထားမယ်။ လာရောက်အလုပ်လျှောက်ထားတဲ့သူကလည်း မှတ်ပုံတင်သို့မဟုတ် သန်းခေါင်စာရင်းပါရှိလာဖို့ လိုတယ်။ ကျွမ်းကျင် လုပ်သားဆိုရင် မိမိကျွမ်းကျင်တဲ့ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည် အချင်းတို့ ပါရှိရမှာပါ။ လှိုင်သာယာမြို့နယ်မှာ လုပ်ဖြစ်တယ်ဆိုတာကလည်း စက်မှုဇုန်တွေလည်း များတယ်။ တစ်နိုင်ငံလုံးက သူတွေကလည်း လှိုင်သာယာမှာ လာရောက်အလုပ်လုပ်ကိုင်ကြတာများတဲ့အတွက် အခုလိုပြပွဲကျင်းပဖြစ်ခဲ့တာပါ" ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါ်မို့မို့သွင်က ပြောကြားသည်။

လှိုင်သာယာမြို့နယ်တွင် အကြီးစားစက်မှုဇုန် ၁၃ဇုန်ခန့်ရှိ၍ အလုပ်သမားပေါင်း တစ်သိန်းနှင့် တစ်သိန်းခွဲနီးပါး လာရောက်လုပ်ကိုင်လျက်ရှိပြီး အဆိုပါပြပွဲသည် ရန်ကုန်၌ (၇)ကြိမ်မြောက်ပြုလုပ်သည့် ပြပွဲဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်ပြပွဲကြီးကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပ၍ ပြည်ပအလုပ်အကိုင်များပြပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်တို့တွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသည်။ ပြပွဲကြီးတွင် ပြခန်းပေါင်း ၅၀နှင့် အရန်ပြခန်း ၁၈ ခန်းအထိ ပါဝင်ပြသကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

ဝက်လက်မြို့၌ စောင်လှူ

ဝက်လက် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မြန်မာနိုင်ငံ၌ တစ်နေရာတည်းသာ နှစ်စဉ်မပျက်ကျင်းပလျက်ရှိသော (၄၅)ကြိမ်မြောက် စောင်လှူပွဲတော်ကို ဇန်နဝါရီ ၁၅ ရက်က ကိုးတောင်ပြည့်ရှစ်မျက်နှာ ဆုတောင်းပြည့်စေတီ၌ ကျင်းပသည်။

ဝက်လက်မြို့နယ်နှင့် မန္တလေးမြို့ပေါ်ရှိ ဒါယကာ၊ ဒါယိကာမများက ဝက်လက်မြို့နယ်အတွင်းရှိ ဂေါစကံသံဃာတော်အပါး ၄၅၀တို့အား စောင်များကို စာရေးတံမဲများဖောက်ပြီးလှူဒါန်းကြကြောင်း သိရသည်။

စိုးစိုးလှိုင် (ဝက်လက်ပြန်/ဆက်)

ကပ်ခို-ညောင်ပင်သာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်

ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ အာစီ ကွန်ကရစ် တစ်ထပ် အဆောက်အအုံဖြစ်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁

မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုကျေးရွာအုပ်စု ကပ်ခို-ညောင်ပင်သာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက်၁၀နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်းနှင့် ကျောင်းဆောင်သစ်အလှူရှင် ကပ်ခို-ညောင်ပင်သာကျေးရွာနေ ဦးမျိုးမြင့်-ဒေါ်အုန်းသင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက်ကျောင်းဆောင်သစ်အလှူရှင်တို့က မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောက်လုပ်ရေး စာရွက်စာတမ်းများနှင့် စာရင်းဇယားများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့်၁၅ပေရှိ အာစီကွန်ကရစ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး အလှူရှင်တစ်ဦးတည်းက ကျပ်သိန်း ၁၅၀ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၃၆၄)**





မွေးသက္ကရာဇ်အမှန်

အောင်လံမြို့၊ တရော်ကုန်းတိုးချဲ့(၃) လမ်းနေ ဦးကိုကိုအောင်၏ သား မောင်မင်းသန့်ကို၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၂-၂၀၀၁) ဖြစ်ပါကြောင်း။

ယတြာဆရာမ

- ဖြစ်ချင်တာတွေမဖြစ်သေးရင်
- မဖြစ်ချင်တာတွေဘဲဖြစ်နေတယ်ဆိုရင်
- အဆင့်မြင့် ယတြာများဆောင်ရွက်ပေးပါတယ်။
- ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

တိုက်ခန်းရောင်းမည်

ကျောက်တံတားမြို့နယ်၊ ၃၉-လမ်း၊ အမှတ်(၁၀၃)၊ ပေ(၂၅×၄၀)၊ ဆဌမထပ် (၇)လွှာ တိုက်ခန်းအမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

အကျိုးဆောင် ၂%ပေးမည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၅၁၄၆၄၅၀

ဝယ်လိုသည်

မုဒိတာကွန်ဒို(၁)၊ (၂)ရှိတိုက်ခန်းများဝယ်လိုသည်။ ပိုင်ရှင်များ ဆက်သွယ်ပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဖုန်း-၀၉-၄၉၂၁၀၄၅၁

၀၉-၄၉၂၁၆၈၀၈၊ ၀၉-၃၁၁၀၅၇၆၇

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရေတာရှည်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်လင်း-ဒေါ်နွဲ့နွဲ့ဝင်းတို့၏သမီးဖြစ်သူ မအေးပြည့်အောင်(ခ)ပြည့်ပြည့်[၇/ရတရ(နိုင်)၁၁၀၅၀၄]အသက်(၂၆)နှစ်သည် ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်းနှင့် သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း။

ဦးအောင်လင်း - ဒေါ်နွဲ့နွဲ့ဝင်း

[၇/ရတရ(နိုင်)၀၉၇၄၁၈] [၇/ရတရ(နိုင်)၀၆၁၉၈၈]

ယာဉ်စည်းကမ်းဖောက်ဖျက်မှုများအား တိုင်ကြားမှုနည်းပါး

ရန်ကုန် ဖေဖော်ဝါရီ ၁

ယာဉ်စည်းကမ်းဖောက်ဖျက်သည့် ခရီးသည်ယာဉ်များအား ခရီးသည်များမှ တိုင်ကြားရာ၌ ယာဉ်စီးခပိုမိုပေးရသည်ထက် ဖုန်းခေါ်ဆိုခ ကျသင့်ငွေနှင့် ယာဉ်ပေါ်တွင် တိုင်ကြားပါက ယာဉ်လုပ်သားများနှင့် စကားပြောဆိုရမည်သော်လည်းကောင်း၊ ယာဉ်ပေါ်မှ ဆင်း၍ တိုင်ကြားပါကလည်း မိမိလုပ်ငန်းအနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်၍လည်းကောင်း တိုင်ကြားခြင်းမရှိကြောင်း ခရီးသွားပြည်သူအများစုထံမှ သိရသည်။

တိုင်ကြားရာ၌ ယာဉ်စီးခ ပိုမိုပေးရသည်ထက် ဖုန်းခေါ်ဆိုခ ကျသင့်ငွေ ကုန်ကျမည်စိုး

"ယာဉ်စီးခပိုတောင်းတာတွေနဲ့ မချေမငံရိုင်းပြမှုတွေကို တိုင်ကြားချင်ပေမယ့်လည်း ဖုန်းဆက်တိုင်ကြားရင်လည်း ဖုန်းဘေလ်ကကုန်ဦးမယ်။ ကားပေါ်မှာ တိုင်ကြားရင်လည်း စပယ်ယာနဲ့ စကားများမှာဖြစ်တဲ့အတွက် တော်ရုံတန်ရုံ အလုပ်ရှုပ်ခံပြီး မတိုင်ကြားတော့ဘူး၊ အရမ်းကို စိတ်ထဲမှာ မခံချိမခံသာ ဖြစ်မှာသာ တိုင်ကြားဖြစ်ကြတာများတယ်"ဟု နေ့စဉ် ရုံးတက်ရုံးဆင်းပြုလုပ်နေသူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ယခုနောက်ပိုင်းတွင် ခရီးသည်တင်ယာဉ်များပေါ်၌ တိုင်ကြားရမည့် ဖုန်းနံပါတ်များအား ကပ်ထားခြင်းမရှိတော့ခြင်း၊ အလွယ်တကူဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား မသိရှိခြင်း၊ မြန်မာလူမျိုးများ၏ ထုံးစံအရ သူတစ်ပါးအား တိုင်ကြားရန်အားနာခြင်း၊ တိုင်ကြားခဲ့ပါကလည်း အပြစ်ပေးအရေးယူမှုနည်းပါးခြင်းတို့ကြောင့် ခရီးသွားပြည်သူများသည် ယာဉ်လုပ်သားများ၏ မချေမငံဆက်ဆံမှုများကို ကြိတ်မှိတ်ခံစားနေရကြောင်း သိရသည်။

ကေသိန်းဆွေ

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

ထီးချိုင့် ဖေဖော်ဝါရီ ၁

ကသာခရိုင် ထီးချိုင့်မြို့နယ် တိုင်းရင်းဆေးကုဌာန(ခွဲ)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းခွဲ(ကသာခရိုင်)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးနှင့်တိုင်းရင်းဆေးအမြင် အသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှုကို ဇန်နဝါရီ ၂၁ ရက်တွင် နီတာကျေးရွာ၌လည်းကောင်း၊ ၂၂ ရက်တွင် ရေပြန်ရွာနှင့် ရေမွှေးကုန်းရွာတို့၌လည်းကောင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှုကို ထီးချိုင့်မြို့နယ် တိုင်းရင်းဆေးမှူးတာဝန်ခံ ဦးအောင်မျိုးဆွေနှင့် ကသာခရိုင် တိုင်းရင်းဆေးဆရာများဖြစ်ကြသော ဦးဆန်ဂျေး၊ ဦးမျိုးသိန်း၊ ဦးသိန်းနိုင်ထွန်းတို့က ကျေးရွာဘုန်းတော်ကြီးကျောင်းတို့၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲထိ လူနာပေါင်း ၁၅၇ ဦးအားဆေးကုသမှုနှင့် အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြသည်။

စောကလျာ(ထီးချိုင့်)

လောကမုနိအောင်သိဒ္ဓိစေတီတော်

ချင်းတောင်တန်းပေါ်မှ လောကမုနိအောင်သိဒ္ဓိစေတီတော် ပြုပြင်တည်ထားမည်

မိုးဒဏ်လေဒဏ်၊ ရာသီဥတုဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့ရ နှစ်အတန်ကြာတိမ်မြုပ်ကွယ်ပျောက်

ထန်တလန် ဖေဖော်ဝါရီ ၁

ချင်းပြည်နယ် (မြောက်ပိုင်း) ထန်တလန်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းအနီး၌ ဉာဏ်တော် ၁၈တောင်ရှိ လောကမုနိအောင်သိဒ္ဓိစေတီတော်သည် မိုးဒဏ်လေဒဏ် ရာသီဥတုဒဏ်များကြောင့် ပြိုကျပျက်စီးခဲ့ရပြီး ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ကာ နှစ်အတန်ကြာတိမ်မြုပ်ကွယ်ပျောက်ခဲ့ရသည်။

ယခုအခါ ကြိုးစားစုံစမ်းရှာဖွေခဲ့ရာမှ ပြိုကျကွယ်ပျောက်နေခဲ့သော လောကမုနိအောင်သိဒ္ဓိစေတီတော်ကိုရှာဖွေတွေ့ရှိခဲ့ရသည်။ ရှာဖွေတွေ့ရှိခဲ့ရသော အဆိုပါစေတီတော်အား ပြန်လည်ပြုပြင်တည်ထားနိုင်ရေးအတွက် ကနဦးမတည်အလှူငွေအဖြစ် ဆရာတော် ဘဒ္ဒန္တ သုဇာတ (လားရှိုးမြို့)က အလှူငွေကျပ် ၁၁၀၀၀၀ အာရုံခံတန်ဆောင်းအတွက် ကျပ်ငါးသိန်း၊ ဉာဏ်တော် ခုနှစ် ဒသမ ၂ ပေ ရုပ်တော်မူဘုရား လေးဆူ၊ စစ်သူကြီးပုံ တစ်ပုံ၊ မိဖုရားဘုရားဖူးမြော်နေပုံတစ်ပုံနှင့် ထီးတော်အတွက် ငွေကျပ် ၁၁၀၀၀၀တို့ကို လှူဒါန်းတော်မူပြီး ဦးဝင်းအောင်-ဒေါ်ချိုချိုအောင် (သစ်တောဦးစီးဌာန၊ ဖလမ်းမြို့) မိသားစုကအလှူငွေကျပ် ၁၆သိန်း၊ ထန်ထလန်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးစိုးနိုင်မိသားစုက ကျပ် ၁၀ သိန်း၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ တန်တလန်မြို့နယ် လဝကဦးစီးဌာနမှူး ဦးအောင်သိန်းတန်မိသားစုက ကျပ်ငါးသိန်းတို့ကိုအသီးသီး လှူဒါန်းခဲ့ကြသည်။

ချင်းပြည်နယ် တောင်တန်းပေါ်၌ ထေရဝါဒဗုဒ္ဓ သာသနာတော်မြတ်ကြီး ပိုမိုထွန်းလင်းပြန့်ပွားရေးအတွက် ပဋ္ဌာန်းဆက်၊ ပါရမီဆက် ပုဂ္ဂိုလ်တို့၏ အလှူငွေများဖြင့် ယင်းစေတီတော်အား ပြီးမြောက်အောင်မြင်သည်အထိ ပြုပြင်တည်ထားသွားလို၍ ခွာရုံကျောင်းတိုက်ဆရာတော် ဖုန်း ၀၇၀-၂၁၁၇၄၊ ရဲမှူးစိုးနိုင် ၀၉-၄၇၃ ၀၀၀၇၅၊ ထန်တလန်မြို့နယ် သာသနာရေးမှူး၀၇၀ ၆၀၁၄၃၊ ဦးဝင်းအောင်-ဒေါ်ချိုချိုအောင် ၀၉-၂၅၉၀၇၈၂၁၀ များသို့ ဆက်သွယ်ပြီး တစ်တပ်တစ်အားပါဝင်ကုသိုလ်ယူ လှူဒါန်းကြပါရန် နှိုးဆော်ပန်ကြားထားကြောင်း သိရသည်။

(သီပေါကိုလတ်)

ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး၌ အလှူငွေပေးအပ်ပွဲနှင့် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့မှ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးနှင့် ငွေပဒေသာပင်စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက အဆိုပါ ဆေးရုံ၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ စုပေါင်း၍ ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ကြသည်။

ဆက်လက်၍ ဆေးရုံသုံးပစ္စည်းနှင့် ငွေပဒေသာပင်စိုက်ထူခြင်း အခမ်းအနားကို ဆေးရုံခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်တို့က ပေးအပ်လှူဒါန်းရာ ဒေါက်တာဒေါ်ခင်ဆွေက လက်ခံရယူကာ အလှူရှင်များမှ ဆက်လက် လှူဒါန်းပြီး အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ တန်ဖိုးစုစုပေါင်း ငွေကျပ် ၆၀၅၀၀၀၀ ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ အနောက်ပိုင်းဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

မီးမီး(လှိုင်)

လူပျောက်ကြော်ငြာ



ဦးနေဝင်း အသက်(၅၉)နှစ် အရပ်မြင့်၊ အသားလတ်၊ အသံအစ်၊ မျက်မှန်မပါ။ စိတ်ဝေဒနာရှင်၊ တွေ့လျှင်ခေါ်ထားပြီး အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၅၁၆၂၈၃၀၊ ၀၉-၇၃၀၂၂၇၃၅

အမြန်ရောင်းမည်

ပေ(၃၀ × ၆၀)၊ ၂ ထပ်တိုက်လုံးချင်း မြနန္ဒာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း။
Ph, AC 3 လုံး
(ဘိုးဘွားအမည်ပေါက်)
Ph:09-8593133,
09-421016860

(၆)ဘီး
CHENG LONG
A.G(MIXER TRUCK)
ကား(အသစ်)ရောင်းမည်
စုံစမ်းရန်
ဖုန်း-၀၉-၅၃၁၂၀၆၂

စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့)၊ ကန္နီဥပနိဿယ ရက်(၆၀)တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု ရွှံ့ပန်းကြီး၊ ရွှံ့ပန်းလေးရပ်ရှိ **"စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ"**တွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးမဏ္ဍလမှ ရက်(၆၀)တရားစခန်းအား (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၁၅-၂-၂၀၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ရဟန်းသံဃာတော်များမှာ ဝါတော် (၅)ဝါ အနည်းဆုံးဖြစ်ရပါမည်။

မှတ်ချက်။ ။(နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ ရက် အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ ရက် အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)

ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂။
ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း
(စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)



လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျရောင်းချ

တောင်သူများအား ကျေးဇူးတုံ့ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် ကျေးလက်နေတောင်သူများအား အထောက်အကူဖြစ်စေရေး ရည်ရွယ်ထုတ်လုပ်လျက်ရှိသည့် ကူဘိုတာ၏ လယ်ယာသုံးစက်ပစ္စည်းဝယ်ယူသုံးစွဲသူတောင်သူများအား ကျေးဇူးတုံ့ပြန်သည့် အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီ ၂၉ ရက်က ရန်ကုန် မြို့ရှိ Traders Hotel ၌ ကျင်းပသည်။

"ကျွန်တော်တို့ ကူဘိုတာက ထွန်စက်၊ ရိတ်သိမ်းစက်၊ ကောက်ရိတ်စက်၊ မြေတူးစက်စတဲ့ ဒီဇယ်အင်ဂျင်တွေကို အာမခံနဲ့ အဓိကထုတ်လုပ်ရောင်းချပါတယ်။ သုံးစွဲချင်တဲ့ တောင်သူတွေကို တစ်နှစ်အရစ်ကျ ခြောက်လတစ်ကြိမ်ပေးသွင်းစနစ်နဲ့ ရောင်းချပါတယ်။ ဝယ်ယူသုံးစွဲသူတွေ နည်းပညာအခက်အခဲရှိရင် သင်တန်းပို့ချပေးပါတယ်ဟု" ဈေးကွက်မန်နေဂျာ ကိုဂျိုးက ပြောကြားသည်။

ထိုင်းနိုင်ငံအခြေစိုက် ကူဘိုတာကုမ္ပဏီမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့ရှိ အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကာ မော်လမြိုင်မြို့တွင် အရောင်းရုံးခွဲ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောင်ကျော်ဦး)

ကုန်းတော်ကြီးဆုတောင်းပြည့်မင်္ဂလာစေတီ ထီးတော်တင်လှူပူဇော်မည်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပုဂံခေတ်သက္ကရာဇ် (၃၇၁) မတိုင်မီက တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ကုန်းတော်ကြီးဆုတောင်းပြည့်မင်္ဂလာစေတီဘုရားကြီးထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းများကပ်လှူပူဇော်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် မြို့မတောင်ရပ်ကွက် ဂေါပကအဖွဲ့ဝင်များနှင့် ရပ်ကွက်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များစုပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့်မင်္ဂလာစေတီဘုရားကြီးကို မူလက လုံးတော်ပြည့်မှန်စီရွှေချပူဇော်ထားခြင်းဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် ထီးတော်နှင့်ငှက်ပျောဖူးတော်တို့ကိုလည်းကောင်း၊ ၁၉၉၃-၁၉၉၄ ခုနှစ်တွင် ကြာမှောက်ကြာလှန်တို့ကိုလည်းကောင်း၊ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ဖောင်းရစ်ကိုလည်းကောင်း၊ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် သပိတ်မှောက်နှင့် အောက်ကြာပလ္လင်ခုံအထိ ရွှေစင်ရွှေသားသင်္ကန်းတော်များကို အဆင့်ဆင့်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၀၄ ခုနှစ်တွင် ဘုရားကြီးအား ဘက်စုံပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စေတီတော်တည်ထားသည့် ကျောက်ဆောင်ကျောက်တုံးတစ်ခုလုံးကို ရွှေသင်္ကန်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

ကုန်းတော်ကြီးဆုတောင်းပြည့် မင်္ဂလာစေတီဘုရားကြီး ထီးတော်အသစ်တင်လှူပူဇော်နိုင်ရန်အတွက် ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်ကွက်မှ ဆရာကြီးဦးတင်မောင်ရင်(ခ) ဦးတုံကင် (အငြိမ်းစားအထက်တန်းပြ) က လှူဒါန်းပူဇော်မည်ဖြစ်ပြီး စေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်သိန်း ၁၀၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရပြီး ရွှေသင်္ကန်းတစ်ဆိုင်း ကျပ် ၃၅၀၀၀၊ ၁၂ လက်မပတ်လည် ရွှေသင်္ကန်းတစ်ချပ် ကျပ် ၁၅၀၀၀၊ ကိုးလက်မပတ်လည် ရွှေသင်္ကန်းတစ်ချပ်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ရပ်နီးရပ်ဝေးမှ လှူဒါန်းလိုပါကလည်း ဦးသန်းငွေ (ဂေါပကအဖွဲ့ဘဏ္ဍာထိန်း) ဖုန်း -၀၆၁-၅၀၅၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

အိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေး) အသင်းသားစုံညီ အစည်းအဝေးကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး (ရုံးခွဲ) အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက်က မန္တလေးမြို့ (၆၄)လမ်းနှင့် (၂၇)လမ်းထောင့်ရှိ Oriental House မင်္ဂလာခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းတွင် အသင်းသားဦးရေ ၂၃၀၀ ရှိကာ ဇပြီမှ ဇန်နဝါရီလအတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေအစရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခုတွင် အမှုဆောင်သစ်များရွေးချယ်ပေးခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွက် လာရောက်ရွေးချယ်ခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အနာဂတ်အိမ်ခြံမြေဈေးကွက်အား ပုံဖော်ဆောင်ရွက်နိုင်ရန် တာဝန်များပေးအပ်ခဲ့ပြီး ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမှုဆောင် ရွေးချယ်ပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပသည့် အသင်းသားစုံညီပွဲအား အသင်းသူ အသင်းသား ၅၁၁ ဦး တက်ရောက်ပြီး ၂၀၁၄-၂၀၁၇ ခုနှစ်အတွက် အမှုဆောင်သစ်ကို တက်ရောက်လာသော အသင်းသူ အသင်းသားများ၏ ဆန္ဒဖြင့်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးအောင်စိုး၊ အတွင်းရေးမှူးဦးသိန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ကိုကိုကြီး အပါအဝင် အမှုဆောင် ၁၅ ဦးနှင့် စည်းရုံးရေးမှူး ၁၅ ဦးတို့ကို တာဝန်များပေးအပ်သည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး (ရုံးခွဲ)မှ အသင်းသူ အသင်းသားများ ရောင်းမှားဝယ်မှားမဖြစ်စေရန် မြေကွက်များနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပြီး အရောင်းအဝယ်ပြုလုပ်ရာတွင် မသင့်မြတ်သည့် အရောင်းအဝယ်များ၊ မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်စေရေးအတွက်ကိုလည်း အသင်းမှ ဘက်မလိုက်ဘဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အသင်းသူ အသင်းသားများ၏ သားသမီးပညာရေးအတွက် ထောက်ပံ့ငွေများကို ချီးမြှင့်မည့်အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

(၀၀၂)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးလှရွှေ [၁၁/တကန(နိုင်)၀၀၆၅၃၂]ကိုင်ဆောင်သော စက်ခန်းအုပ်လက်မှတ် အမှတ်-စမဒ-၆၄/၂၀၀၉မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၄၁၀၆**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၂/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-176(2013-2014)	Geological Servery Field Equipment	(2) Items	US$
(၂)	IFB-177(2013-2014)	50 KW Generating Set(Driven By Natural Gas Engine)	(1) Set	US$
(၃)	IFB-178(2013-2014)	Electrical Parts for HDD Rig	(23) Items	US$
(၄)	IFB-179(2013-2014)	Wash Pipe and Packing for N-69 and N-815 Swivel	(2) Items	US$
(၅)	IFB-180(2013-2014)	1/2"×1 1/4"×5 7/8"Tong Dies	(2000) Nos	US$
(၆)	DMP/L-053(2013-2014)	4"×4" Twin Reciprocating Air Compressor and Water Transfer Pump	(2) Items	Ks
(၇)	DMP/L-054(2013-2014)	Allison Transmission Assy for Well Servicing Truck	(3) Nos	Ks
(၈)	DMP/L-055(2013-2014)	Electrical Spares for HDD Rig	(1) Lot	Ks
(၉)	DMP/L-056(2013-2014)	H-Beams and U-Beam for EMSCO Mud Tank	(3) Items	Ks
(၁၀)	DMP/L-057(2013-2014)	Centrifugal Pump with Motor Driven and Portable Water Transfer Pump	(2) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပဲခူးမြို့ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ယခင် အထက(၅) (ဆရာကြီး၊ ဦးသာဒင် အထူးသဒ္ဒါသင်ကျောင်း)

ဆ၌မအကြိမ်မြောက်ဆရာပူဇော်ပွဲ ကျင်းပမည်။ ပဲခူးမြို့ ယခင်အထက(၅)(ဆရာကြီး ဦးသာဒင် အထူးသဒ္ဒါသင်ကျောင်း) ကျောင်းသား/သူဟောင်းများ၏ (ဆ၌မအကြိမ်မြောက်) မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား/သူဟောင်းများ ပြန်လည်ဆုံတွေ့ပွဲကို ၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်၊(၉-၂-၂၀၁၄)ရက်(တနင်္ဂနွေနေ့)နံနက်(၉နာရီ)၊ ပဲခူးမြို့၊ဥဿာမြို့သစ်၊ ကျိုက်ပွန်လေးမျက်နှာဘုရားအနောက်ဘက်ရှိ ချမ်းမြေ့ရိပ်မြိုင် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်ရန်အတွက် ချမ်းမြေ့ရိပ်မြိုင်ကျောင်းဆရာတော် ၀၉-၅၃၀၁၄၆၅၊ ဦးလှငွေ ၀၉-၈၆၅၁၅၀၇၊ကိုငွေနိုင် ၀၉-၄၉၄၅၀၅၄၀၊ ဦးစိုးရှိန်-ဒေါ်ကေသီ ၀၉-၅၃၀၂၃၃၄၊ ကိုတောက်ထွန်း-၀၉၅၃၀၁၃၇၀၊ ကိုတင်ထွန်း ၀၉-၂၅၀၂၉၉၉၇၆၊ ကိုအောင်သိန်းဝင်း ၀၉-၄၉၄၅၀၀၁၈၊ ကိုကျော်ကျော်ဦး ၀၉-၄၂၃၆၆၂၈၂၆၊ ကိုကြည်ဝင်း ၀၉-၄၂၈၁၅၂၃၆၃၊ ကိုတောက်ထိန် ၀၉-၈၆၅၁၅၉၉၊ မသန်းသန်းဌေး ၀၉-၄၂၈၁၂၁၂၉၊ မစုစုဝေ ၀၉-၄၂၈၁၃၁၀၆၆၊ ဒေါ်ခင်မို့မို့နီ ၀၅၂-၂၁၉၅၁၊ ဒေါ်စပယ် ၀၉-၄၂၈၁၈၁၀၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အာစရိယပူဇော်ပွဲ ကျင်းပရေးအဖွဲ့မှ နှိုးဆော်အပ်ပါသည်။

ငွေရတုမှသည် ရာပြည့်ကျော်ပါစေသား

ချစ်ဖေဖေ ဦးခင်မောင်ဝင်း(ရွှေသန့်စင်လုပ်ငန်း)နှင့် ချစ်မေမေ ဒေါ်ခင်စန်း (မင်္ဂလာဈေး)တို့၏ ၂-၂-၂၀၁၄ရက်တွင်ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင်သည်အထိ ရွှေလက်ခိုင်ခိုင်လက်တွဲ၍ (ဘဝခရီးလမ်းကို ချစ်သား၊ ချစ်သမီးများနှင့်အတူ) ပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး မသူသူဟန် (Sr. Designer at FRONTIIR Co., Ltd)
ချစ်သားကြီး မောင်ဇေယျရှိန်း (Graphic Designer at MGS Co.,Ltd)
ချစ်သမီးငယ် မဇင်သီရွှေ (Grade 11 at UK4)

4:00 PM to 7:00 PM

တံဆိပ်အမည်အမှတ်အသားနှင့်စပ်လျဉ်း၍ ကြေညာချက်

ဒေါ်ယဉ်ပြုံး [၁၂/သဃက(နိုင်)၁၂၄၄၁၉]၊ အမှတ်(၃၆၅)၊ ၄-လွှာ၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာပါသည်။

အထက်ဖော်ပြပါ ရွှေနဒီအထူးကုဆေးခန်း SHWE NADY SPECIAL CLINIC အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ဒေါ်ယဉ်ပြုံးက တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိကြောင်း မှတ်ပုံတင်ပြီးဖြစ်ပါသည်။ ယင်းအမှတ်တံဆိပ်ကိုသုံးစွဲ၍ ၂၀၀၀ ပြည့်နှစ်မှစတင်ကာ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ (အထက်) လမ်း၊ အမှတ်-၃၃၃၊ မြေညီထပ်တွင် အထူးကုဆေးခန်းကို ဖွင့်လှစ်ကာ တည်ထောင်လုပ်ကိုင်လျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဖော်ပြပါတံဆိပ်အမည်အမှတ်အသားဖြင့် စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ ဗီနိုင်းစသည်တို့တွင် ဖော်ပြ၍ကြေညာကာ အထွေထွေရောဂါကုဆရာဝန်များ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် သူနာပြုများ၊ ဝန်ထမ်းများဖြင့် ဆေးကုသမှုလုပ်ငန်းကို ရန်ကုန်မြို့၌ လုပ်ကိုင်လျက်ရှိပြီးနောင်တွင် မြန်မာနိုင်ငံအနှံ့ မြို့၊ ရွာဒေသအသီးသီးတွင် ယင်းတံဆိပ်အမည် အမှတ်အသားဖြင့် အထူးကုဆေးခန်းနှင့်ဆေးရုံများကိုလည်း ဖွင့်လှစ်လုပ်ကိုင်မည်ဖြစ်ပါသည်။ ဖော်ပြပါရွှေနဒီအထူးကုဆေးခန်း SHWE NADY SPECIAL CLINIC တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်ခြင်းနှင့် ဆင်တူယိုးမှားသုံးစွဲခြင်းမပြုရန် တားမြစ်ပါသည်။ မလိုက်နာဘဲပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(ဦးလှရွှေ) **(ဦးစိုးကြည်)**
စဉ်-၃၀၉၆ **စဉ်-၇၆၆၇**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၉၀၊ဒုတိယထပ်၊၂၉-လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉၂

ဦးဘီချက်ကူးမာရ်(ခ)ဦးသန်းဝင်း နှင့် ၁။ ဒေါ်လက်ချ်မီးဒေဝီ(ခ)ဒေါ်မျိုးနှင်းနိုင်
၂။ ဒေါ်အရဂျီယာ(ခ)ဒေါ်မာမာအေး
၃။ ဒေါ်ဒူးပါးသီ(ခ)ဒေါ်မမြင့်စန်း
၄။ ဒေါ်လာကီဒေဝီ(ခ)ဒေါ်ခင်မျိုးအေး
၅။ ဦးခရစ်ရှနာကူးမားရ်(ခ)ဦးသန်းဌေးဦး
၆။ ဦးထွန်းနိုင်ကြည်

တရားလို **တရားပြိုင်များ**

အမှတ်-၁၈၀၊ လမ်း ၄၀၊ (မြေညီထပ်)၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ၁။ဒေါ်လက်ချ်မီးဒေဝီ(ခ)ဒေါ်မျိုးနှင်းနိုင်တရားပြိုင်(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက် (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် တည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ဇန်နဝါရီလ ၂၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လဲ့လဲ့အေး)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/သမိုင်း၊မြေကွက်အမှတ်၅/က၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ အောင်သိဒ္ဓိရိပ်သာ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးသန်းတင်၊ ဒေါ်တင်တင်) အမည်ပေါက်ဘီ၊ လယ်ယာစိုက်ပျိုးမြေမှအပ အခြားကိစ္စအသုံးပြုရန်မြေအား အမည်ပေါက်ဖခင် ဦးသန်းတင်မှ(၂၆-၉-၂၀၁၃)ရက်နေ့တွင် လည်းကောင်း၊ မိခင်ဒေါ်တင်တင်မှာ(၁၇-၃-၁၉၉၉)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်မြမြဝင်း[၁၂/မရက(နိုင်)၁၀၈၆၇၈]၊ ဦးသန်းထွန်း [၁/မကတ(နိုင်)၀၀၆၃၁၀]၊ ဦးသောင်းထွန်း [၁၂/ကတတ(နိုင်)၀၂၅၂၈၉]၊ ဒေါ်ခင်လဲ့လဲ့[၉/မရမ(နိုင်) ၀၃၇၈၈၁] ဦးရဲမြင့် [၁၂/အစန(နိုင်) ၁၃၉၄၆၄]တို့၏ G/P ၂၄၃၆၄/၂၀၁၃(၂-၁၂-၂၀၁၃)ရရှိသူ ဦးရဲမြင့်မှ G/P ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန်တို့ အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်မှု အထောက်အထားများတင်ပြ၍(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

Tour ကားရောင်းမည်

Hyundai County,2013 Brand New ကို နှစ်လခန့်သာသုံးထား၊ Pearl white Colour 2 စီး၊ လုပ်ငန်းလိုင်စင်+နံပါတ်အပြာရောင်ကျပြီး၊ ဒီဇယ်၊ ၂၃ ယောက်စီး၊ နောက်တွင်ဧည့်သည် ပစ္စည်းတင်ရန် အထူးပြုပြင်ပေးထားသည်။၃၈၀ သိန်း၊ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။
Ph: 09-420079781,09422496811, 09-73224309

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ
ကျောင်းအပ်လက်ခံနေပါပြီ။
ICEC

လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာ

ဖခင်ကြီး Mr.B.B Barua

မိခင်ကြီး Mrs.S.M Barua

ပြည်လုံးချမ်းသာကုန်မာဆိုင်၊ပြင်ဦးလွင်မြို့

ကျေးဇူးရှင်ဖခင်ကြီး မိသားစုကို ခွဲခွာသွားသည်မှာ ၂-၂-၂၀၁၄ ရက်တွင် (၃)နှစ်ပြည့်ပြီး ကျေးဇူးရှင်မိခင်ကြီးမှာ (၁၆)နှစ်တိုင်ပြည့်ခဲ့ပါပြီ။ ကျေးဇူးရှင်ကြီးများ၏ ကျေးဇူးတရားများအား အစဉ်ထာဝရ သတိရအောက်မေ့လျက်၊ ကျေးဇူးရှင်ကြီးများအား ရည်စူး၍နေ့စဉ်၊လစဉ်၊နှစ်စဉ် ပြုလုပ်လှူဒါန်းပါသော ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေအပ်ပါသည်။ ကျေးဇူးရှင်ကြီးများရောက်ရှိရာ မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်လှစွာသော

သား၊ သမီး၊ မြေး၊ မြစ် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးတင့်(ဥက္ကဋ္ဌ)

Soe Electric & Machinery Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဦးဖိုးဆောင်း

အသက်(၆၅)နှစ်

B.E(Civil) (1973)

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့နေ သူငယ်ချင်း ဦးဖိုးဆောင်း (၆၅)နှစ်သည် ၁၉-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၆း၂၀နာရီတွင် ဩစတြေးလျနိုင်ငံ Box Hill Hospital ၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၇-၇၃ မြို့ပြအင်ဂျင်နီယာဘွဲ့ရသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးပြုံး(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

အသက်(၉၃)နှစ်

ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) - ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မျိုးနှင့် ဥယျာဉ်ဝပေါ်တော်မူ

သတ္တုဌာနဂေါပကအဖွဲ့၊ ကျိုက်လတ်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြစိန်

အသက်(၉၂)နှစ်

သုံးသုံးလုံးမုန့်ဆိုင်-မော်လမြိုင်

ဦးမျိုးဝင်း-ဒေါ်သီတာတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြစိန် (သုံးသုံးလုံးမုန့်ဆိုင်၊ မော်လမြိုင်)သည် ၂၈-၁-၂၀၁၄ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြုံးချိုဘီစကစ်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးပြုံး

(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

အသက်(၉၃)နှစ်

ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Yangon Crown Co., Ltd

MD နှင့် ဝန်ထမ်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးပြုံး(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

အသက်(၉၃)နှစ်

ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိန်ဌေး

ကောင်းမွန်(မကွေး)ဆောက်လုပ်ရေးကုမ္ပဏီ

(၄)နှစ်(၄)လပြည့်

ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)PHD.D.Lit

ကဗျာစာဆိုသရဖူဘွဲ့ရ(ဂျပန်ပြည်)

One Thousand Great Asians England

ဒုတိယဝန်ကြီး(ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂-၁၀-၂၀၀၉ ရက်တွင် ကွယ်လွန်ခဲ့သော အလှူဒါယကာကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)အား ရည်မှန်း၍ ရေတွင်းကုန်းကျောင်းတိုက် ဆရာတော်အား ဆွမ်းကပ်ခြင်း၊ အလှူငွေထည့်ဝင်ခြင်း၊ ပို့ဆွမ်းများဆက်ကပ်ခြင်းစသော ကောင်းမှုဒါနအစုစုအား မိသားစုမှ ပြုလုပ်ပါသည်။

ရောက်ရှိရာဘုံဘဝမှ အေးချမ်းစွာ အနုမောဒနာခေါ်နိုင်ပါစေ။

အမျှ အမျှ အမျှ

ချစ်ဇနီး ဒေါ်လှယဉ်ယဉ်စိုး နှင့် မိသားစု

ဦးမြင့်သိန်း (၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ အရိယမဂ္ဂင်လမ်း၊ အမှတ်(၁၁/ A)နေ (ဦးပွေ့ရာ-ဒေါ်မှို)တို့၏သား၊ ဒေါ်လှလှဝင်း၏မောင်၊ ဦးမောင်မောင်၊ ဦးသန်း၊ ဒေါ်ဝင်းစိန်၊ ဦးထွန်းရွှေတို့၏အစ်ကို၊ ဒေါ်နွေးနွေး(ခ)ဒေါ်ကြည်ကြည်ခိုင်(ခန့်ချောကြီးအထည်ဆိုင်၊ မင်္ဂလာဈေး)၏ ခင်ပွန်း၊ ကိုဇော်ဝင်းထွဋ်၊ မအေးမြတ်မွန်(MILWAUKEE UNIVERSITY U.S.A)တို့၏ဖခင် ဦးမြင့် သိန်းသည် ၃၀-၁-၂၀၁၄ရက် နံနက် ၀၀း၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၄ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရင် အသက်(၉၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဒေါ်ခင်စန်းလွင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး(စီမံ) ဦးဝင်းဌေး၊ ဒေါ်လှလှတိုး တို့၏မိခင် ဒေါ်သန်းရင်သည် ၂၃-၁-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မွန်ပြည်နယ် တရားလွှတ်တော်တရာသူကြီးချုပ်နှင့်

တရားရေးမိသားစုများ



အထူးဝမ်းနည်းကြေကွဲခြင်း

ဦးပြုံး (ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

အသက်(၉၃)နှစ်

ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ကြည်ကြည်သန်း မိသားစု

လမ်း(၃၀)ရန်ကုန်

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြော့စိန်(ခ)ဒေါ်မေရီပု

(စစ်တွေ)

အထက်တန်းပြ(ငြိမ်း)၊ အထက(၁)တာမွေ

အထက(ပွဲန်တန်ဆာ)၊

Royal Rose English Centre

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်းသွယ် (၂၀)၊ အမှတ် (၁၅၉)နေ (ဦးမောင်ပု-ဒေါ်ခင်နု)တို့၏သမီးကြီး၊ လားရှိုးမြို့နေ (ဦးရွှေ ဖုန်း-ဒေါ်အုန်းမြင့်)တို့၏ သမီးချွေးမ၊ [ဦးသိန်းဇံ (လဝက-ငြိမ်း)]၏ ဇနီး၊ ဦးအေးလွင်-ဒေါ်ညိုညို၊ ဦးအောင်ထွန်းကြည်-ဒေါ်ခင်ဌေးတို့၏ အစ်မကြီး၊ ကိုနိုင်ဝင်း-မခင်သီတာထွေး၊ ကိုမျိုးထွဋ်အောင်-မလေးလေးထိုက်၊ ကိုအောင်ဇော်မိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဖူးပွင့်သဲခိုင်၊ မရွှေရည်ဦးတို့၏အဘွားသည် ၃၁-၁-၂၀၁၄ (သောကြာနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သစ်တောနဲ့သစ်ပင်

ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို

နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မြမြ (၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၁၃၀)၊ အခန်းအမှတ်(၁)နေ (နာယကကြီး ဦးတင်လှိုင်)၏ဇနီး၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်မြင့်မြင့်ဦး၊ ကပ္ပတိန်ဦးမြတ်ထွဋ်နှင့် ဒေါ်ရီရီလှိုင်တို့၏မိခင် ဒေါ်မြမြသည် ၂၇-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးလှမြင့် (၇၇)နှစ်

(BA.HGP)

တိုင်းမန်နေဂျာ၊

မြန်မာစီးပွားရေးဘဏ်(ငြိမ်း)

ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်နေ ဦးကျော်ဇေ-ဒေါ်ထားရှင်တို့၏ သားကြီး၊ ဆရာမကြီး ဒေါ်ကျင်ရီ (အလပြ-ငြိမ်း)၏ ခင်ပွန်း ဦးလှမြင့်သည် ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ဝါးခယ်မမြို့နယ် စပါးရိုကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့် (၆၅)နှစ်

(အင်/ယာ-ငြိမ်း) (လမ်းအထူးအဖွဲ့-၁၆)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၈၇၀)၊ (၂)ရပ်ကွက်၊ ပြည်လမ်းနေ ဒေါ်လတ်၏ ခင်ပွန်း၊ ကိုဘိုဘိုလတ်- မမျိုးနန္ဒာထွန်း၊ မောင်ဇေယျာကျော်လတ်၊ မသိမ့်သီရိသူ တို့၏ မွေးသဖခင်၊ မောင်မြတ်ထူးကျော်၏ အဘိုးသည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးဝိမလ(ဦးမောင်ကို) (သ/မ ဦးစီး-ငြိမ်း)

သိက္ခာတော် (၂)ဝါ၊ သက်တော်(၆၈)နှစ်

ကသာ၊ အင်းတော်၊ ဝန်းသို၊ ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အောင်ချမ်းသာရပ်ကွက်နေ (ဦးဘိုးနီး-ဒေါ်အုံးခိုင်)တို့၏သား၊ ဦးစံညွန့်၊ ဦးစံရင်၊ ဦးစံထွေး (ဒေါ်လှတင်)တို့၏တူ၊ ဦးမြင့်ဝင်း(စက်မှုလယ်ယာ၊ စစ်ကိုင်း)၏အစ်ကို၊ (ဦးမောင်မောင်ညွန့်)-ဒေါ်အေးအေးနွယ် (CB Bank၊ ပခုက္ကူမြို့)၊ ဒေါ်ပြည့်ပြည့်ခင် (K.B.Z Bank၊ ရွှေဂုံတိုင်ဘဏ်ခွဲ)တို့၏ဖခင်၊ မောင်ပြည့်စုံမောင်၏အဘိုးသည် ၃၀-၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် သင်္ဃန်းကျွန်းမြို့နယ်၊ ဝါဆိုဦးကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ဖိုး(ခ)ယူဟောင်ဖော့ (၉၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၉၉)၊ မြေညီထပ်နေ ဒေါ်ရှုရင်(ခ)ရှီရှုအိန်၏ ခင်ပွန်း၊ [ဦးမောင်လှ(ခ)ယူဟောင်ဝမ်]၊ [ဦးစိန် လွင်(ခ)ယူဟောင်အမ်း]-ဒေါ်မြမြခင်၊ [ဦးစိန်လင်း(ခ)ယူဟောင်လိန်-ဒေါ်ကြည်မြ] တို့၏အစ်ကိုကြီး၊ ဦးတင်ဦး(ခ)ယူကျောပိန်-ဒေါ်ခင်ဝင်း၊ ဦးကျော်စိန်(ခ) ယူကျောမောင်-ဒေါ်အေးအေးမြင့်(ခ)ပိုင်ချီလီ၊ ဦးညီလွင်(ခ)တန်ကျီလှိုင်-ဒေါ် ပိုးကြူး(ခ)ယူပိုးကြူးတို့၏ ဖခင်၊ ကိုအောင်ကိုမင်း-မချောစုလင်း၊ ကိုသန်းမင်းလင်း- Joyce၊ ကိုသိန်းထိုက်-မယုယုဝေ၊ မအေးအေးမော်၊ ကိုဟန်ဦးရွှေ-မဝင်းဝင်းခိုင်၊ ကိုစည်သူထွန်း၊ ကိုဉာဏ်လင်း၊ မကစ်တီချန်းတို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးသည် ၃၁-၁-၂၀၁၄ ရက် နံနက် ၅း၅၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ သဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်ချိုချိုလှိုင်

အသက်(၄၇)နှစ်

ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ပျော်ရွှင်မှု၊ သာယာမှုအပေါင်းနှင့်ပြည့်စုံတဲ့ မိသားစုဘဝလေးထဲက ထာဝရထွက်ခွာသွားတာ ၂-၂-၂၀၁၄ ရက်ဆိုရင် (၁)နှစ်ပြည့်မြောက်ခဲ့ပေမယ့် တစ်နေ့မှမေ့မရပါ။ ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် သမီးအတွက် ရည်မှန်းပြီး လှူဒါန်းခဲ့သော ဆွမ်း၊ သင်္ကန်း၊ ကျောင်းနှင့် ရေတွင်း၊ ရေကန်များအတွက် ကောင်းမှုကုသိုလ်များနှင့်အတူ နေ့စဉ်ပြုသမျှကောင်းမှုကုသိုလ်တို့အား အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ချစ်သောဖေဖေ၊ မေမေ၊ မောင်နှမများနှင့် တူ/တူမများ

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်လှ (၉၃)နှစ်

ညောင်တုန်းမြို့နယ်နေ (ဦးချစ်စရာ-ဒေါ်သောင်း) တို့၏သမီး၊ (ဦးရွှေမြ-ဒေါ်အေးကြူ) တို့၏ သမီးချွေးမ၊ အမှတ် (၃၄၇)၊ မဓာဝီလမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးမြမောင်)၏ဇနီး၊ ဒေါ်အေးသန်း(ရာ/၁၇၄၅) (မြတ်မောင်ရွှေဆိုင်)၊ ဦးအောင်ထူး-ဒေါ်မေပုလဲတို့၏မိခင်ကြီးသည် ၂၆-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးလှအောင်ဇံ (၈၃)နှစ်

(အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

(ကျောက်ဖြူ)

ကျောက်ဖြူမြို့နယ်၊ ပဒဲကပ်သပြေရွာနေ (ဦးပျော့-ဒေါ်စံရွှေဘုံ)တို့၏ သားထွေး၊ စနဲပေါက်ပြင်နေ (ဦးဖိုးသာအောင်-ဒေါ်မွေးယိုင်ဖြူ)တို့၏ သားသမက်၊ ဒေါ်အေးတင်၏ခင်ပွန်း၊ အရာခံ ဗိုလ်ခင်စိန်-ဒေါ်ရီရီပြုံး၊ ဦးကြည်ဝင်း-ဒေါ်အိုဇာဖြူ၊ ဦးထွန်းကြည်-ဒေါ်ရီရီသိန်း၊ ဒုအရာခံဗိုလ်လှနိုင်-ဒေါ်သန္တာ ဝင်း၊ ဦးဝေအောင်ချေ-ဒေါ်သင်းသင်းရီ၊ ဒုရဲအုပ်သန်းတင့်-ဒေါ်ချိုချို [ဒေါ်ရီရီထွေး(ခ)မသန်းတင့်]တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ဖောင်ပြင်ရွာ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၄ (ကြာသပတေးနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း (၅၉)နှစ်

MOGE (ငြိမ်း)

စဉ့်ကိုင်မြို့နယ်၊ တောင်ဦးကျေးရွာနေ (ဦးလှ-ဒေါ်ငြိမ်းလှ)တို့၏ သား၊ မန္တလေးမြို့၊ရွှေလုံရပ်နေ (ဦးရာတင့်-ဒေါ် တင်တင်အေး)တို့၏သားသမက်၊သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၈၁၆/ဘီ)၊ ငမိုးရိပ် (၂)လမ်းနေ ဒေါ်ယဉ်ယဉ်လှ (အတွင်းရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ သင်္ဃန်းကျွန်းမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဇော်မိုးဟိန်း-ဒေါ်ထွဋ်မျိုးစုကျော်၊ ကိုဖြိုးသူရကျော်-မဝင်းဝင်းမော်၊ ကိုစိုးသီဟကျော်တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၄ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးဆန်းမြင့်ဆွေ (၆၈)နှစ်

Strand Hotel

ရန်ကုန်မြို့နေ (ဦးအေး-ဒေါ်မြသင်) တို့၏ သား၊ ဦးတင်ဝင်း၊ ဦးသိန်းဟန် တို့၏ညီ၊ ရန်ကုန်မြို့၊ အမှတ်(၃၄၆)၊ ဗညားဒလလမ်းနေ ဒေါ်အေးအေးမြင့် (မြအေးယဉ်စတိုး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသက်ထွန်း (ကွန်ပျူတာကျွမ်းကျင်)-ဒေါ်ခိုင်ခိုင်ဆွေ၊ ဦးနေလင်းရှိန်(ခ)မော်စီ (ကုန်သည်) - ဒေါ်မီမီဆွေ၊ ဦးရဲမင်းစိုး (ဒု-အထွေထွေမန်နေဂျာ၊ MAP Co., Ltd.)-ဒေါ်နုနုဆွေ (ခေတ္တ-စင်ကာပူ)၊ ဦးဇေယျာမျိုး (ဒါရိုက်တာ၊ ဝါရွှေစင် Co., Ltd.)-ဒေါ်ကြည်ကြည်ဆွေ(ခ)ချောစု (G-2000 Men Wear) တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်ဝေယံ၊ မောင်သက်ဆွေရှိန်းပိုင်၊ မောင်ထက်ဆွေရှိန်း၊ မောင်အံ့ထူးဇေယျာ၊ မောင်ဘုန်းပြည့်ဇော်၊ မအိမ့်ချြီးဇေယျာတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုကြီး(ခ)ကိုသန့်ဇင် (၅၃)နှစ်

(ရမ်းဗြဲ၊ ကျောက်နီမော်)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော် စံပြရပ်ကွက်နေ (ဦးစိန်အောင်)-ဒေါ်မညိုတို့၏ သား၊ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဦးဘိုးရွှေလမ်း၊ အမှတ်(၂၄)နေ ဒေါ်စောမြိုင်၏မောင်၊ ဦးဘကြည်-ဒေါ်စန်းရင်တို့၏ညီ၊ ဦးသောင်းတင်-ဒေါ်ညိုညိုစိန်တို့၏ အစ်ကိုသည် ၃၀-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/ရွှေပေါက်ကံ)၊မြေကွက်အမှတ်(၁၀၀၉)၊ မြေကွက်တည်နေရာအမှတ်(၁၀၀၉)၊အင်းဝလမ်း၊ (၁၆/ရွှေပေါက်ကံ)၊ [ဒေါ်ဝင်းဝင်းဌေး(အမ်ဒီအန်-၀၀၀၉၅၄)]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဇနီး ဒေါ်ဝင်းဝင်းဌေး ကွယ်လွန်သဖြင့် ဦးစိုးဝင်းနိုင်[၁၂/ကမတ (နိုင်)၀၄၅၀၀၉] က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကိုမ်လွှာ/သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
သုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်း(တောင်ကြီး) (၈၃)နှစ်

စမ်းချောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်သိန်းဝင်း၏ ကျေးဇူးကြီးမားလှပါသော အဒေါ် သုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းသည် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) ညတွင် အမှတ်(၂၀)၊ သစ္စာလမ်း၊ TOSTA GARDEN သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စမ်းချောင်းမြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့

ဦးကျော်ငွေ (၈၃)နှစ်
(မောင်ကျော်ငွေးနာရီဆိုင်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်(၅၆ ၁/က)နေ (ဦးမြင့်ဆွေ-ဒေါ်ခင်သိန်း)တို့၏သား၊ ဦးသန်းမြင့်၊ ဒေါ်ညွန့်ညွန့်ငွေ (ကြွေ/မြေ)၊ ဦးခင်မောင်မြင့် (ပန်းချီ)၊ ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ မမွန် မြတ်သူ၊ မောင်သက်နိုင်းစံ၊ မောင်အာကာယံ၊ မမိုးထက်ယံတို့၏အဘိုး ဦးကျော်ငွေးသည် ၂၉-၁-၂၀၁၄ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်(ဆီမီးခုံ)
အသက်(၇၈)နှစ်

မြင်းခြံမြို့နယ်၊ ဆီမီးခုံနေ (ဦးအောင်သိန်း-ဒေါ်အေးချို)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ် (၁၈၅)၊ စက်မှု (၄)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးကျောက်၏ဇနီး၊ (ဦးလှရွှေ)-ဒေါ်တင်နွဲ့၊ (ဦးလှမြင့်)-ဒေါ် နုနု၊ ဦးအေး-ဒေါ်အေးအေးမာတို့၏ အစ်မကြီး၊ ဦးကံငြိမ်း-ဒေါ်တင်တင်ဆန်း၊ ဒေါ်မြမြဝင်း၊ ဦးအေးကျော်-ဒေါ်ကြူကြူဝင်း၊ (မောင်ကိုကိုလေး)၊ မသူဇာဝင်း၊ မောင်ကျော်ဦး-မတင်တင်ဦးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၁-၁-၂၀၁၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးနေဒွန်း (၅၂)နှစ်
(ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ပွဲစားဦးတင်ရှိန်-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဦးငွေအောင်ကျော်-ဒေါ်မြင့်မြင့်စိုး၊ ဦးကျော်မောင်-ဒေါ်မြင့်မြင့်ငွေးတို့၏ညီ၊ ဦးမောင်ဖုန်း-ဒေါ်စန်းရီမြင့်၊ (ကိုအောင်သိန်းငွေး)တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်အေး၏ ချစ်လှစွာသောခင်ပွန်း ပွဲစား ဦးနေဒွန်း (ကျောက်ပန်းတောင်း)သည် ၃၁-၁-၂၀၁၄ ရက် ညနေ ၅း၂၅ နာရီတွင် အောင်ရတနာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် (၃၄-E)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်း နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

စောမြတ်ကျော် (၂၉)နှစ်
(ပိန်းဇလုပ်)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ကျေးရွာ၊ တောင်ပိုင်းရပ်နေ (ဦးလှထွန်း)-ဒေါ်ခင်စိန်တို့၏သား၊ ကင်မွန်းခြုံနေ (ဦးသိန်းအောင်)-ဒေါ်ညွန့်စိန်တို့၏သားသမက်၊ ပိန်းဇလုပ်နေ စောနွယ်နီထွန်း-ဒေါ်နန်းခင်ထွေး၊ စောကျင်ကျင်ဝင်း-ဒေါ်ငွေးငွေးမြင့်၊ စောကြာပေါ်-နော်အေးသီတာ၊ စောတာကီး-နော်ဝင်းနီလာ၊ စောစန်းယု-ဒေါ်ဥမ္မာအေးတို့၏ ညီ/မောင်၊ မဖူးပွင့်ဝသန်၏ဖခင်၊ မဥမ္မာငွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁-၂၀၁၄(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၄(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကင်မွန်းခြုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကင်မွန်းခြုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့်
အ သက် ကယ် ပါ

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ရင်ရွှေ(သထုံ) (၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၄၄၉/ယူတီ)နေ (ဦးထွန်းလွင်၊ မြို့ပိုင်သထုံ)၏ ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း)၊ ဒေါ်ဝင်းကြည်တို့၏မိခင် ဒေါ်ရင်ရွှေသည် ၃၁-၁-၂၀၁၄ (သောကြာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သထုံမြို့နယ်အသင်း(ရန်ကုန်) အသင်းသူ/သားများပို့ဆောင်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ငွေးငွေး(ခ)ဒေါ်ငွေးရင်
အသက်(၈၂)နှစ်
(ဖျာပုံ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ သန္တာနက်လမ်း၊ အမှတ်(၈၈၆)နေ (ဦးမင်းခိုင်)၏ဇနီး အသင်းဝင်ဒေါ်ငွေးငွေး(ခ)ဒေါ်ငွေးရင်သည် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ The Brooklyn Hospital Center ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၄ (သောကြာနေ့)တွင် နယူးယောက်မြို့ Green Wood Cemetry ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးကြည်အောင် (၇၆)နှစ်
(ကူရှင်ကျောင်းသားဟောင်း)
(အောက်ဒိုးကြည်အောင်၊ရွှေရုပ်သွင်ခတ်ပုံ၊ မယ်လမုဘုရားဝင်း)
(အမက-၃၊မြောက်ဥက္ကလာပမြို့နယ်)
(အမက-၂၊မြောက်ဥက္ကလာပမြို့နယ်၊ ကန်တော့ခံဆရာ)

(သိက္ခာတော်ရဆရာကြီး ဦးရွှေအောင်-ဒေါ်ချိန်)တို့၏သားထွေး၊ (ဦးတင်မောင်-ဒေါ်သောင်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၉၃)၊ ခေမာသီလမ်းမ၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်စန်း၏ ခင်ပွန်း၊ (ဒေါ်သိန်းအောင်-ဦးမင်းဒင်)၊ ဒေါ်ခင်ခင်အောင်-(ဦးကျော်သိန်း)တို့၏မောင်၊ ဦးသာမိုးကြည်အောင်(အလင်းခေတ်ဂျာနယ်၊ သတင်းထောက်ချုပ်)-ဒေါ်သန္တာဦး၊ မိုင်ငြိမ်းမိုးကြည်အောင် (NGOGG)၊ မိုင်သိမ့်သိမ့်မိုးကြည်အောင် (SML)၊ မိုင်စိမ့်စိမ့်မိုးကြည်အောင် (ဂျူလီယာခေါင်းလျှော်ရည်)တို့၏ဖခင်၊ ဒေါ်အောင်ဒေလီယာကျော်-သိက္ခာတော်ရ ဆရာဦးညီဘို၊ ဒေါ်ကေသီမင်းဒင် (မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ)-ဒေါက်တာနေစိုးရွှေ၊ ဦးအောင်မိုးကျော် (MBCU)-နော်အယ်ဝါးလယ်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏အဘိုး ဦးကြည်အောင် (အောက်ဒိုးကြည်အောင်/ပညာရေး-ငြိမ်း)သည် ၃၁-၁-၂၀၁၄ (သောကြာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုသီဟစိုး(ခ)သားသား
အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၈)၊ အခန်း(၀၀၁)၊ နေကြာလမ်းနေ [ဦးတင်ငွေ- ဒေါ်ရွှေရည် (မော်ကျွန်းဆိုင်)]တို့၏မြေး၊ ဦးမြင့်စိုး-ဒေါ်ဝင်းသီတာနိုင်၊ ဒေါ်ညိုညိုသန်းတို့၏သား၊ မသီရိစိုး၏မောင်၊ မောင်မင်းသုခ၏အစ်ကို၊ ဦးမြင့်ဦး-ဒေါ်ရီရီနွယ်တို့၏တူ၊ ကိုမင်းကျော်သူ၏ညီ၊ မဇင်နှင်းနု၏အစ်ကိုသည် ၃၁-၁-၂၀၁၄ (သောကြာနေ့) ညနေ ၆း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးမင်းဆွေ (၈၃)နှစ်
အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
(လက်ပံတန်း မြို့နယ်အသင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၁၂၅)နေ (ဦးစိန်ဉာဏ်-ဒေါ်မြရှင်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ခင်စိုး)၏ ခင်ပွန်း၊ (ဗိုလ်ကြီးကိုကိုကြီး)-ဒေါ်ခင်ဆွေဦး၊ ဦးသီဟန်-ဒေါ်သန္တာဖြူ၊ ဦးဂုဏ်မာန်ကျော်-ဒေါက်တာအိမွန်မွန်ပိုင်(ခေတ္တ-Australia) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်စိုးပြည့်သူ၊ မစမ်းမိုးသီ၊ မောင်ရဲသီဟန်၊ မောင်အောင်ငြိမ်းချမ်း၊ မနှင်းသဲဖြူ၊ မဆုဝေလွင်နှင်းတို့၏အဘိုးသည် ၃၁-၁-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

တောင်ကြီးအသင်း(ရန်ကုန်)
သုဓမ္မသိင်္ဂီဒေါ်ခင်သိန်း
အသက်(၈၃)နှစ်
(တောင်ကြီး)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သစ္စာလမ်း၊ အမှတ်(၂၀)နေ တောင်ကြီးမြို့ ရွှေကျားပျံမရွှေဝါဆေးလိပ်လုပ်ငန်းပိုင်ရှင် ဒေါ်ခင်သိန်း(တောင်ကြီး)သည် ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) ညပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဒေါ်ကြည်လှိုင်(ကသာ)
အသက်(၇၆)နှစ်

ကသာမြို့နေ (ဦးအောင်ဘ-ဒေါ်တင်)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရွှေဒေါင်းလမ်း၊ အမှတ်(၆၁၈)နေ [ဦးသိန်းထွန်း (လျှပ်စစ်မှူး၊ အား/ကာ-ငြိမ်း)]၏ဇနီး၊ ဒေါ်မြမြသန်း(မ-၆၊ မ/ဒဂုံ)၊ [ကိုစိုးမင်း (V-EP.RIT)] ဦးမျိုးဝင်း(ဆသရ-ငြိမ်း၊ အင်္ဂလိပ်စာဌာန-ငြိမ်း၊ ပညာနန်းတော်အထက်တန်းကျောင်း)-ဒေါ်သင်းသင်းငွေ (ဆ/မ-ငြိမ်း)၊ [ဦးမိုးကျော် (လဝက-ငြိမ်း)]-ဒေါ်လှလှအေး(လဝက-ငြိမ်း)၊ ဦးဝင်းနိုင်-ဒေါ်ချောမမ (မူအုပ်၊ မ -၁၀၊ ဒဂုံအရှေ့)တို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၁-၁-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်ရွှေ (၆၂)နှစ်
(ရဲတပ်ကြပ်ကြီး-ငြိမ်း)
ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်နေ (ဦးအုန်းရွှေ-ဒေါ်စော)တို့၏သား၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမတန်းနေ (ဦးစိန်ထွန်း)-ဒေါ်ခြူးတို့၏ သားသမက်၊ (ဦးမောင်အုန်း)-ဒေါ်ခင်လှ၊ (ဦးမောင်မောင်စိုး)-ဒေါ်ခင်ထွေး(ဒုရဲအုပ်-ငြိမ်း)၊ ဦးဘိုမှန်-ဒေါ်ကြည်အုန်းတို့၏ ညီ/မောင်၊ ဦးအောင်မြင့်ဦး-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်စန်းစန်းဝင်းတို့၏အစ်ကို၊ မောင်မျိုးမင်းသူ-မမြင့်မြင့်နိုင်၊ မခင်မေစီ၊ မောင်ဝင့်အောင်သူတို့၏ဖခင်၊ မဇေကရီမျိုးသူ၏အဘိုး ဒေါ်အမာကြည်၏ခင်ပွန်းသည် ၃၁-၁-၂၀၁၄ (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ်(၈၆)၊ ရှစ်လွှာ၊ အုန်းပင်လမ်း၊ (အထက်)ဈေးကြီးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်မေမြင့်(မိုးမခ) (၇၅)နှစ်
(USA)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၁၇/၁၁၁)နေ [ဦးဘိုလေး (ငွေစာရင်းအရာရှိချုပ်-ငြိမ်း၊ မြန်မာ့မီးရထား)-ဒေါ်ခင်ထွေး]တို့၏ သမီးကြီး၊ [ဦးသန်းလှိုင် (သစ်တောမင်းကြီး-ငြိမ်း)-ဒေါ်အယ်နီ]တို့၏သမီးချွေးမ၊ (ဦးထွန်းဝေ)-ဒေါ်ခင်ဘုန်းမြင့်၊ ဒေါ်ခင်ပြုံးရီ(USA)၊ ဒေါ်ခင်မေရီ(USA)၊ (ဦးဝင်းသီရိ)-ဒေါ်အေးအေးမြင့်(USA)၊ (ဦးတယ်ရီကြိုင်)-ဒေါ်ခင်လေးမြင့်(USA)၊ ဦးရဲမြင့်-ဒေါ်ခင်လေးတင့်၊ ဦးမိုးသီရိ (USA)-ဒေါ်ဖြူလေးဝေ(USA)တို့၏အစ်မကြီး၊ ဦးသိန်းထွန်း(ခ) Eugene သန်းလှိုင် (USA)၏ ချစ်လှစွာသောဇနီး၊ ကိုမျိုးသီရိ (USA)၊ ကိုသက်ထွန်း(USA)တို့၏မိခင် ဒေါ်ခင်မေမြင့်သည် ၁-၂-၂၀၁၄(စနေနေ့) ဒေသစံတော်ချိန် ၀၂း၁၂နာရီတွင် အမေရိကန်နိုင်ငံ SEATTLE မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူ(မိုးမခ)မိသားစု

ဒေါက်တာခင်မောင်(B.V.S)(စစ်တွေ) (၆၉)နှစ်
ဒု-ညွှန်မှူး(ငြိမ်း)၊ မွေးကုဦးစီးဌာန

စစ်တွေမြို့နေ (ဦးမောင်စော-ဒေါ်စောဝါ)တို့၏သား၊ (ဦးထွန်းလှအောင်-ဒေါ်စောနု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ တိုက်နံပါတ်(၅)၊ အခန်း(၂)၊ ကြို့ကုန်းရိပ်သာနေ ဒေါ်သန်းယဉ်(အလပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ထွန်းဝေ(ခေတ္တ-စင်ကာပူ)-ဒေါ်နီလာဝင်း(ထွန်းဖောင်ဒေးရှင်းဘဏ်)၊ ကိုမြမင်းဇံတို့၏ မွေးသဖခင်၊ (ဦးစောလှဖြူ)-ဒေါ်တင်အေး၊ (ဦးဝင်း)-ဒေါ်မြမြခင်၊ ဒေါ်ဝင်းသာ-(ဦးမောင်ယဉ်)၊ (ဦးခင်ထွန်း)-ဒေါ်မာလာတင်၊ ဦးခင်ညွန့်-ဒေါ်သန်းရီ၊ ဦးခင်သန်း-ဒေါ်စောမာထွန်းတို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်မြနု-(ဦးထွန်းအောင်ဖြူ)၊ ဒေါ်တင်-ဒေါက်တာဦးညွန့်မောင်တို့၏ မတ်သည် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကြို့ကုန်းနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ ဦးအောင်ခင်
(Albert Mansoor) @
HAJI AHMED MANSOOR
(B.Sc, Chemistry)
Sacred Heart High School
အထက(၅) ဗိုလ်တထောင်ကျောင်းသားဟောင်း
သ/မဦးစီး(ရုံးချုပ်)ဝန်ထမ်းဟောင်း
Midland Shwepyi Trading Co., Ltd.
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မဒူကုန်းရပ်ကွက်၊ (၁၄၁)လမ်း၊ အမှတ်(၄၅)၊ ငါးလွှာယာနေ (ဟာဂျီ IC Mansoor-ဒေါ်ရန်)တို့၏သား၊ (ဦးနေဝင်း-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်စီစီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီဦးအောင်လွင်-ဒေါ်ခင်သက်၊ ဟာဂျီဦးမောင်မောင်အေး-ဟာဂျီမဒေါ်ဘေဘီတို့၏ အစ်ကို၊ ဦးအောင်မျိုးဦး (Metallic Spectrum Co., Ltd.)-ဒေါ်သန္တာ၊ ဦးမျိုးမြင့်အောင် (Hello! Mobile, Yuzana Plaza)-ဒေါ်အေးသန္တာမင်း၊ ဦးသန်းဦး (ခေတ္တ-Kuwait)-ဒေါ်ဇင်မာအောင်၊ ဦးစိုးမိုးအောင် (BEST MOBILE)၊ ဦးညီညီအောင်တို့၏ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇း၁၅ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ နာရေးတွင်ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းတံတိုင်း ဒါယိကာမကြီး
ဒေါ်သန်းသန်းစု (၆၁)နှစ်
အထက်တန်းပြ(ငြိမ်း)
အထက(၂) လမ်းမတော်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးထွန်းရှိန်-ဒေါ်လှစိန်)တို့၏ သမီး၊ ရေစကြိုမြို့နေ (ဦးဘမင်း-ဒေါ်တင်ရွှေ)တို့၏သမီးချွေးမ၊ တိုက်(၁၀)၊ အခန်း(၂)၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်နေ ဗိုလ်မှူးငွေးမြင့်(ငြိမ်း)၏ ဇနီး၊ ဒေါက်တာ ဒေါ်မြတ်စုလှိုင် (လ/ထ ကထိက၊ ရုက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ ဒေါ်မိုးစန္ဒာမြင့်၊ ဦးအာကာမြင့် (လ/ထ လဝကမှူး၊ လမ်းမတော်)-ဒေါ်ဆွေဇင်သက်၊ ဦးပြည့်ဖြိုးအောင် (Ocean Tanker)- ဒေါ်ခိုင်ပွင့်ဖြူသင်း (ကမ္ဘာ့ရတနာဘဏ်၊ ကြည့်မြင်တိုင်ဘဏ်ခွဲ)၊ ဒေါက်တာဦးဖြိုးကြွယ်မြင့် (သရုပ်ပြ၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မမြတ်နိုးထက်၊ မောင်အာကာမင်းခန့်၊ မောင်ဘုန်းထွန်းနေတို့၏ ချစ်လှစွာသောအဘွားသည် ၁-၂-၂၀၁၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
PI NING KHAW DIM
အသက်(၈၆)နှစ်

တီးတိန်မြို့နေ (Pu Kam Zam-Pi Cing Za Huai) တို့၏ ဒုတိယသမီး၊ (Pi Cing En Hau-Pu Cin Za Go), Rev. Dr. Go Za Kham-Pi Ngan Foong, (Pu Kam Khan Suan) တို့၏ ညီမ/အစ်မ၊ (U Hau Lian Thang-Daw Niang Khan Suan), Daw Huai Khan Cing- U Lian Khan Mang, (U Kham Lian Dal)-ဒေါ်သန်းသန်းမူ၊ U Dal Suan Mang-Daw Niing Suan Cing, (U Suan Khan Kham) တို့၏မွေးသမိခင်၊ (Sia F. Lian Za Thawn)၏ ချစ်လှစွာသောဇနီး၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘွား Pi Ning Khaw Dim သည် ၃၁-၁-၂၀၁၄(သောကြာနေ့) ညနေ ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၄ ရက်တွင် တီးတိန်မြို့ Sakollam ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးသိန်းအောင် (၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီ (၃)လမ်း၊ အမှတ်(၅၇၀)နေ (ဦးတင်ရွှေ-ဒေါ်လှသောင်း)တို့၏သား၊ (ဦးဘမော်-ဒေါ်ခင်လှိုင်)တို့၏သားသမက်၊ဒေါ်အေးအေးဝင်း (မြန်မာ့စိုက်ပျိုးရေး-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်မိမိလေး၏မောင်၊ ဦးလှအောင်-ဒေါ်ခင်သန်း(စိုပြေမိသားစု)၏ ညီ၊ (ဦးနု)-ဒေါ်မိမိနိုင်(Sweety Home)၏အစ်ကို၊ ကိုတင်မင်းထွန်း (မြန်မာနိုင်ငံဆရာဝန်အသင်း)-မအေးမြတ်သူ၊ ကိုအာကာလွင် (ဇင်ထက်ကုမ္ပဏီလီမိတက်)- မမြတ်စုသဲ၊ ကိုအာကာအောင် (မြန်မာနိုင်ငံဆရာဝန်အသင်း)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၄ (စနေနေ့) နံနက် ၂း၁၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဟန်သာရွှေ (၄၉)နှစ်
(ယခင် ကစလ၊ စက်ပစ္စည်းသုံး၊ ဖော့ကန်၊ အင်းစိန်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ (မ-၄၀)၊ ဒေါ်လှဝင်းကုန်းလမ်း၊ ယိုးဒယားဈေးအနီးနေ (ဦးစောသိန်းရွှေ-ဒေါ်ရွှေ)တို့၏ သား၊ (ဦးစောအုန်းတင်-နော်အဝါး)တို့၏ သားသမက်၊ နော်မာမာရွှေ၏မောင်၊ နော်နှင်းနှင်းရွှေ နော်ကြူကြူရွှေတို့၏ အစ်ကို၊ နော်လားမေ၏ ချစ်လှစွာသော ခင်ပွန်း၊ နော်အိဖြူဆောင်၊ နော်ချိုဇင်ဆောင်၊ နော်ထက်တွယ်တာဆောင်တို့၏ ချစ်လှစွာသောဖခင်၊ ဆောင်းဆန်ဆိုင်ပိုင်ရှင် ဦးစောဟန်သာရွှေသည် ၁-၂-၂၀၁၄(စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် KBC ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိဇယမဟာထေရ်
သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငရုတ်ကောင်းမြို့၊ ခမ္မိကာရုံ မြို့မကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဝိဇယ မဟာထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်) ၁၇-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၁၅- ၂-၂၀၁၄ရက်တွင် အန္တိမအဂ္ဂိစျာပနကိစ္စနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့် ဒါယကာ၊ ဒါယိယာများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **တပည့် ဒါယကာ၊ ဒါယိကာမများ**

ခမ္မိကာရုံမြို့မကျောင်းတိုက်၊
ငရုတ်ကောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

သံသိပ္ပရသေ့ကြီး
သက်တော်(၁၁၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ငါးဆူတောင်ကျေးရွာ၊ ဒီပါမြတောင်တော်တွင် သာသနာပြုလျက်ရှိသော သံသိပ္ပရသေ့ကြီးသည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်) ၃၁-၁-၂၀၁၄(သောကြာနေ့) ည ၈း၄၀ နာရီတွင် ခန္ဓာဝန်ချအနိစ္စရောက်သွားပြီဖြစ်ပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်တော်ကို ဒီပါမြတောင်တော်ရှိ စံကျောင်းတော်ကြီးတွင် အပူဇော်ခံထားရှိပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်များအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူတပည့်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
လင်ချုံကွမ်(ခ)ဦးမောင်မြ (၉၇)နှစ်
အောင်ဆန်းမြို့၊ အမှတ်(၁၂၁)၊ (၃၉)လမ်း
(E 7. ညောင်ပင်လေးဈေး)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၁)၊ မြေညီထပ်၊ (၃၉)လမ်းနေ (ဦးလင်အင်ချို-ဒေါ်ကြုံး)တို့၏ သား၊ (ဒေါ်ကျင်မြ)၏ခင်ပွန်း၊ ဒေါ်စောတင်၊ (ဦးမောင်မောင်အောင်)၊ ဒေါ်စန်းစန်းမြင့်-ဦးမြင့်ဆွေ၊ ဒေါ်သန်းသန်းဝင်း-ဦးမြင့်ဝေ (ရွှေပြည့်စုံ၊ ဘုရင့်နောင်)၊ ဒေါ်စောဟုန်-ဦးသန်းရွှေ၊ ဒေါ်ဘေဘီ-ဦးပု၊ ဦးမြထွန်း-ဒေါ်နီနီအေး၊ ဒေါ်ပြုံး၊ ဒေါ်ပုံး၊ ဒေါ်စောမူ-ဦးမြင့်ငွေးတို့၏ ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၄(သောကြာနေ့) ည ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [(၃၉)လမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရင်ရွှေ(သထုံ) (၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် (၄၄၉/ယူတီ)နေ (ဦးဘိုးသွင်-ဒေါ်ကျွေ)တို့၏သမီး၊ [ဦးထွန်းလွင်(မြို့ပိုင်၊ သထုံ)]၏ဇနီး၊ သုဝဏ္ဏနေ ဦးကြည်(ဒု-ဥက္ကဋ္ဌ၊ နိကာယ်သာသနာထွန်းကားရေးအသင်း)၏အစ်မ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း)-ဒေါ်ဝင်းကြည်၊ ဗိုလ်ကြီးဝင်းစိန်(ငြိမ်း) (ဒု-ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)-(ဒေါ်ကျင်ထူး)၊ ဒေါ်စိန်စိန်မြင့်၊ ဦးအောင်သူ-ဒေါ်အိအိဝေ (စက်မှု/သီးနှံ၊ နေပြည်တော်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၄(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ မိုးမခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရင်ရွှေ(သထုံ) (၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၄၄၉-ယူတီ)နေ (ဦးဘိုးသွင်-ဒေါ်ကျွေ)တို့၏သမီး [ဦးထွန်းလွင် (မြို့ပိုင်၊ သထုံ)]၏ဇနီး၊ သုဝဏ္ဏနေ ဦးကြည်(ဒု-ဥက္ကဋ္ဌ၊ နိကာယ်သာသနာထွန်းကားရေးအသင်း၊ နိကာယဋ္ဌေတကသမိတိ)၏အစ်မ၊ ဦးကျော်မောင်မောင်-ဒေါ်ညိုညိုတင်၊ ဒေါက်တာမိုးတင်-ဒေါက်တာအိအိတင်၊ ဗိုလ်မှူးနိုင်မိုးအောင်(ငြိမ်း)-ဒေါ်ရီရီတင်၊ ဗိုလ်ကြီးထွန်းထွန်း(ငြိမ်း)-ဒေါ်လှိုင်ဝင်းထွန်း၊ ဗိုလ်ကြီးသီဟဝင်းစိန်-ဒေါ်မြတ်မျိုးကျော့၊ ဗိုလ်ကြီးသန့်ဇော်လင်း၊ ဦးသီဟဇော်-ဒေါ်ရည်မွန်သူ၊ ဦးကျော်ဇင်ထူး(ဒု-စုံမှူး၊ စစစ)-ဒေါ်ဆုမွန်သူ (ဒု-စုံမှူး၊ စစစ)၊ ဦးထက်မြတ်အာကာ၊ မထက်နှင်းအောင်တို့၏ ချစ်လှစွာသောအဘွား၊ မခိုင်တင်ဇာသူ၊ မောင်ကောင်းတင်ဆက်၊ မောင်ကောင်းတင်ခန့်၊ မောင်ရာဇာလှိုင်၊ မဆုရည်မွန်၊ မဆုမြတ်တင်၊ မဟန်သာလှိုင်၊ မောင်စည်သူဇင်၊ မောင်အေးချမ်းပိုင်၊ မသော်တာအေးတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃၁-၁-၂၀၁၄(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [၆-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ မိုးမခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သန်း(ကြယ်ငါးပွင့်ရော်ဘာလုပ်ငန်း) (၇၄)နှစ်
ဓနုဖြူမြို့နယ်အသင်းဝင်
အမက(၉) မရမ်းကုန်း ကျောင်းအကျိုးတော်ဆောင်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ဆင်လူးကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်သိန်း)တို့၏သား၊ အမှတ်(၆၂)၊ ဦးဘဟန်လမ်းသွယ်၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ (ဦးကျော်ကျော်နိုင်)-ဒေါ်ထားထားဦး၊ ဦးထွန်းထွန်းစိုး-ဒေါ်မိုးမိုးခိုင်၊ ဦးကျော်ကျော်စိုး-ဒေါ်အေးအေးခိုင်၊ (ကိုနေလင်းဦး)၊ ဦးကျော်သူလင်း-ဒေါ်နှင်းနှင်းထိုက်၊ ဦးမင်းမင်းထိုက်-ဒေါ်သန္တာနေဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးမြင့်သန်းသည် ၃၁-၁-၂၀၁၄(သောကြာနေ့) ညနေ ၆း၃၀နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**



ယနေ့ **မာတိကာ**

ကျန်းမာရေးအသိ နေထိုင်မှုစနစ်
စာမျက်နှာ - ၂

Asian Wings လေကြောင်းလိုင်း၏ တတိယမြောက်လေယာဉ်သစ် ရောက်ရှိ
စာမျက်နှာ - ၇

မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ
စာမျက်နှာ - ၈

ပညာရေးနယ်ပယ်သို့ ခြေဆန့်ဖွယ်ရှိသည့် တေးသံရှင် ဘီယွန်စေး
စာမျက်နှာ - ၁၃

ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့ မြေပုံမြို့ရှိ ကယ်ဆယ်ရေးစခန်းများအား သွားရောက်ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁

ရခိုင်ပြည်နယ်တွင်ရောက်ရှိနေသည့် ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia ဦးဆောင်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များပါဝင်သောအဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မြောက်ဦးမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြပြီး မြေပုံမြို့သို့ရောက်ရှိကြသည်။

ထို့နောက် သံအမတ်ကြီးများအဖွဲ့သည် မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရခိုင်တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ရခိုင်အမျိုးသမီးကွန်ရက်အဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ဥရောပသမဂ္ဂသံအမတ်ကြီးက မိမိနှင့်အတူလိုက်ပါလာကြသည့်အဖွဲ့ဝင်များကို မြို့မိမြို့ဖများနှင့် မိတ်ဆက်ပေးပြီး ယခုကဲ့သို့လာရောက်ရခြင်းအကြောင်းရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ဥရောပသမဂ္ဂ သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ ရခိုင်ပြည်နယ်ရှိ ဒေသခံများနှင့်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ လျှောက်ထားသူ ၁၃၃၀၂ ဦးရှိ

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ တိုက်ခန်းဝယ်မည့်သူများ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်လျှောက်လွှာတင်နေသည်ကို တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း တိုက်ခန်း ၄၄၈ ခန်းကို အများပြည်သူများနှင့် ဝန်ထမ်းလုပ်သက်(၂၀)နှစ် ရှိသူများအား နည်းလမ်းနှစ်သွယ်ဖြင့် ရောင်းချပေးနိုင်ရန်အတွက် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ လျှောက်လွှာများလက်ခံခဲ့ရာ တိုက်ခန်းဝယ်လိုသူစုစုပေါင်း ၁၃၃၀၂ ဦးရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(အဆောက်အအုံ)မှ သိရသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေကွက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် လေးခန်းတွဲ ရှစ်ထပ်တိုက် ၁၄ လုံးကို တည်ဆောက်လျက်ရှိပြီး အဆိုပါအခန်းအရေအတွက်နှင့် တိုက်ခန်းဈေးနှုန်းများအတိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့ရောင်းချမည့် တိုက်ခန်းအမျိုးအစားများတွင် U 900 အမျိုးအစားတွင် Type-A ၉၂၇ စတုရန်းပေရှိ တိုက်ခန်း အခန်း ၉၀ ကို တစ်ခန်းလျှင် ကျပ် ၃၄၇ သိန်းဖြင့် လည်းကောင်း၊ Type-B ၈၇၇ စတုရန်းပေရှိ တိုက်ခန်း ခြောက်ခန်းကို တစ်ခန်းလျှင် ကျပ် ၃၂၉ သိန်းဖြင့် လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။ U 600 အမျိုးအစားတွင် Type-A ၆၁၄ စတုရန်းပေရှိ တိုက်ခန်း ၃၃၀ ကို တစ်ခန်းလျှင်ကျပ် ၂၅၅ သိန်းဖြင့်လည်းကောင်း၊ Type-B ၅၆၅ စတုရန်းပေရှိ တိုက်ခန်း ၂၂ ခန်းကို တစ်ခန်းလျှင် ကျပ် ၂၃၇ သိန်းဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါတိုက်ခန်းများအား နည်းလမ်းနှစ်သွယ်ဖြင့် ရောင်းချရာတွင် နည်းလမ်း(၁)မှာ ငွေအရစ်ကျဝယ်ယူမှုဖြစ် ပြီး နည်းလမ်း(၂)မှာ ဘဏ်ချေးငွေဖြင့် ဝယ်ယူမှုတို့ဖြစ်သည်။ ဘဏ်ချေးငွေမှာ လေးနှစ်အများဆုံးသတ်မှတ်ထားကြောင်း သိရသည်။ တိုက်ခန်းဝယ်သူများအနေဖြင့် လျှောက်ထားရာတွင် အစိုးရဝန်ထမ်းဖြစ်ပါက **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

ကြေးမုံ Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 FEBRUARY 2, SUNDAY

PREMIER COFFEE

စီးပွားရေး

အောင်မြင်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးမှုပုံစံ

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသည့်အလျောက် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလုပ်ဆောင်ရမည့် Key Players မှာပင်ဖြစ်သည်။ ယခုအခါ ထိရောက်သော ပို့ကုန်မြှင့်တင်မှု လုပ်ဆောင်နိုင်ရန် ကုန်ထုတ်လုပ်မှုမှသည် တင်ပို့ရောင်းချသည်အထိ အကျုံးဝင်သည့် Supply Chain တစ်လျှောက်လုံး ပါဝင်သောသူအားလုံး၏ ခံယူချက်၊ အတွေးအခေါ် (Mindset)မှအစ လုပ်နည်းလုပ်ဟန်၊ သတင်းအချက်အလက် ပိုမိုရရှိအောင်ဆောင်ရွက်မှု၊ လုပ်ငန်းတူလုပ်ကိုင်သူများ ပိုမိုပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်စေရေးနှင့် နိုင်ငံတကာစံချိန်မီ အပြည်ပြည်ဆိုင်ရာ ကုန်စည်ဒိုင်ကြီးများ (International Commodity Exchange Centre) ပေါ်ပေါက်ရေး အထူးကြိုးစားရမည်ဖြစ်သည်။

လယ်သမားများ၏အတွေးအခေါ် (Mindset) ပြောင်းလဲရေး

ယနေ့အထိ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကအားထားနေရဆဲဖြစ်ပြီး လူဦးရေ၏ အများစုသည်လည်း ကျေးလက်တွင် နေထိုင်သောကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းသည်လည်း လယ်ယာလုပ်ငန်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေဆက်စပ်နေပေသည်။ ထို့အတွက် လယ်ယာပို့ကုန်မြှင့်တင်ရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသာမကဘဲ လူအများစု၏လူနေမှုအဆင့်အတန်း မြှင့်တင်ပေးနိုင်သောကြောင့် အရေးပါဆုံးစီးပွားရေးကဏ္ဍလည်းဖြစ်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးမှာ လယ်သမားများ၏ လယ်ယာလုပ်ငန်းအပေါ် ထားရှိသည့် ခံယူချက်သဘောထားပြောင်းလဲခြင်းပင်ဖြစ်သည်။ လယ်သမားအများစုမှာ မိရိုးဖလာနည်းအတိုင်း စိုက်နေကျမျိုးကိုသာ မျိုးချန်ပြီး စိုက်ပျိုးခြင်း၊ သွင်းအားစုအပြည့်အဝမသုံးစွဲနိုင်ခြင်းတို့ကြောင့် အထွက်နှုန်းနိမ့်ပြီး သီးနှံပေါ်ချိန် ရသည့်ဈေးဖြင့်ရောင်းနေရခြင်းဖြစ်သည်။ ရောင်းပြီးပြီးချင်း အကြွေးပြန်ဆပ်ခြင်းဖြင့် လယ်ယာလုပ်ငန်းမှ မိသားစုအတွက် လုံလောက်သည့် ဝင်ငွေမရနိုင်သောကြောင့်လည်း အချို့ဒေသများတွင် အမျိုးသားများ လယ်ယာလုပ်ငန်းကို စွန့်လွှတ်ပြီး ပြည်ပထွက်၍ အလုပ်လုပ်ကြသည်မှာ အစဉ်အလာကဲ့သို့ ဖြစ်နေပေသည်။

ထို့အတွက်လည်း လယ်ယာပို့ကုန်အများစုမှာ အခြေခံမူလထွက်ကုန် (Primary Export Item) များသာဖြစ်ပြီး အရည်အသွေးနိမ့်ကျမှုကြောင့် ဈေးကောင်းမရပေ။ ဥပမာအားဖြင့် ဆန်ပို့ကုန်အများစု၏ ၂၅ ရာခိုင်နှုန်းမှာ ဧည့်မထဆန်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအရ ဆန်ဖြူတင်ပို့မှု၏ အနိမ့်ဆုံးအရည်အသွေးပင်ဖြစ်ကာ Grade ချင်းတူညီသည့်တိုင် အခြားဆန်ပို့နိုင်ငံများ (ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်)၏ ဈေးနှုန်းထက် တစ်တန်လျှင် အနည်းဆုံး ၂၅ မှ ၁၀၀ အထိ နိမ့်ကျနေပေသည်။ ထို့အတူ ပဲမျိုးစုံပို့ကုန်ဆိုလျှင်လည်း အများစုမှာ Fair Averge Quality (FAQ) အနိမ့်ဆုံးအရည်အသွေးကိုသာ တင်ပို့နေဆဲဖြစ်ပြီး Special Quality (SQ) တင်ပို့မှုနည်းနေဆဲပင် ဖြစ်သည်။ အမှန်တကယ်မှု လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြသည့် လယ်သမားအများစု ၅၁ ဒသမ ၆ ရာခိုင်နှုန်းမှာ ၅ ဧကလောက်ပိုင်ဆိုင်သည့် လယ်သမားများသာဖြစ်ပြီး မိရိုးဖလာစိုက်ပျိုးရေးကိုသာ လုပ်ကိုင်နေရဆဲဖြစ်သည်။ ယခင်က ခါးသီးသည့် အတွေ့အကြုံများကြောင့်လည်း လယ်ယာလုပ်ငန်းအပေါ် ယုံကြည်မှုမရှိဘဲ မိသားစုစားဝတ်နေရေး ဖူလုံမှုအတွက်သာ ဦးတည်ချက်ထားပြီး စိုက်ပျိုးလေ့ရှိသည်။

ထို့အတွက် မိမိစိုက်နေကျမျိုးကိုသာ မျိုးချန်ပြီး ဆက်တိုက်စိုက်ပျိုးနေခြင်း၊ သွင်းအားစုလုံလောက်စွာ အသုံးမပြုနိုင်ခြင်း၊ လယ်ယာလုပ်ငန်းတစ်ခုတည်းကိုသာ မှီခိုနေရသည့်အတွက် စွန့်စားမှုမလုပ်လိုခြင်း စသည့်အချက်များကြောင့်လည်း မိရိုးဖလာ စိုက်ပျိုးရေး Traditional Agriculture မှ စီးပွားဖြစ်စိုက်ပျိုးရေး Commercial Agriculture သို့ ပြောင်းလဲရန်အထူးခက်ခဲနေဆဲပင်ဖြစ်သည်။ အရည်အသွေးရှိပြီး ထုတ်လုပ်မှုစွမ်းအား (အထွက်နှုန်း) မြင့်မားသည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး လုပ်ဆောင်မှသာ လယ်ယာလုပ်ငန်းမှ ယခုထက်များစွာမြင့်မားသည့် ဝင်ငွေရရှိလာစေမည်ဖြစ်သည်။

ထို့အတွက် လယ်သမားများ၏ လယ်ယာလုပ်ငန်းအပေါ် ထားရှိသည့် ခံယူချက်သဘောထား ပြောင်းလဲရန် လိုအပ်သလို အရည်အသွေးမြင့်မားပြီး အထွက်နှုန်းများသည့် ဈေးကွက်ဝင်သီးနှံများ ကျယ်ကျယ်ပြန့်ပြန့် လက်ခံစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်နေပြီ ဖြစ်သည်။ ဗီယက်နမ်၊ ထိုင်းလယ်သမားများကဲ့သို့ ကမ္ဘာ့ဈေးကွက်မှ တောင်းဆိုသည့် သီးနှံများကို အရည်အသွေးကောင်းကောင်းနှင့် ထုတ်လုပ်မှုစွမ်းအား

စာမျက်နှာ ၂ သို့ »»



ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ အိမ်မဲမြို့နယ်နှင့် နီးစပ်သော မြို့နယ်များသို့ ဆက်သွယ်သွားလာနိုင်အောင် မီးရထားသံလမ်း ဆက်လက်ဖောက်လုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသည် ခရီးမိုင် ၉၈ မိုင်ရှိပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပါသည်။ ပုသိမ် (ဘဲဂရက်) အိမ်မဲလမ်းပိုင်း ၂၀ ဒသမ ၇၅ မိုင်အား ၂၁-၃-၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ရထားများပြေးဆွဲလျက်ရှိပါသည်။ ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ အပိုင်းတစ်ပိုင်းဖြစ်သည့် ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ဟင်္သာတ-ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းအား ယခုနှစ်ပွင့်လင်းရာသီတွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်ရှိသည့် အိမ်မဲ-ပန်းတနော်-စကြော့-ညောင်တုန်းလမ်းပိုင်းသည် ရေနက်ကွင်းနေရာများအား ဖြတ်သန်းဖောက်လုပ်ရာတွင် အောက်ခံမြေသားမကောင်းသည့်နေရာများအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တာပေါင်မြေကြီး လုပ်ငန်းများနှင့် သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်းများအား ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရထားလမ်းဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ယခင်က ပုသိမ်-သာပေါင်း-ငါးသိုင်းချောင်းမြို့နယ်ခွဲထိ အစိုးရ ဧရာဝတီ နှစ်ထပ်သင်္ဘော (အတက်အဆင်း) ရက်ခြားပြေးဆွဲလျက်ရှိပြီး ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ပြေးဆွဲမှုမရှိသည်မှာ ကြာပြီဖြစ်သည့်အတွက် ခရီးသွားပြည်သူများမှလည်း ပြန်လည်ပြေးဆွဲပေးရန်လိုလားလျက်ရှိ၍ ပြန်လည်ပြေးဆွဲပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ပုသိမ်-သာပေါင်း-ငါးသိုင်းချောင်း ခရီးလမ်းကို ဒေသခံခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ချောမွေ့စေရေးအတွက် ပြေးဆွဲပေးခဲ့ပါသည်။ ယင်းသို့ပြေးဆွဲပေးခဲ့ရာ၌ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း အဖြစ်ဖြင့် ဌာန၏ အရှုံး/အမြတ်ကို မကြည့်ဘဲ အရှုံးခံပြေးဆွဲပေးခဲ့ခြင်းဖြစ်ပါသည်။ ၂၀-၁၀-၂၀၀၅ ခုနှစ်တွင် ဆီစျေးနှုန်းမှာ တစ်ဂါလန် ၁၆၀ ကျပ်မှ ၁၅၀၀ ကျပ်သို့ တိုးမြှင့်သွားခြင်း၊ ၁၅-၈-၂၀၀၇ ခုနှစ်တွင်ဆီစျေးနှုန်း ၁၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်သို့ တိုးမြှင့်သွားခြင်း၊ ၁၀-၅-၂၀၁၂ ခုနှစ်တွင်ဆီစျေးနှုန်း ၃၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်သို့ တိုးမြှင့်သွားခြင်းကြောင့်လည်းကောင်း၊ မိမိပြေးဆွဲနေသော ရေယာဉ်၏ တစ်ခေါက်ဝင်ငွေမှာ ၂၀၅၇၅၀ ကျပ်ဖြစ်ပြီး တစ်ခေါက် အသုံးစရိတ်မှာ ၄၁၂၆၆၀ ကျပ်ဖြစ်သဖြင့် ခရီးစဉ်တစ်ခေါက် ၂၀၆၉၁၀ ကျပ်ခန့် အရှုံးပေါ်လျက်ရှိသောကြောင့် ဝင်ငွေနှင့် အသုံးစရိတ်မှာ မျှတမှုမရှိဘဲ အရှုံးများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ကြောင့် ပုသိမ်-သာပေါင်း-ငါးသိုင်းချောင်း ခရီးလမ်းအား ၂၅-၅-၂၀၁၂ မှစ၍ ယာယီပိတ်သိမ်းထားခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပေးခြင်းမရှိတော့ဘဲ မိမိဘဏ္ဍာငွေဖြင့်သာ သီးခြားရပ်တည်ရမည်ဖြစ်သဖြင့် စီးပွားရေးတွက်ခြေမကိုက်သော၊ အရှုံးပေါ်နေသည့် ခရီးလမ်းများကို ဆက်လက်ပြေးဆွဲရန် မသင့်ခြင်းကြောင့်လည်းကောင်း၊ ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသော နယ်မြေအနေအထားအရ အခြားခရီးလမ်းများမှလည်း ပုသိမ်-သာပေါင်း-ငါးသိုင်းချောင်းမြို့များသို့ ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်ပြီဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဌာနအနေဖြင့် ခရီးစဉ်အား ပြန်လည်ပေးဆွဲပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အဆိုပါ ခရီးစဉ်အား အခြားပုဂ္ဂလိကအဖွဲ့အစည်း များမှ မိမိဌာနပိုင်ရေယာဉ်များဖြင့် သတ်မှတ်နှုန်းထားငှားရမ်းပြေးဆွဲလိုပါက မည်သူ့ကိုမဆို ခွင့်ပြုမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ဇလွန်မြို့ ကျီးပင်ဆိပ်နေရာတွင် နှစ်စဉ်ကမ်းပြိုမှုများကြောင့် မြစ်ကမ်းနှင့် ဆည်မြောင်းတာမှာ အနီးဆုံးနေရာ၌ ၄၈ ပေခန့်ကွာဝေးကြောင်း တွေ့ရှိရပါသည်။ အလားတူ တောင်ပို့တစ်ရာ ကျေးရွာအုပ်စု၊ ဝါသာလှကျေးရွာ အရှေ့ဘက်တွင် စီးသောင်တစ်ခုဖြစ်ပေါ်နေပြီး ယခုနှစ်တွင် ကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဇလွန်မြို့နယ်နေ ပြည်သူများသည် ကမ်းပြိုကမ်းစားမှု အန္တရာယ်နှင့် တာတမံကျိုးပေါက်မှုအန္တရာယ်ကို စိုးရိမ်လျက်ရှိကြပါသဖြင့် အဆိုပါ ရေလယ်စီးသောင်များအား ဖယ်ရှားခြင်းနှင့် စီးသောင်၏ အစုန်လက်ဝဲဘက် ရေလမ်းကြောင်းအား ပိုမိုဖွံ့ဖြိုးစေရန်အတွက် သောင်တူးယန္တရားစက်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ဇလွန်မြို့ ရေတိုက်စား ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၁၉၉၉-၂၀၀၀ မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ရရှိသော ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်ထောင်စုဝန်ကြီးဌာန၏ ဇလွန်မြို့အဝင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၂ ဒသမ ၀၀ ခွင့်ပြုပါရှိပြီးဖြစ်ပါသည်။ မြစ်ကြောင်း၊ ရေလမ်းကြောင်း အခြေအနေများကို အသေးစိတ်ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဆောင်ရွက်သင့်သည့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေဘောင်အတွင်းမှ ယခုနှစ် မြစ်ရေမတက်မီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဇလွန်မြို့ရေလယ် စီးသောင်တူးဖော်ခြင်းလုပ်ငန်းကို ကွင်းဆင်း၍ အသေးစိတ်လေ့လာပြီး တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၄။ လေးမျက်နှာမြို့နယ် သခွပ်ချောင်း ကျေးရွာအုပ်စု သောင်ဦးရွာ ငဝန်မြစ်ကမ်းဘေးရှိ ရွှေကြက်ကျာဘုရား၊ ကမ်းထိန်းကမ်းဆယ်ခြင်း၊ ယခင်ဆောင်ရွက်ခဲ့သော်လည်း ကမ်းထိန်းနံရံတချို့ ပြိုကျသည့်အတွက် ၎င်းအား ပြင်ဆင်ပေးရန်နှင့် ထပ်မံ၍ အရှည်(၁၀၀၀)ပေအား ကမ်းထိန်းကမ်းဆယ်ခြင်း လုပ်ငန်း ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ လေးမျက်နှာမြို့နယ် ရွှေကြက်ကျာဘုရား ကမ်းထိန်းလုပ်ငန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သံခြင်းအခြေပြုကမ်းထိန်းကျောက်စီတမံနှင့် ဝါးကရစ်တန်း တည်ဆောက်ခြင်းလုပ်ငန်း အလျား ပေ ၄၂၀ ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါရွှေကြက်ကျာဘုရား ကမ်းထိန်းလုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ရန်ပုံငွေရရှိရေးတင်ပြတောင်းခံခဲ့ပါသည်။ ရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၅။ ကြံခင်းမြို့ မြစ်ကမ်းပါးများကမ်းပြိုလျက်ရှိရာ ၂၀၁၃ မြစ်ရေတက်ချိန်တွင် မိုင်တိုင်အမှတ်(၁၆/၄)နှင့် (၁၆/ ၆)တွင် ရေကာတာတစ်ခြမ်းပြိုကျခဲ့၍ လာမည့် ၂၀၁၄ ခုနှစ် မြစ်ရေတက်လာသည့်အခါတွင် လုံးဝပျက်စီးသွားနိုင်ပါသည်။ သို့ဖြစ်၍ ကြံခင်းမြို့ ရေဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ကျောက်ပြားကပ်၍ရေထိန်းနံရံပြုလုပ်ခြင်းအား မြို့မရပ်ကွက် (အခေါင်ဆိုင်ရာ မြသီတာစေတီတော်)မှ ဘိလပ်မြေဆိပ်အထိ (၁၈/၄)မိုင်အတွင်း ကျောက်ပြားကပ်ပေးခြင်းကိုပြုလုပ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ဦးမြင့်လွင်၏ တင်ပြချက်တွင်ပါဝင်သော မိုင်တိုင်အမှတ် (၁၆/၄)နှင့် (၁၆/၆)တွင် ရေကာတာ တစ်ခြမ်းပြိုကျခဲ့ခြင်းမှာ ဆည်မြောင်း၏စွန့်ပစ်တာဖြစ်ကြောင်း သိရှိရပါသည်။ လွန်ခဲ့သောနှစ် ၃၀ ခန့်က ၎င်းစွန့်ပစ်တာရေတိုက်စားခံရသဖြင့် ဆည်မြောင်းဦးစီးဌာနက ၎င်းတာ၏ ကုန်းတွင်းဘက် ပေ ၈၀၀ ခန့်အကွာတွင် ပန်းတာတစ်ခု တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခုတင်ပြသည့် မိုင်တိုင်အမှတ် (၁၆/၄)နှင့် (၁၆/၆)တွင် ကမ်းပြိုရခြင်းမှာ ရေများကာလအတွင်းမြစ်ရေဝင်ရောက်ပြီး ရေပြန်ကျချိန်စိမ့်ရေတွန်းအားကြောင့် လည်းကောင်း၊ ရေလှိုင်းပုတ်ခတ်မှုကြောင့်လည်းကောင်း အနည်းငယ်ပြိုကျခြင်းမျိုးဖြစ်ကြောင်း တွေ့ရှိရပြီး မြစ်ကမ်းပါးဆင်ခြေလျှောပြေပြစ်ခြင်း၊ ဧရာဝတီမြစ်၏ အဓိကရေစီးကြောင်းနှင့် ၂ မိုင်ခန့်ကွာဝေးခြင်း၊ ယခင်နှစ်များကတည်းက ရေကြောင်းပြောင်းလဲမှုဖြစ်စဉ်များကြောင့် နွေကာလတွင်မြစ်မကြီးမှ ရေဝင်ရောက်မှုမရှိတော့ဘဲ မြစ်ကျိုးတစ်ခုသဖွယ် ဖြစ်ပေါ်နေပြီး သဲနုန်းကျ၍ အချို့နေရာများတွင် စိုက်ပျိုးမြေအဖြစ်ပင် တွေ့ရှိရသဖြင့် လောလောဆယ် အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေမျိုးမရှိကြောင်း သုံးသပ်ရရှိပါသည်။ သို့ဖြစ်၍ နေရာကွက်၍ ဖြစ်ပေါ်သော အသေးစားကမ်းပြိုမှုများအတွက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဩဂုတ်၊ စက်တင်ဘာလများတွင် ဒေသအစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော လှိုင်းကာတန်းတည်ဆောက်ခြင်းလုပ်ငန်းမျိုးကိုသာ ဆောင်ရွက်သင့်ပါကြောင်းနှင့် လောလောဆယ် ရေကြောင်းနှင့် မြစ်ကမ်းပါးအခြေအနေများအရ ကျောက်ပြားကပ် နံရံတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အဆိုပါကမ်းပြိုသည့်နေရာတွင် ယာယီကာကွယ်မှုများဆောင် ရွက်ရန်လိုအပ်သော အစီအမံများကို အကြံပြုတင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ မော်တော်ဆိုင်ကယ်နှင့်အငှားခရီးသည်ပို့ဆောင်ရေးလုပ်ငန်းသည် ဥပဒေအရ ဆောင်ရွက်ခွင့်မရှိသော တိုင်းဒေသကြီးအသီးသီးတွင် ခရီးသည်ပို့ဆောင်ရေးကယ်ရီလုပ်ငန်း ဆောင်ရွက်နေပါသဖြင့် တရားဝင်ခွင့်ပြုနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ မော်တော်ဆိုင်ကယ်များအား ဆိုင်ကယ် Taxi အဖြစ် အငှားပြေးဆွဲခြင်းလုပ်ငန်းများသည် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ ဒေသတွင်းသယ်ယူပို့ဆောင်ရေးစွမ်းအားမပြည့်စုံခြင်း၊ မော်တော်ယာဉ်များနှင့်နှိုင်းယှဉ်ပါက ယာဉ်တန်ဖိုးနှင့် ယာဉ်အသုံးပြုမှုကုန်ကျစရိတ်နည်းပါးခြင်း၊ စီးနင်းအသုံးပြုခသက်သာပြီး မြို့နေလူတန်းစားများသာမက တောရပ်နေလူတန်းစားများပါ လိုရာခရီးသို့ လမ်းမရွေး၊ အချိန်အခါမရွေး လွယ်ကူစွာ သွားလာမောင်းနှင်အသုံးပြုနိုင်ခြင်းများကြောင့် ပြည်နယ်ဒေသအသီးသီးတွင် ပေါ်ပေါက်ခဲ့ရပါသည်။ သို့ရာတွင် မော်တော်ဆိုင်ကယ်သည် နှစ်ဘီးသာရှိပြီး မော်တော်ယာဉ်ကဲ့သို့ အတွင်းသို့ဝင်စီးရသော ယာဉ်အမျိုးအစားမဟုတ်ဘဲ အပေါ်မှခွ၍စီးရသဖြင့် အကာအကွယ်မဲ့နေခြင်း၊ ဟန်ချက်ပျက်လွယ်ခြင်းများကြောင့် ယာဉ်မတော်တဆမှုအဖြစ်များပြီး မော်တော်ယာဉ်မောင်းသူများထက် မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများမှာ ထိခိုက်ဒဏ်ရာသေဆုံးမှုဖြစ်ရန် လွယ်ကူပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်စိတ်ချလုံခြုံမှုမရှိသဖြင့် ကိုယ်ပိုင်စီးယာဉ်အဖြစ်သာသင့်တော်ပါသည်။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ အခန်း(၂) (ဇ)အရလည်း အငှား Taxi အဖြစ် ပြောင်းလဲမှတ်ပုံတင်ခြင်းကို ကန့်သတ်ထားပြီး ခရီးသည်ပို့ဆောင်ရေးအငှားယာဉ်အဖြစ် အသုံးပြုခွင့်မပြုခြင်းဖြစ်ပါသည်။ မော်တော်ဆိုင်ကယ်စီးနင်းသူများသည် သတ်မှတ်ထုတ်ပြန်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ အလေးထားလိုက်နာခြင်း၊ အထူးသဖြင့် အရည်အသွေးပြည့်မီသောဆိုင်ကယ်စီးဦးထုပ်များဆောင်း၍ မေးသိုင်းကြိုးများ တပ်ဆင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးအနာတရဖြစ်မှုများ လျော့နည်းမည်ဖြစ်ပါသည်။ သို့ပါ၍ မော်တော်ဆိုင်ကယ်ဖြင့် အငှားခရီးသည်ကယ်ရီလုပ်ငန်း တရားဝင်ခွင့်ပြုခြင်းအစား သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ပူးပေါင်းပြီး ဒေသလိုအပ်ချက်အရ ကြီးကြပ်ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ဒုတိယဝန်ကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

နိုင်ငံတကာတွင်လည်း Road Safety အတွက် စံသတ်မှတ်ချက်များနှင့် ဥပဒေများ ပြဋ္ဌာန်းထားရှိပါသည်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှလည်း Road Safety နှင့် ပတ်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီသွားလာမောင်းနှင်နိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ရေကြည်မြို့နယ်အတွင်း မြန်မာ့မီးရထားလုပ်ငန်းမှ ရထားပြေးဆွဲဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း ရထားလမ်းအရှည်မိုင် (၂၁)မိုင်ဖြစ်ပြီး ဘူတာ (၄)ခုတည်ရှိပါသည်။ မိမိမြို့နယ်ရှိ ရထားလမ်းနှင့်ကပ်လျက်ရှိသော ကျေးရွာအုပ်စု (၁၆)အုပ်စုမှ ဒေသခံပြည်သူများသည် သွားလာဆောင်ရွက်ရန်နှင့် ကုန်ပစ္စည်းများသယ်ယူရန် မီးရထားကိုသာ အဓိကထားသုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရထားလမ်းများ လုံခြုံစိတ်ချလျင်မြန်စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် လမ်းပိုင်းဆိုင်ရာ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ရေကြည်မြို့နယ်နှင့် အသုတ်ကျေးရွာအုပ်စုကြားတွင် တည်ရှိသည့် သခွတ်ကုန်းကျေးရွာအုပ်စုသည် ရေကြည်ဘူတာမှ (၅) မိုင်အကွာ၊ အသုတ်ဘူတာမှ (၆)မိုင်အကွာတွင်တည်ရှိသော ကျေးရွာအုပ်စုဖြစ်ပါသည်။ အဆိုပါ ကျေးရွာအုပ်စုတွင် လက်ရှိရထားရပ်စခန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး လက်ရှိသခွတ်ကုန်းကျေးရွာအုပ်စုနှင့် ဝက်ရုပ်ကျေးရွာအုပ်စုမှ ပြည်သူများ သွားလာဆောင်ရွက်လျက်ရှိသော်လည်း လော်ကယ်ရထားတစ်စင်းသာ ယင်းနေရာများနှင့် ကုန်စည်ပစ္စည်းများသယ်ဆောင်ရေးအတွက် အခက်အခဲများ ရှိမှုအပေါ် ယင်းရပ်စခန်းအား ဘူတာအဖြစ် သတ်မှတ်ဆောင်ရွက်ပေးနိုင်ပါက လက်ရှိ အသုံးပြုလျက်ရှိသည့် ကျေးရွာအုပ်စု (၂)အုပ်စုအပြင် ဘုရားငူ၊ ကွဲ့တလင်း၊ ကွင်းသုံးဆင့်၊ လှည်းထောက်စသည့်ကျေးရွာ စာမျက်နှာ ၃ သို့ »

အောင်မြင်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးမှုပုံစံ

»» ရွှေဖုံးမှ

မြင့်တက်အောင် ကြိုးစားခြင်းဖြင့် လယ်ယာလုပ်ငန်းမှ မြင့်မားသည့် ဝင်ငွေရရှိနေသောကြောင့်လည်း လယ်ယာမြေ ချစ်စိတ် ပိုမိုကြီးထွားလာသလို စီးပွားဖြစ်လယ်ယာစိုက်ပျိုးမှုဖြစ်စေရန် အစဉ်ကြိုးစားခြင်းကြောင့်လည်း လယ်ယာပို့ကုန်များ အများဆုံးတင်ပို့နိုင်သည့် နိုင်ငံများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ထို့အတွက် ELG ပုံစံကို ဖော်ဆောင်မည်ဆိုပါက မြန်မာနိုင်ငံ၏ အဓိကပို့ကုန် အမယ်တစ်ခုဖြစ်သည့် လယ်ယာပို့ကုန်များ မြှင့်တင်ရေးအတွက် လယ်သမားတိုင်း၏ အတွေးအခေါ်ခံယူချက် ပြောင်းလဲရန် အထူးလိုအပ်နေပြီဖြစ်သည်။

လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍ

ထိုနည်းတူ Supply Chain တစ်လျှောက်ပါဝင်သည့် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း ပို့ကုန်မြှင့်တင်ရေးအတွက်အရေးပါပြီး ကြိတ်ခွဲမှုအပိုင်း၊ သယ်ယူပို့ဆောင်မှုအပိုင်း၊ သိုလှောင်မှုအပိုင်း၊ ပြည်တွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုအပိုင်း စသည်တို့တွင် ပို့ကုန်အရည်အသွေး မြင့်မားရေးနှင့် တန်ဖိုးမြှင့်ပို့ကုန် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အလေးထားရမည်ဖြစ်သည်။ လုပ်ငန်းရှင်တစ်ဦးချင်းစီ၏ စီးပွားရေးကျင့်ဝတ်ကအစ ပြုပြင်ရမည်ဖြစ်သည်။ နိုင်ငံ

မိမိနိုင်ငံ၏ အဓိက ပို့ကုန်များနာမည်ကောင်းဖြင့် ရပ်တည်နိုင်ရန်နှင့် တိုင်းပြည် Brand Name တည်ဆောက်နိုင်ရေး ပို့ကုန်လုပ်ငန်းရှင်များ အထူး အလေးထားကြိုးစားရမည်ဖြစ်

တကာကုန်သွယ်မှုသည် ယှဉ်ပြိုင်မှုပြင်းထန်သလို ကုန်သည်တစ်ဦးချင်းစီ၏ တင်ပို့မှုသည် တိုင်းပြည်ကို ကိုယ်စားပြုသောကြောင့် ကုန်သည်တစ်ဦးမှ အရည်အသွေးနှင့်ပတ်သက်၍ ၎င်းသဘောတူထားသည့် စာချုပ်အရလည်းကောင်း အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ခြင်းမရှိလျှင် တိုင်းပြည်၏ Image ကိုပါ ထိခိုက်နိုင်ပေသည်။

အထူးသဖြင့် တစ်နပ်စားဉာဏ်ဖြင့် အလေးချိန်တိုးစေရန် ခဲ၊ သလဲ ရောနှောခြင်း၊ ခဲထိုးခြင်း၊ ရေထိုးခြင်း၊ အရောင်ဆိုးခြင်း စသည်တို့ မကြာမကြာ တွေ့ကြုံနေရဆဲဖြစ်သောကြောင့်လည်း မြန်မာ့ပို့ကုန်များ ပြည်ပစျေးကွက်များတွင် နာမည်ဆိုးများဖြစ်ပေါ်နေ၍ ရေရှည်တည်တံ့သော စျေးကွက်ရရှိရန် ခက်ခဲနေဆဲပင်ဖြစ်သည်။ မိမိနိုင်ငံ၏ အဓိကပို့ကုန်များ နာမည်ကောင်းဖြင့် ရပ်တည်နိုင်ရန်နှင့် တိုင်းပြည် Brand Name တည်ဆောက်နိုင်ရေး ပို့ကုန်လုပ်ငန်းရှင်များ အထူးအလေးထားကြိုးစားရမည်ဖြစ်သည်။ သတ်မှတ်ထားသည့် အရည်အသွေးရှိမှသာ ရေရှည်တည်တံ့သော စျေးကွက်ရရှိနိုင်မည်ဖြစ်၍ ပို့ကုန်လုပ်ငန်းရှင်တိုင်း အထူးသတိထားဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတိုင်း မိမိနိုင်ငံထွက် ကောင်းပေ့ညွန့်ပေ့ဆိုသည့် ကုန်ပစ္စည်းများ တင်ပို့ရောင်းချပြီး တိုင်းပြည်၏ Brand Name တည်ဆောက်ကာ ရေရှည်တည်တံ့သောစျေးကွက်ကို ထိန်းသိမ်းလေ့ရှိကြသည်။

(ဆက်လက်ဖော်ပြပါမည်)

» စာမျက်နှာ ၂ မှ

အုပ်စု (၄)အုပ်စုမှ ပြည်သူများနှင့် ကုန်စည်များပါ အဆင်ပြေချောမွေ့စွာ သွားလာပို့ဆောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါရပ်စခန်းအား ဘူတာအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန်နှင့် အဆင့်တိုးမြှင့်ပေးနိုင်ရန် အခက်အခဲရှိပါက လက်ရှိသွားလာလျက်ရှိသော လော်ကယ်ရထားနှင့် စာပို့ရထားများရပ်နား၍ ခရီးသည်နှင့် ကုန်စည်များ တင်ဆောင်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ရေကြည်မြို့နယ်အတွင်း ရထားလမ်းအရှည် ၂၃ မိုင်ရှိပြီး ဇရပ်လှ၊ ရေကြည်၊ အသုတ်၊ ယိုးဒယားတက်ဘူတာ လေးခုတည်ရှိပါသည်။ ဒေသခံပြည်သူများသွားလာရေးနှင့် ကုန်ပစ္စည်းသယ်ယူရာ၌ ရထားလမ်းများ လုံခြုံစိတ်ချလျင်မြန်စွာသွားလာနိုင်ရေးအတွက် လမ်းပိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အသုတ်-ယိုးဒယားတက်လမ်းပိုင်းအား စီမံချက်ရေးဆွဲ၍ အဆင့်မြင့်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ယခင်တစ်နာရီ ၂၀ မိုင်နှုန်းမှ ၂၅ မိုင်နှုန်းအထိ တိုးမြှင့်ပြေးဆွဲလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေကြည်-ဇရပ်လှ လမ်းပိုင်းအား စီမံချက်ရေးဆွဲ၍ အဆင့်မြင့်ပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းအမှတ် (၉)နယ်မြေအတွင်း အမြန်ရထားအမှတ် (၁၈၁၊ ၁၈၂) စုန်/ဆန်ရထားများသည် ပုသိမ်မှ ကြံခင်းထိ ၁၄၇ ဒသမ ၀၀ မိုင်ပြေးဆွဲချိန် ၁၀ နာရီဖြင့် ပြေးဆွဲနေပြီး ကြားဘူတာပေါင်း (၂၈) ဘူတာရှိသည့်အနက် (၆)ဘူတာကိုသာလျှင် မရပ်ဘဲ ကျန် (၂၂) ဘူတာကို ရပ်ပေးနေရသဖြင့် ပျမ်းမျှတစ်နာရီ ၁၅ မိုင် နှုန်းခန့်သာ ပြေးဆွဲနေရပါသည်။ အမြန်ရထားရပ်တန့်ခြင်းမရှိသော ဘူတာ(၆)ဘူတာတွင် ဘူတာအဝင်/အထွက် တစ်နာရီ ၁ မိုင်နှုန်းခွင့်ပြုနေရာမှ တစ်နာရီ ၂၅ မိုင်နှုန်းပြေးဆွဲရန်နှင့် လမ်းပိုင်းအသီးသီးတွင် တစ်နာရီ ၂၅ မိုင်နှုန်းပြေးဆွဲနေရာမှ တစ်နာရီ ၃၀ မိုင်နှုန်းပြေးဆွဲရန် စီမံချက်ချ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ မေးခွန်းပါသခွတ်ကုန်ကျေးရွာအုပ်စုမှာ ပြန်လည်မေးမြန်းစိစစ်ချက်အရ အသုတ်နှင့် ရေကြည်ကြားရှိ ကွင်းကြီးရပ်စခန်းဘူတာကို ဆိုလိုကြောင်း သိရှိရပါသည်။ ဘူတာအဆင့်မြှင့်ခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း အမှတ် (၁၈၅) အဆန် /(၁၈၆) အစုန် ဟင်္သာတ -ကြံခင်းစာပို့ရထားအား ကွင်းကြီးဘူတာတွင် ရပ်တန့်ပေးရေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ပြည်နယ်ဒေသအသီးသီးတွင် အငှားတက္ကစီပြေးဆွဲနေသော ဆိုင်ကယ်များအား တရားဝင်အသင်း ယာဉ်ဖွဲ့စည်း၍ အခွန်အခများ ကောက်ခံပြီး လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ်များအား ဆိုင်ကယ် Taxi အဖြစ် အငှားပြေးဆွဲခြင်းလုပ်ငန်းများသည် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဒေသတွင်းသယ်ယူပို့ဆောင်ရေး စွမ်းအားမပြည့်စုံခြင်း၊ မော်တော်ယာဉ်များနှင့် နှိုင်းယှဉ်ပါက ယာဉ်တန်ဖိုးနှင့် ယာဉ်အသုံးပြုမှု ကုန်ကျစရိတ်နည်းပါးခြင်း၊ စီးနင်းအသုံးပြုခသက်သာပြီး မြို့နေလူတန်းစားများသာမက တောရပ်နေလူတန်းစားများပါ လိုရာခရီးသို့လမ်းမရွေး၊ အချိန်အခါမရွေး လွယ်ကူစွာ သွားလာမောင်းနှင်အသုံးပြုနိုင်ခြင်းများကြောင့် မြို့နယ်ဒေသအသီးသီးတွင် ပေါ်ပေါက်ခဲ့ရပါသည်။ သို့ရာတွင် မော်တော်ဆိုင်ကယ်သည် နှစ်ဘီးသာရှိပြီး မော်တော်ယာဉ်ကဲ့သို့ အတွင်းသို့ဝင်စီးရသော ယာဉ်အမျိုးအစား မဟုတ်ဘဲ အပေါ်မှခွ၍စီးရသဖြင့် အကာအကွယ်မဲ့နေခြင်း၊ ဟန်ချက်ပျက်လွယ်ခြင်းများကြောင့် ယာဉ်မတော်တဆမှုအဖြစ်များပြီး မော်တော်ယာဉ်မောင်းသူများထက် မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများမှာ ဒဏ်ရာရ ထိခိုက်သေဆုံးမှုဖြစ်ရန် လွယ်ကူပြီး ယာဉ်အန္တရာယ် လမ်းအန္တရာယ် စိတ်ချလုံခြုံမှုမရှိသဖြင့် ကိုယ်ပိုင်စီးယာဉ် အဖြစ်သာသင့်တော်ပါသည်။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေ အခန်း(၂) (ဇ) အရလည်း အငှား Taxi အဖြစ် ပြောင်းလဲမှတ်ပုံတင်ခြင်းကို ကန့်သတ်ထားပြီး ခရီးသည် ပို့ဆောင်ရေးအငှားယာဉ်အဖြစ် အသုံးပြုခွင့်မပြုခြင်းဖြစ်ပါသည်။ သို့ပါ၍ ဆိုင်ကယ်တက္ကစီများအတွက် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ပြီး တရားဝင်အခွန်အခများ ကောက်ခံ၍ အသင်းအဖွဲ့ဖွဲ့စည်းရန် မသင့်တော်ပါ။ တရားဝင်ဖွဲ့စည်းလုပ်ကိုင်ခွင့်ရပါက ဥပဒေနှင့်မညီသောလုပ်ငန်းကို တရားဝင်ခွင့်ပြုသကဲ့သို့ဖြစ်ပြီး ဥပဒေအရထိန်းကြောင်းရန် ခက်ခဲလာမည်ဖြစ်ပါသည်။ မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ လိုက်နာရန် စည်းမျဉ်းစည်းကမ်းချက်များကိုလည်း ဥပဒေ၊ နည်းဥပဒေများအရ သတ်မှတ်ထုတ်ပြန်ထားပြီး လိုက်နာဆောင်ရွက်ရန်သာဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း Road Safety နှင့် ပတ်သက်၍ စံသတ်မှတ်ပြဋ္ဌာန်းချက်များအရလည်း မော်တော်ဆိုင်ကယ်များအား အငှားလုပ်ငန်းဆောင်ရွက်ခွင့်ပြုထားခြင်းမရှိပါ။ ထို့ကြောင့် တရားဝင်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းအစား သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီများ၏ အစီအစဉ် ဖြင့်ရပ်ကွက်၊ ကျေးရွာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်း၍ ဒေသလိုအပ်ချက်အရ ကြီးကြပ်ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒုတိယဝန်ကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

Road Safety စံသတ်မှတ်ချက်များအရ နိုင်ငံတကာတွင်လည်း နှစ်ဘီးတပ်ယာဉ်များအား အငှားယာဉ်အပြင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမထားပါ။ သို့ရာတွင် ဒေသလိုအပ်ချက်အရ မောင်းနှင်အသုံးပြုနေရသော ဆိုင်ကယ်ကယ်ရီများပြေးဆွဲမှုအပေါ် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ် ဆောင်ရွက်စေသင့်ပါကြောင်း ဖြေကြားခဲ့ပါသည်။

၄။ ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရာတွင် ပုသိမ်(ဘဲဂရက်)-အိမ်မဲလမ်းပိုင်းတွင် ပါဝင်သည့် ရထားလမ်းအူကြောင်း၏ လမ်းဘေး ဝဲ၊ ယာတစ်ဖက်လျှင် အကျယ်အဝန်းမည်မျှ သတ်မှတ်ထားရှိပြီး ဘူတာရပ်ဝန်းမြေနေရာအား မည်မျှသတ်မှတ်ထားကြောင်း သိရှိလိုပါသည်။ အဆိုပါ အသုံးပြုလိုသော မြေများသည် လယ်ယာမြေများဖြစ်ပါက လက်ရှိလုပ်ကိုင်ခွင့်ရရှိသူများကို မြေတန်ဖိုးပေးလျော်နိုင်ခြင်း ရှိ၊ မရှိနှင့် ပေးလျော်မည်ဆိုပါက မည်သည့်နှုန်းထားဖြင့် ပေးလျော်မည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ပန်းတနော်- စကြော့လမ်းပိုင်းတွင် ရထားလမ်းအူကြောင်းမှ ဘေးဝဲ၊ ယာ တစ်ဖက်လျှင် ၇၅ ပေစီ စုစုပေါင်း ပေ ၁၅၀ အကျယ်နှင့် ဘူတာယာဒ်ဝင်းနေရာများတွင် အလျား ၁၆၀၀ ပေ၊ အကျယ် ၁၅၀ ပေ သတ်မှတ်ထားပါသည်။ ရထားလမ်းဖောက်လုပ်ရာတွင် လမ်းအူကြောင်းနှင့် မလွတ်ကင်း၍ ဆုံးရှုံးသွားသော သီးနှံစိုက်ခင်းများအတွက် သီးနှံနစ်နာကြေးပေးလျော်ရန်နှင့် နေအိမ်များလျော်ကြေးကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းပေးထားသော မြေယာလျော်ကြေးကော်မတီများ၏ အစီရင်ခံစာအရ ထောက်ခံတင်ပြသည့်အတိုင်း ပေးလျော်ရန် သတ်မှတ်ပါက သက်ဆိုင်ရာဒေသ အာဏာပိုင်မှထောက်ခံတင်ပြသည့်နှုန်းအတိုင်း နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ အင်္ဂပူမြို့နယ်အတွင်း ဈေးနှုန်းအသက်သာဆုံးဖြစ်သည့်မီးရထားအား ပြည်သူများစီးနင်းမှုများလာအောင် မီးရထားလမ်းများအားကောင်းအောင် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ရထားလမ်းတစ်မိုင်အတွက် လမ်းခင်းကျောက် ၄၂၀ ကျင်းခန့် လိုပါသည်။ ကျောက်တစ်ကျင်းငွေကျပ် ခြောက်သောင်းခန့်ကုန်ကျသဖြင့် တစ်မိုင်အတွက် လမ်းခင်းကျောက်ဖိုးငွေကျပ် ၂၅ သန်းခန့်ကုန်ကျပါသည်။ ရထားလမ်းမိုင်ပေါင်း ၃၇၀၀ ခန့်အတွက် လမ်းခင်းကျောက်ခဲနှုန်းပြည့်ဖြည့်ရန် ဘဏ္ဍာငွေကျပ် ၉၂ ဘီလီယံခန့်ကုန်ကျပါသည်။ ရထားလမ်းပြေးဆွဲခြင်းသည် ကုန်ကျစရိတ်ကြီးမားသဖြင့် နိုင်ငံတော်မှ Subsidies လုပ်ပေးရပါသည်။ ဥပမာ-ကြံခင်း-ပုသိမ်ရထားတစ်ခေါက် ပြေးဆွဲပါက ဝင်ငွေ ၂၁၂၄၃၀ ကျပ်ရရှိပြီး ဒီဇယ်ဆီဖိုး ၃၆၇၅၀၀ ကျပ်ကုန်ကျသဖြင့် ရထားတစ်ခေါက်ပြေးဆွဲလျှင် နိုင်ငံတော်ကငွေကျပ် ၁ ဒသမ ၅ သိန်းခန့် အရှုံးခံပြေးဆွဲနေရပါသည်။ လမ်းပြုပြင်ထိန်းသိမ်းစရိတ်၊ ဝန်ထမ်းစရိတ်၊ စက်ခေါင်းနှင့် တွဲများပြုပြင်စရိတ်ထည့်တွက်ပါက မီးရထားတစ်ခေါက်ပြေးဆွဲလျှင် ငွေကျပ် ၁ ဒသမ ၅ သိန်းထက်ပို ၍အရှုံးခံနေရပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရထားလမ်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၆၀ ပေါင်သံလမ်းများအစား ၇၅ ပေါင်သံလမ်းများလဲလှယ်၍ ကွန်ကရစ်ဇလီဖားများအား ထည့်သွင်းခဲ့သဖြင့် ယခင်ကတစ်နာရီ ၂၀ မိုင်နှုန်းပြေးဆွဲနေရာမှ ၂၅ မိုင်နှုန်း တိုးမြှင့်ပြေးဆွဲနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တစ်နာရီ ၃၅ မိုင်နှုန်းပြေးဆွဲနိုင်အောင် စီမံချက်ချဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ ဟင်္သာတမြို့နယ်တွင် မှတ်ပုံတင်သက်တမ်းကြာမြင့်နေသည့် “ဟ” အက္ခရာ၊ လက်ကိုင်တပ်သုံးဘီးယာဉ်များ၊ ဒိုင်ဟတ်စုသုံးဘီးယာဉ်နှင့် မာဇဒါသုံးဘီးယာဉ်(သုံးဘီးဆိုင်ကယ်မပါ) များအားအခြားအက္ခရာ “စ မှ အ” များနည်းတူ ပိုင်ရှင်ဆန္ဒအရဖျက်သိမ်း၍ အစားထိုးယာဉ်တင်သွင်းခွင့်ပေးပါရန် မေးမြန်းခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်သက်တမ်း ကြာမြင့်နေသည့် “ဟ” အက္ခရာသုံးဘီးယာဉ်များအား အခြားအက္ခရာ(စမှအ)များနည်းတူ ပိုင်ရှင်ဆန္ဒအရဖျက်သိမ်းအစားထိုးတင်သွင်းခွင့်ရရေးနှင့် ပတ်သက်၍ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတစ်ခုတည်းမှ ဆုံးဖြတ်ဆောင်ရွက်၍မရဘဲ မူဝါဒဆိုင်ရာကိစ္စဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရသောကိစ္စဖြစ်ပါသည်။ သို့ရာတွင် ၂၆-၁၀-၂၀၁၃ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် လက်ရှိအက္ခရာအလိုက်သတ်မှတ်ဆောင်ရွက်ရာမှဖွဲ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ၂၀၁၄ ခုနှစ်မှစတင်၍ မော်တော်ယာဉ်သက်တမ်းကိုသာ သတ်မှတ်ဆောင်ရွက်ရန်အများပြည်သူများအား သတင်းထုတ်ပြန်ကြေညာထားပါသည်။ မှတ်ပုံတင်သက်တမ်းကာလကြာမြင့်နေသော သုံးဘီး “ဟ” အက္ခရာယာဉ်များ အပ်နှံခွင့်ပြုပါက မည်သည့်ယာဉ်အမျိုးအစားတင်သွင်းခွင့်ပြုမည်၊ အခွန်အခနှုန်းထားများမည်မျှကောက်ခံမည်ကို သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါသည်။ အပ်နှံခွင့်ပြုရန်ညွှန်ကြားချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ ဟင်္သာတမြို့နယ်တွင် မော်တော်ယာဉ်များ အမည်ပြောင်းသည့်အခါ တိုင်းဒေသကြီးရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ သွားရောက်၍ ဝယ်ခွန်ပေးဆောင်နေရသည့် ကိစ္စအားသက်ဆိုင်ရာ ခရိုင်/မြို့နယ်ရုံးများတွင် ဆောင်ရွက်ခွင့်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ မော်တော်ယာဉ်များအမည်ပြောင်းသည့်အခါ တိုင်းဒေသကြီးရုံး ပြည်တွင်းအခွန်များဦးစီးဌာနသို့ သွားရောက်၍ ဝယ်ခွန်ပေးဆောင်နေရသည့်ကိစ္စအား သက်ဆိုင်ရာခရိုင်/မြို့နယ်ရုံးများတွင် ဆောင်ရွက်ခွင့်ပေးပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ယာဉ်ဝယ်ယူခွန်ပုံစံပါရှိပါက ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူနှင့် အရောင်းအဝယ်စာချုပ်များစိစစ်၍ ယာဉ်စစ်ဆေးပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီးရုံး ပြည်တွင်းအခွန်များဦးစီးဌာနသို့ သွားရောက်၍ ဝယ်ခွန်ပေးဆောင်ခြင်းသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်သက်ဆိုင်ခြင်းမရှိဘဲ ပြည်တွင်းအခွန်ဦးစီးဌာနရုံးများနှင့်သာ သက်ဆိုင်သည့်ကိစ္စဖြစ်ပါကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ဝယ်ယူခွန်ပုံစံအား တိုင်ဒေသကြီး/မြို့နယ်ရုံး၏ အဆင့်အားခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တင်ပြလာသောအခွန် ပုံစံအရသာ စိစစ်ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ပါ၍ မေးမြန်းချက်အားသက်ဆိုင်ရာဌာနများသို့ မှတ်သားညှိနှိုင်းရန်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ အိမ်မဲမြို့နယ်အတွင်းရှိ ပြည်သူများဆက်သွယ်ရေးလျင်မြန်ကောင်းမွန်စေရန် သရက်ကုန်း၊ ကြို့ကုန်း၊ ရွာသစ်၊ ခြောက်အိမ်တန်းကျေးရွာများ၌ GMS တာဝါတိုင်များ ထပ်မံတိုးချဲ့ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ယခုလောလောဆယ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း **စာမျက်နှာ ၆ သို့**

ကချင်ပြည်နယ်

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဟောပြော

မိုးညှင်း ဖေဖော်ဝါရီ ၁ - ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမဆောင်၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအမ်ဇော်နော်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာနှင့် သန်းခေါင်စာရင်းဆိုင်ရာဥပဒေအကြောင်းအရာတို့ကို အသေးစိတ်ဆွေးနွေးဟောပြောခဲ့ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာ သိကောင်းစရာနှင့် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်းကောက်ယူမှု၊ သန်းခေါင်စာရင်းဆိုင်ရာ ဥပဒေအကြောင်းရာများနှင့် မေးခွန်းများကို မှန်ကန်စွာ ဖြေကြားနိုင်ရန်အတွက် မေးခွန်းအချက်အလက် (၄၁)ချက်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံတစ်ဦးက သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါသန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိစေရန်နိုင်ငံတွင်းရှိ လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာသန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်စေမည့်အခြေခံကျသော အဓိကအကြောင်းအရာဖြစ်ကြောင်း သိရသည်။

[နီတိုး]

ပဲခူးတိုင်းဒေသကြီး

ညောင်လေးပင်ကျောင်းစုကျေးရွာ၌ အလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၁ - ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ချောင်းရင်းကျေးရွာအုပ်စု ကတုတ်၊ ကြောင်လျှာပြား၊ ကျောင်းစုကျေးရွာ၌ အခြေခံပညာမူလတန်း(လွန်)မှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းမုခ်ဦးရှေ့၌ ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဦးစိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောစံယဉ်နှင့် အလျှုရှင်ရွှေကျင်မြို့နေ ရွှေခေတ်တိုးတက်ရေးနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးမိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာကျော်ဦးက ကျောက်စာကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)တို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၁၉၈ ပေ၊ အနံ ၅၄ ပေရှိ RC တစ်ထပ်ဆောင်ဖြစ်ပြီး စာသင်ခန်း ကိုးခန်း၊ စာရေးခုံနှင့် ကျောင်းသုံးပရိဘောဂအပါအဝင် ကျပ်သိန်း ၁၀၀၀ ဖြင့် အလျှုရှင်ရွှေခေတ်တိုးတက်ရေးသတ္တုတူးဖော်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမိုးအောင် မိသားစုကလျှုဒါန်းခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ တိုင်းရင်းသားဝတ်စုံများဖြင့် ကပြဖျော်ဖြေ**(အပေါ်ပုံ)**ကြကြောင်း သိရသည်။

[ခင်မောင်လွင်-ညောင်လေးပင်]

မွန်ပြည်နယ်

မွန်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်မှုသင်တန်းဖွင့်

မော်လမြိုင် ဖေဖော်ဝါရီ ၁ - သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အန္တရာယ်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်နှင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေသည်။ ယနေ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များသည် အချိန်အခါနှင့် နေရာမရွေးဖြစ်ပွားပေါ်ပေါက်လျက်ရှိပြီး ထိုသဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ အသက်ဆုံးရှုံးခြင်း၊ ပြည်သူပိုင်အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ ပျက်စီးခြင်းတို့ များစွာရှိခဲ့ပြီးဖြစ်သည်။ မွန်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည်နှင့်အညီ သဘာဝဘေးအန္တရာယ်များ နှစ်စဉ်အထိုက်အလျောက် ကြုံတွေ့ခံစားနေရသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ရင်ဆိုင်တုံ့ပြန်နိုင်သည့် စွမ်းရည်နှင့် သက်ရောက်မှုအပေါ်တွင် ပြန်လည်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်အတွက် သဘာဝဘေးအန္တရာယ်အရေးပေါ်တုံ့ပြန်မှုသင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ မော်လမြိုင်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပခဲ့သည်။

ယနေ့ ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတို့၏ ဆိုးကျိုးသက်ရောက်မှုများကို ရင်ဆိုင်တွေ့ကြုံခံစားနေရသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာတစ်လွှား ဘေးအန္တရာယ်ဖြစ်ပွားမှုအကြိမ်(၃၁၀)ရှိခဲ့ပြီး လူပေါင်း ၉၃၃၀ အသက်ဆုံးရှုံးခဲ့ကာ အမေရိကန်ဒေါ်လာ ၁၃၈ ဘီလီယံဆုံးရှုံးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဘေးအန္တရာယ်(၄၁၈)ကြိမ်ဖြစ်ပွားခဲ့ပြီး ဘေးသင့်ဦးရေ ၂၃၄၅၈၄ ဦးရှိခဲ့ကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၆၆၄၁ ဒသမ ၉၇ သန်းရှိခဲ့ကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ ကော်မတီများကိုဖွဲ့စည်းကာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ၊ စီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ ပေါင်းစည်းထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ NGO များ အရေးပေါ်တုံ့ပြန်မှုစီမံချက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ၊ အရေးပေါ်အခြေအနေတွင် စာရင်းဇယားများကောက်ယူခြင်း၊ လုံခြုံမှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အရေးပေါ်အခြေအနေ ခိုလှုံရန် နေရာရွေးချယ်ခြင်း၊ ရေနှင့်သန့်ရှင်းရေး၊ အစားအစာနှင့် အာဟာရ၊ ရှေးဦးသူနာပြုစုခြင်းစသည့် ဘာသာရပ်များကို ပို့ချမည်ဖြစ်ပြီး ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ကျိုက်မရော၊ ရေးနှင့် မော်လမြိုင်မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

[မြဇေ]

မန္တလေးတိုင်းဒေသကြီး

ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင် ဆီကြိတ်ဆုံငယ်များ လုပ်ငန်းတွင်ကျယ်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁ - ယမန်နှစ်က မိုးလယ်၊ မိုးနှောင်းကောင်းမွန်စွာ ရွာသွန်းခဲ့သဖြင့် အညာဒေသတောင်သူများ အားထားစိုက်ပျိုးကြသည့် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲနောက် အစရှိသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်း၍ ယာမြေကျယ်လျှင် ကျယ်သလောက် အတန်အသင့်ရရှိကြပြီး အထူးသဖြင့် အဓိက ဆီထွက်သီးနှံဖြစ်သော မြေပဲသီးနှံများ ပိုမိုရရှိခဲ့ကြသော်လည်း ရောင်းချရသည့် ဈေးနှုန်းမကောင်းသဖြင့် တောင်သူများတွက်ခြေမကိုက်ဖြစ်ခဲ့ကြရကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တောင်သူများ ပဲဆန်ဈေးမကောင်းသဖြင့် မိမိတို့ယာထွက်မြေပဲသီးနှံများကို မဖြစ်မနေလိုအပ်မှသာ ရောင်းချကြသူများရှိပြီး အများအားဖြင့် မိသားစုစားသုံးရန်အတွက် လိုအပ်သလောက်ကြိတ်ခွဲ၍ ပဲဆီကိုသာ စားသုံးလာကြသဖြင့် အညာကျေးလက်တောရွာများတွင် တစ်ပိုင်တစ်နိုင် တည်ထောင်လုပ်ကိုင်နေကြသော ဆီကြိတ်ဆုံငယ်လုပ်ငန်းများ တွင်ကျယ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

"မြေပဲဆန်ဈေးက ကျောင်းကုန်းလို့ခေါ်တဲ့ ပင်ပြန့်က အဆန်တစ်တင်းမှာ ကျပ် ၂၁၀၀၀-၂၂၀၀၀ လောက်ပဲရှိတယ်။ ပင်ထောင်က ကျပ် ၂၅၀၀၀ လောက်ရှိတယ်။ တောင်သူတွေက ပဲရကြပြီး ဈေးမရတော့ မရောင်းကြတော့ဘူး။ ကိုယ့်အိမ်ကိုစားဖို့တို့၊ လက်ဆောင်ပေးဖို့တို့ ဆီကြိတ်ကြတယ်။ ကြိတ်ခက တစ်တင်းကို ကျပ် ၂၀၀၀ ယူပါတယ်။ နှမ်းဆိုရင်တော့ ငါးပြန်လောက်ပြန်ကြိတ်ရပေမယ့် မြေပဲက နှစ်ပြန်လောက်ပဲကြိတ်ရတာမို့ လူရောစက်ရော သက်သာပါတယ်။ အင်ဂျင်စက်အား ၂၂ ကောင်ပဲရှိတာမို့ တစ်နေ့ကုန်ကြိတ်မှ ၁၅ တင်းလောက်ပဲကျတယ်"ဟု ဘုရားကြီးကုန်းကျေးရွာအုပ်စု ဆယ့်နှစ်ရာသီပင်ကျေးရွာမှ တစ်နိုင်တစ်ပိုင်ဆီကြိတ်စက်လုပ်ငန်း လုပ်ကိုင်သူ ဦးရွှေဝင်းက ပြောသည်။ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၄၀၀ ဖြင့် ဝယ်ယူသုံးစွဲရပြီး တစ်ဂါလန်လျှင် ငါးနာရီကျော်ကြာအောင် စက်မောင်းကြိတ်ခွဲရသဖြင့် လုပ်ငန်းအဆင်ပြေကြောင်း သိရပြီး ပဲဆီဈေးအနေဖြင့် မြို့ပေါ်တွင် တစ်ပိဿာ ကျပ် ၃၀၀၀၊ ၄၀၀၀ ဝန်းကျင်ဖြစ်ကြောင်းနှင့် နှမ်းဆီဈေးမှာ တစ်ပိဿာ ကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

[ကိုနေ-ကျောက်ပန်းတောင်း]

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ထွန်စက်သုံးစီးနှင့် စက်ရေတွင်းတူးစက်တစ်လုံး ပေးအပ်လှူဒါန်း

ထားဝယ် ဖေဖော်ဝါရီ ၁ - တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ထွန်စက်သုံးစီးနှင့် စက်ရေတွင်းတူးစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ လှူဒါန်းပစ္စည်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို (24 Hour Mining and Industry Co.,Ltd.) နှင့် (Atro Argo Myanmar Co.,Ltd.)တို့မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်အောင်ဇော်က ပေးအပ်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ (24 Hour Mining and Industry Co.,Ltd.) နှင့် (Atro Argo Myanmar Co.,Ltd.) မှ တာဝန်ရှိသူတို့က လယ်ထွန်စက်သုံးစီးနှင့် စက်ရေတွင်းတူးစက်တစ်လုံးတို့ကို ကြည့်ရှုသည်။

အဆိုပါ လယ်ထွန်စက်တစ်စီး၏တန်ဖိုးမှာ ကျပ်သိန်း ၃၀၀ ဖြစ်၍ စုစုပေါင်းသုံးစီးကျပ်သိန်း ၉၀၀ ဖြစ်ပြီး စက်ရေတွင်းတူးစက်တစ်လုံး တန်ဖိုးမှာ ကျပ်သိန်း ၁၅၀ ဖြစ်ကြောင်း သိရသည်။

[ကျော်ကျော်လတ်]

ရှမ်းပြည်နယ်

မူဆယ်၊ နမ့်ခမ်းတွင် အမှတ်ပေးစည်းမျဉ်းနှင့် ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချ

နမ့်ခမ်း ဖေဖော်ဝါရီ ၁ - ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်နမ့်ခမ်းမြို့များတွင် ဇန်နဝါရီ ၂၂၊ ၂၃ ရက်များတွင် လားရှိုးတက္ကသိုလ်ဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာမြတ်မွန်ဦးဆောင်သော တက္ကသိုလ်ဆရာ ဆရာမခုနစ်ဦးတို့သည် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်အလိုက်၊ ဖြေဆိုပုံ၊ ဖြေဆိုနည်း ဟောပြောပို့ချမှုများ ပြုလုပ်ခဲ့ရာ ဇန်နဝါရီ ၂၂၊ ၂၃ ရက်များတွင် မူဆယ်မြို့ အထက(၂)၊ အထက(၃)နှင့် ကိုယ်ပိုင်ကျောင်းများတွင် လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် နမ့်ခမ်း (အထက)နှင့် ပြင်ပဖြေ ကျောင်းသား ကျောင်းသူများအတွက် ကျားဖြူခန်းမ၌ လည်းကောင်း ပို့ချခဲ့ကြောင်း သိရသည်။

ထို့အတူ မူဆယ်ခရိုင်အတွင်း ကွတ်ခိုင် (အထက)၌လည်း လားရှိုးတက္ကသိုလ်မှ ဆရာ ဆရာမများက အဖွဲ့ခွဲ၍ ဇန်နဝါရီ ၂၀၊ ၂၁ ရက်တို့တွင် ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

[သိန်းဇော်-ရွှေလီဦး]

ချင်းပြည်နယ်



ဟားခါးမြို့၌ အမျိုးအမည်မသိဆောင်းခိုငှက်တစ်ကောင် ဖမ်းဆီးရမိ

ဟားခါး ဖေဖော်ဝါရီ ၁ - ချင်းပြည်နယ် ဟားခါးမြို့၌ ဇန်နဝါရီ ၂၃ ရက်တွင် အမျိုးအမည်မသိရှိရသော ဆောင်းခိုငှက်တစ်ကောင်ကို ဖမ်းဆီးရမိခဲ့သည်။ အဆိုပါငှက်ကို ဟားခါးမြို့ မြို့သစ်ရပ်ကွက်နေ တောင်သူဦးကဲ့အိုမှုန်က ၎င်း၏သီမစ်ဒေသရှိ လယ်လုပ်ငန်းများ လုပ်ကိုင်နေစဉ် နွားသေကောင်ပုပ်အား စားသောက်နေချိန်၌ ဖမ်းဆီးရမိလိုက်ခြင်းဖြစ်သည်။ ဖို၊ မ နှစ်ကောင်ယှဉ်၍ စားသုံးနေကြသော်လည်း တစ်ကောင်မှာ ထိုးဆိတ်ရန်မူ၍ လွတ်မြောက်သွားခဲ့ကြောင်း၊ ထိုငှက်မျိုးများမှာ ယခုကဲ့သို့ ဆောင်းရာသီရောက်ချိန်တွင် လာရောက်ကျက်စားတတ်သော်လည်း အခြားရာသီတွင် မတွေ့ရှိရကြောင်းနှင့် ယခု ဖမ်းဆီးရသောငှက်ကို မွေးမြူသွားမည်ဖြစ်ကြောင်း ပြောပြသည်။

ယင်းငှက်အမျိုးအစားမှာ ဩစတြေးလျတိုက်ရှိ အသားစားလင်းတမျိုးဖြစ်နိုင်ကြောင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ အဆိုပါငှက်သည် တောင်ပံနှစ်ဖက်ဖြန့်လျှင် ခြောက်ပေခွဲရှိပြီး ခန္ဓာကိုယ်အရှည်မှာ နှစ်ပေရှိကြောင်း တွေ့ရသည်။ ထိုငှက်ကို မိမိကိုယ်တိုင်မွေးမြူသွားမည်ဖြစ်ပြီး အထင်ကရပွဲတော်များ၌ ပြသသွားမည်ဖြစ်ကြောင်း ငှက်ပိုင်ရှင်၏ ပြောပြချက်အရ သိရသည်။

[ဂေဇေ-IPRD]

ရှမ်းပြည်နယ်

တာချီလိတ်၌ လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုအခြေခံသင်တန်းဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၁ - တာချီလိတ်မြို့ ကျေးလက်ဒေသရှိ လယ်ယာလုပ်ကိုင်သူ တောင်သူများသည် လယ်ယာလုပ်ငန်းများတွင် စက်ကိရိယာများကို ယခင်ကထက် ပိုမိုသုံးစွဲနေကြပြီဖြစ်သည်။

တာချီလိတ်မြို့ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများ လက်တွေ့ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု (အခြေခံ) သင်တန်းကို ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် တောင်သူများ လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာကိုင်တွယ် ထိန်းသိမ်းတတ်စေရန်နှင့် မောင်းနှင်တတ်စေရန် သင်တန်းတွင် ထွန်စက်ကြီး၊ လက်တွန်းထွန်စက်နှင့် ခြွေလှေ့စက်မောင်းနှင်ခြင်းများကို သင်ကြားပေးလျက်ရှိပြီး သင်တန်းသို့ တောင်သူသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **[မော်ကြီး-တြိဂံနယ်မြေ]**

စစ်ကိုင်းတိုင်းဒေသကြီး

အထက်ချင်းတွင်းဒေသနှင့် အိန္ဒိယနယ်စပ် တမူးဒေသဆက်စပ်သည့် အောင်ဇေယျ-ကက်သာလမ်းချော်ပြီးစီး

တမူး ဖေဖော်ဝါရီ ၁ - စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အောင်ဇေယျကျေးရွာမှ ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကက်သာကျေးရွာသို့ ၃၈ မိုင်ကွာဝေးသော ကားလမ်းမှာ ယခုအခါ ဖောက်လုပ်ပြီးစီးနေပြီဖြစ်သဖြင့် ချင်းတွင်းအထက်ပိုင်းဒေသ ဟုမ္မလင်း၊ ခန္တီး၊ ဖောင်းပြင်၊ မော်လိုက်စသည့် မြို့များသို့ အိန္ဒိယနယ်စပ် တမူးမြို့မှတစ်ဆင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာနေပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ အဆိုပါလမ်းသည် မိုင်အားဖြင့် ၃၈ မိုင်ကျော်သာရှိသော်လည်း ယခင်က သွားလာရခက်ခဲမှုအင်မတန်ဆိုးရွားခဲ့ကြောင်း၊ အိန္ဒိယနယ်စပ် တမူးမြို့နယ် အောင်ဇေယျကျေးရွာမှ ချင်းတွင်းမြစ်အနောက်ဘက် ကက်သာရွာကို ဆက်သွယ်ထားသည့် လမ်းဖြစ်သောကြောင့် ချင်းတွင်းမြစ်အနောက် ဘက်ကမ်းမှာ ယခင်ကနှင့်မတူ၊ ယခု ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောင်ဇေယျ-ကက်သာလမ်း ကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျပ်သန်းပေါင်း ၈၇၅ သန်းချထားကာ Astro World နှင့် MIT ကုမ္ပဏီတို့က တာဝန်ယူ ဖောက်လုပ်ခင်းကျင်းခဲ့ရာ ယခုအခါ ဖောက်လုပ်ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်များသွားလာနိုင်ပြီဖြစ်သည်။ လမ်းအဆင့်မြှင့်တင်ခြင်းကို Astro World က မြေလမ်းပေ ၃၀ အကျယ်ဖြင့် မိုင် ၂၀ တာပေါင်တင်ခြင်းပြုလုပ်ပြီး MIT ကုမ္ပဏီက ချောင်းကျောက်ခင်း၍ အမာခံလမ်းခင်းခြင်းကို မိုင် ၂၀ ဆောင်ရွက်ခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမှ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းကူးကာ ကက်သာမှ ၃၈ မိုင် ၁ ဖာလုံကွာဝေးသည့် အောင်ဇေယျကျေးရွာ၊ ထိုမှ တမူး-စေတီ ကားလမ်း ၄၂ မိုင် ၆ ဖာလုံရှိ တမူးမြို့သို့ သွားရောက်နိုင်သောကြောင့် နယ်စပ် တမူးမှသည် ချင်းတွင်းအထက်ပိုင်းသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ် အထက်ပိုင်းမြစ်ကြောင်းတစ်လျှောက် မြို့ရွာလမ်းပန်းအခြေအနေကို လေ့လာကြည့်လိုက်မယ်ဆိုရင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမြို့ရွာ ကျေးလက်တွေထက် အရှေ့ဘက်ကမ်း မြို့ရွာ ကျေးလက်တွေက သွားရေးလာရေးလွယ်ကူ ဖွံ့ဖြိုးတဲ့အတွက် အရှေ့ဘက်က ပိုတိုးတက်တာတွေ့ရပါတယ်။ အခု လိုတိုးတက်မှုအားနည်းနေတဲ့ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသတွေကို လမ်းဖောက်လုပ်ပေးတဲ့အတွက် ဒေသပိုမိုဖွံ့ဖြိုးစေတာ အမှန်ပါ" ဟု ကက်သာကျေးရွာဒေသခံက ပြောပြသည်။

[မျိုးဝင်းထွန်း-မုံရွာ]

မကွေးတိုင်းဒေသကြီး

အညာမြေတောင်သူဦးကြီးများ သစ်သားထွန်တုံးအစား သံထွန်တုံးများ မြိုင်တွင်သုံးစွဲလာ

မြိုင် ဖေဖော်ဝါရီ ၁ - မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားအညာမြေဒေသဖြစ်သဖြင့် ဆောင်းသီးနှံများ ရိတ်သိမ်းအပြီး မိုးဦးမကျမီ မိုးသီးနှံများစိုက်ပျိုးရန်အတွက် ယာမြေများတွင် နွားချေး၊ ဆိတ်ချေး၊ သိုးချေးများနှင့် သဘာဝမြေဩဇာများ ရောနှောချထားပြီး မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်းလုပ်ငန်းတွင် သစ်သားထွန်တုံးများအစား သံဖြင့်ပြုလုပ်သော သံထွန်တုံးများကို တွင်ကျယ်စွာအသုံးပြုလာကြသည်ကို တွေ့ရသည်။

အဆိုပါ သံထွန်တုံးများမှာ မြိုင်မြို့နယ် တောင်ဘို့ကျေးရွာအုပ်စု တောင်ပို့ရွာမှ အများအပြားပြုလုပ်ရောင်းချသည်ကို တွေ့ရသည်။ တောင်သူများ အကြိုက်လိုအပ်သည့် အရွယ်အစားထွန်တုံးဆိုက်ပုံစံအတိုင်း မှာယူလျက် စိတ်ကြိုက်ဝယ်ယူအသုံးပြုနေကြသည်။ ထွန်တုံးပုံစံဆိုက်မှာ ထွန်သွားတပ်ရန် အပေါက်တစ်ပေါက်နှင့် တစ်ပေါက်အကွာအဝေးမှာ ၁ ဒသမ ၈ လက်မခန့်ကွာကာ ထွန်သွားပေါက် ၁၉ ပေါက်ပါရှိပြီး ထွန်ထိန်းလက်ကိုင် သံချောင်း နှစ်ချောင်း၊ ထွန်တံတပ်ရန် အပေါက်နှစ်ပေါက်၊ သံထွန်တုံးအရှင် သုံးဖြတ်၊ ရိုးရိုးထွန်တုံးကို ငွေ ကျပ် ၃၈၀၀၀ နှင့် ထွန်သွားပေါက် ၂၀ ပါ ထွန်တုံးအရှင်လေးဖြတ် ပေါင်းကြားလိုက်သံထွန်တုံးကို ငွေကျပ် ၄၀၀၀၀ ပေးဝယ်နေကြရ၍ တောင်သူများအနေဖြင့် သံထွန်တုံးတစ်တုံးတည်းနှင့် ခေတ်မီသိပ္ပံနည်းစနစ်ဖြင့် စိုက်ပျိုးနည်းများကို မိမိလိုအပ်သလို ပုံစံပြောင်းလဲထွန်ယက်နိုင်ခြင်း၊ ပေါင်းကြားလိုက်နိုင်ခြင်း၊ အစိုဓာတ်အမီအမြန်စိုက်ပျိုးနိုင်ခြင်း၊ အချိန်စောစွာ ပြီးစီးခြင်း၊ သစ်သားထွန်တုံးအသုံးမပြုသဖြင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်ခြင်း၊ လွယ်ကူစွာအသုံးပြုနိုင်ခြင်း၊ ခိုင်ခံ့ပြီးရေရှည်အသုံးပြုနိုင်ခြင်း၊ ငွေကုန်ကျမှု သက်သာခြင်းတို့ကြောင့် တောင်သူများ သစ်သားထွန်တုံးအစား သံထွန်တုံးကို မှာယူအသုံးပြုသူများပြားလာကြောင်း သိရသည်။

[အောင်-မန်းတက္ကသိုလ်]

❒ စာမျက်နှာ ၃ မှ

နောင်ဆက်လက်ဆောင်ရွက်သွားမည့် မိုဘိုင်းဖုန်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၄)သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၅)သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၅)သန်း တိုးချဲ့ရေးစီမံကိန်းများတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အဆိုပါ ကျေးရွာများတွင် ဆက်သွယ်မှုရရှိနိုင်ရေး အဆင့်လိုက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မြောင်းမြမြို့နယ်သည် ရပ်/ကျေး (၁၁၄) အုပ်စုဖြင့် ဖွဲ့စည်းထားပြီး ချောင်း၊ မြောင်း၊ တော၊ တောင်များ ပေါများသောဒေသဖြစ်ရာ မြို့နယ်အတွင်း နေထိုင်သော ဒေသခံပြည်သူများ Mobile Phone /Hand Phone များ (၉၁၈၁) လုံး ချထားပေးပြီးဖြစ်ပါသည်။ ဆက်သွယ်ပြောဆိုမှုအဆင်မပြေသည်များ ကြုံတွေ့ရသည့်အတွက် မြို့နယ်အတွင်း BTS စခန်းများကို ရန်မနိုင်၊ စကမြား၊ ဘူးဒင်း၊ ကွင်းရေကျော်၊ သိလ္လာဂတ်စု၊ ပြင်ရွာနှင့် ကံကြီးကျေးရွာစသည့် ကျေးရွာအုပ်စု (၆)ခုတွင် တည်ဆောက်ပေးနိုင်ပါက ပြည်သူများ အဆင်ပြေလွယ်ကူသွားမည် ဖြစ်ပါသည်။ တည်ဆောက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြောင်းမြမြို့နယ်တွင် GSM စခန်း (၅)ခု၊ CDMA-450 MHz စခန်းတစ်ခုနှင့် MECTel CDMA-800 MHz စခန်းတစ်ခု စုစုပေါင်း ဆက်သွယ်ရေးစခန်း(၇) ခုတပ်ဆင်သုံးစွဲလျက်ရှိပါသည်။ မိုဘိုင်းစခန်းတာဝါတိုင်တစ်ခုအတွက် ကျပ်သိန်း ၂၀၀၀ ခန့်ကုန်ကျပါသည်။ ပင်မဆက်ကြောင်းနှင့် ဆက်သွယ်ရန်လိုအပ်သည့် အဝေးဆက်ကြောင်းများလည်း သွယ်တန်းချခင်းပေးရန် လိုအပ်ပါသည်။ ယခုလောလောဆယ် ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း နောင် ဆက်လက်ဆောင်ရွက်သွားမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် GSM မိုဘိုင်း တယ်လီဖုန်း (၄)သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၅)သန်း၊ ၂၀၁၅-၂၀၁၆ တွင် (၅)သန်း မိုဘိုင်းဖုန်းစီမံကိန်းများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အဆိုပါကျေးရွာများတွင် ဆက်သွယ်မှုရရှိနိုင်ရေး အဆင့်လိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ဝါးခယ်မမြို့နယ်တွင် ၁၅၀၀ ကျပ် တန်ဖုန်းများချထားပေးရာတွင် မြို့နယ် အလိုက် ခွဲတမ်းချထားပေးမှုအား သိလိုပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** ၁၅၀၀ ကျပ်တန် တန်ဖိုးနည်းမိုဘိုင်းဖုန်းများအား ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ မြို့ရွာများသို့ ခွဲဝေချထားပေးရာတွင် သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးများရှိ တာဝါတိုင်တည်ဆောက်ထားရှိမှုအရ သုံးစွဲလျက်ရှိသည့် အခြေအနေ၊ သုံးစွဲနိုင်သည့် အခြေအနေများပေါ် မူတည်၍ ခွဲဝေချထားပေးခြင်း ဖြစ်ပါသည်။ အဆိုပါ တန်ဖိုးနည်းဖုန်းများ ရောင်းချပေးရာတွင် ဝန်ကြီးဌာန အနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မရှိပါကြောင်းနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူရောင်းချပေးခြင်းသာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ဝါးခယ်မမြို့နယ်တွင် ၁၅၀၀ ကျပ်တန်ဖုန်းများချထားပေးရာတွင် တစ်စုံတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအတွက် မဲမနှိုက်ဘဲနှင့် ချထားပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** တန်ဖိုးနည်းမိုဘိုင်းဖုန်းများအား မဲမနှိုက်ဘဲ တစ်စုံတစ်ဦး(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအား ချထားပေးခြင်းနှင့် စပ်လျဉ်း၍ တစ်ဦးချင်းမဟုတ်ဘဲ ဌာနအနေဖြင့် အမှန်တကယ် သုံးစွဲရန်လိုအပ်ပါက အဆင့်ဆင့်တင်ပြ၍ ခွဲဝေချထားပေးပါသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ် တွင် အရေးပေါ် သုံးစွဲရန် လိုအပ်ပါက သက်ဆိုင်ရာဌာနအမည်ဖြင့် လည်းကောင်း၊ Sea Games အတွက် လိုအပ်ပါက သက်ဆိုင်ရာဌာနအမည်ဖြင့် လည်းကောင်း အထက်သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ရောင်းချပေးခဲ့ခြင်းရှိပါသည်။ တစ်ဦး တစ်ယောက်အမည်ဖြင့် ရောင်းချပေးခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **လပွတ္တာမြို့နယ်အတွင်း ဆက်သွယ်မှုကွန်ရက် ပိုမိုဖြန့်ကြက်နိုင်ရန် တာဝါတိုင်များတိုးချဲ့တပ်ဆင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝန်ကြီး ဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မိုဘိုင်းဖုန်း (၄)သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၅)သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၅)သန်း တိုးချဲ့ရေးစီမံကိန်းများအား လျာထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **ကျုံပျော်မြို့နယ်တွင် မိုဘိုင်းဖုန်း (၁၈၀၀၀)ခန့်ရှိပါသည်။ လက်ရှိတာဝါတိုင် (၂)တိုင်ရှိပါသည်။ တာဝါတိုင်တည်ဆောက်ရန်လိုအပ်သော မြေနေရာ (၄) နေရာရရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြို့နယ်အတွင်း GSM ဖုန်း တာဝါတိုင် များတိုးချဲ့စိုက်ထူပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝန်ကြီးဌာအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မိုဘိုင်းဖုန်း(၄)သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း (၅)သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း (၅)သန်း တိုးချဲ့တည်ဆောက်သွားရန်လျာထားဆောင်ရွက်လျက်ရှိပါသည်။ တယ်လီဖုန်း သိပ်သည်းဆအနေဖြင့်လည်း ၂၀၁၃-၂၀၁၄ တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ တွင် ၇၅ ရာခိုင်နှုန်းလ ~ ၈၀ ရာခိုင်နှုန်း ရရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ဝင်ရောက်လုပ်ကိုင်လာမည့် ပြည်ပ အော်ပရေတာများမှလည်း ဆက်သွယ်ရေးလိုအပ်ချက်ရှိသည့် ဒေသများတွင် ဆက်သွယ်မှုရရှိရေး ဆောင်ရွက်ပေးရန် ကတိကဝတ်ရှိပါသည်။ မြေနေရာ ရရှိပြီးဖြစ်ကြောင်း သိရှိရ၍ လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင် ပြေလာမည်ဖြစ်ပြီး နောင်ဆက်လက်ဆောင်ရွက်မည့် မိုဘိုင်းဖုန်းစီမံကိန်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **ကျောင်းကုန်းမြို့သည် ရန်ကုန်-ပုသိမ်ကားလမ်းဘေးတွင် တည်ရှိပြီး အခြားမြို့နယ်များနည်းတူ တန်ဖိုးနည်းဖုန်းများ ခွဲတမ်းရရှိပါသည်။ အော်တိုဖုန်း (၅၂၄) လုံး၊ (၁၅) သိန်းနှင့် (၅)သိန်းဖုန်း (၁၇၅၀) လုံး၊ (၂)သိန်းဖုန်း (၂၅၀၀) လုံး၊ WCDMA(၂၀၀) လုံး၊ ၁၅၀၀ ကျပ်တန် တန်ဖိုးနည်း MECTel CDMA-800 MHz ဖုန်း (၆၅၃၀) လုံး၊ GSM ဖုန်း (၂၀၀၀) လုံး စုစုပေါင်း (၁၄၃၁၄) လုံး အသုံးပြုလျက်ရှိပါ သည်။ အဆိုပါ တယ်လီဖုန်းများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အိတ်ချိန်ရုံးတွင် တာဝါတိုင် (၁)ခု၊ MRTV တွင် တာဝါတိုင် (၁)ခု စုစုပေါင်း (၂) ခုရှိပြီး တာဝါတိုင်တစ်တိုင်တွင် ဖုန်းလုံးရေ (၃၀၀၀) ခန့်သာ သုံးစွဲနိုင်သည်ဟု သိရှိရပါသည်။ ထို့ကြောင့်ထပ်မံ၍ တာဝါတိုင် (၄)တိုင်မှ (၅)တိုင်ခန့်လိုအပ်ပါ သည်။ ကျောင်းကုန်းမြို့နယ်အတွင်းရှိဒေါင့်ကြီးတိုက်နယ်၊ ဝက်ချောင်းတိုက်နယ်၊ ကံကလေးတိုက်နယ်တို့တွင် ဆက်သွယ်ရေးလိုင်းများ၊ ပိုမိုကောင်းမွန်စေပြီး ပြောဆိုမှုလွယ်ကူစေရန်အတွက် (GSM) (CDMA) တာဝါတိုင်များ စိုက်ထူ ပေးနိုင်ပါရန်နှင့် အထူးတင်ပြလိုသည်မှာ မြေနေရာလိုအပ်ပါက စီစဉ်ဆောင် ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** တယ်လီဖုန်း သိပ်သည်းဆ အနေဖြင့် ၂၀၁၃-၂၀၁၄ တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ တွင် ၇၅ရာခိုင်နှုန်းလ~၈၀ ရာခိုင်နှုန်းရရှိစေရေး ဆောင်ရွက်လျက်ရှိ ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသာမက ပြည်ပအော်ပရေတာကြီး (၂) ခုနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့မှလည်း ရည်မှန်းထားသော တယ်လီဖုန်း သိပ်သည်းဆပြည့်မီစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တင်ပြပါကျေးရွာ များတွင် မြေနေရာရရှိပြီးဖြစ်သည်ဟု သိရှိရပါသဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **ဟင်္သာတမြို့ပေါ်တွင် ယခင်ဖြန့်ဖြူးပေးထားသော အော်တိုကြိုးဖုန်း များနှင့် ထပ်မံဖြန့်ဖြူးသော ဒီဂျစ်တယ် ကြိုးဖုန်းများ၏ ဆက်သွယ်ထားသော ကြိုးများမှာ လေဒဏ်မိုးဒဏ်ခံနိုင်သောကြိုးများမဟုတ်သည့်အတွက် မကြာခဏ ပြတ်တောက်ခြင်း၊ ဆက်သွယ်မှုအခက်အခဲများကြုံတွေ့နေရပါသည်။ သို့ပါ၍ လေဒဏ်မိုးဒဏ်ခံနိုင်သော ဆက်သွယ်ရေးကြိုးဖုန်းများဖြင့် စနစ်တကျ တပ်ဆင် ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဟင်္သာတမြို့တွင်း ကေဘယ်လ်များမှာ အသုံးပြုနှစ်ကာလကြာမြင့်၍ လေဒဏ်၊ မိုးဒဏ်ကြောင့် ကေဘယ်လ်ကြိုးများ ချွတ်ယွင်းလျက်ရှိပါသည်။ လိုအပ်သော လိုင်းအရန်ပစ္စည်းများကို ဝယ်ယူနိုင်ရေးတင်ဒါခေါ်ယူပြီးဖြစ်ပါသည်။ ယခု လော လောဆယ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း လိုအပ်ချက်များ အားစိစစ်၍ အဆင့်လိုက်အစားထိုးလဲလှယ်ပေးနိုင်ရေးဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **မြန်အောင်မြို့နယ်အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဆက်သွယ်ရေး စနစ်များ အသုံးပြုနေပြီဖြစ်သည့်အတွက် e-mail, gmail များအသုံးပြုနိုင်ရန် အင်တာနက်ဆက်ကြောင်းလိုင်းတွင် တစ်ပြိုင်နက်လူဦးရေ (၃၀) အသုံးပြုနိုင်သည့် ADSL လိုင်း တပ်ဆင်ပေးစေလိုပါသည်။ သို့မှသာ အစိုးရဌာနများနှင့် အများ ပြည်သူများအဆင့်မြင့်ဆက်သွယ်ရေးစနစ် အသုံးပြုခြင်းဖြင့်လုပ်ငန်းများ အဆင်ပြေချောမွေ့ခြင်း၊ အသိပညာဆိုင်ရာနှင့် သတင်းအချက်အလက်များရရှိ ခြင်း စသည်အားဖြင့် အကျိုးကျေးဇူးများရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း မေးမြန်း ချက်နှင့်ပတ်သက်၍** မြို့ကြီးများ အားလုံးတွင် ADSL အသုံးပြုနိုင်ရန် စီမံချက် ချမှတ်၍ အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း (၂၄) လိုင်းပါ ADSL စနစ်အား တပ်ဆင်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား အပ်ပါသည်။

၁၀။ **အင်္ဂပူမြို့နယ်တွင် တစ်မြို့နယ်လုံးရှိ တယ်လီဖုန်းများသည် တစ်နေရာ တွင်သုံးရပြီး အခြားနေရာတွင် သုံးမရဖြစ်နေပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** နေရာတိုင်းတွင် တယ်လီဖုန်းစနစ်များ အားလုံးတပ်ဆင်နိုင်ရန် အဆင်မပြေပါ။ GSM/CDMA-450/CDMA-800 စနစ်များကိုသုံးသပ်ရာ နောင်တွင်ကမ္ဘာတစ်ဝန်း ၈၅ ရာခိုင်နှုန်းသုံးစွဲနေသည့် GSM စနစ်ကိုသာ တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ GSM စနစ်ကိုသာ အဓိကထား၍ တိုးချဲ့သွား မည်ဖြစ်ရာ နောင်တွင်နေရာတိုင်း၌တစ်ပြေးညီဖြစ်သွားမည်ဖြစ်သဖြင့် ဖုန်းတစ် မျိုးတည်းဖြင့် နေရာအနှံ့သုံးစွဲနိုင်တော့မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ **မြောင်းမြမြို့နှင့်ပုသိမ်မြို့သည် ယခင်ကရေလမ်းခရီးဖြင့်သာ သွားလာ နေကြရပြီး ယခုအခါကတ္တရာလမ်းများ ဖောက်လုပ်ပြီးစီးနေ၍ ပုသိမ်-ကံကုန်း- မြင်းကဆိပ်-မြောင်းမြလမ်းမှ ပုသိမ်မြို့သို့ အချိန်တိုတိုအတွင်း မော်တော်ယာဉ် ဖြင့် သွားလာလျက်ရှိကြပါသည်။ သို့ရာတွင် မိုးတွင်းကာလတွင် (ယာဉ်+ကုန်) (၆) တန်ထက်ပို၍ သွားလာခွင့်မပြုသဖြင့် ခရီးသည်တင်ကားကြီးများ၊ ကုန်တင် ကားကြီးများသည် ကံကုန်းလမ်းထိပ်မှစောင့်ပြီး ခရီးသည်ကြို/ပို့ကားငယ်များ၊ ကုန်တင်ကားငယ်များဖြင့် တစ်ဆင့်ခံ၍ပြောင်းရွှေ့ပြီးမှသာ သွားလာကြရပါ သဖြင့် ဒုက္ခရောက်ကြရပါသည်။ သို့ဖြစ်ပါ ၍ ရာသီမရွေး (ယာဉ်+ကုန်) တန် (၂၀) ယာဉ်များသွားလာနိုင်ရန် လမ်းအဆင့်ထပ်မံမြှင့်တင်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** မြောင်းမြမြို့နှင့် ပုသိမ်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်း လမ်းအရှည် (၁၇ မိုင် ၅ ဖာလုံ)ရှိပါ သည်။ မြောင်းမြအပိုင်းသည် ၁၂ 'အကျယ် ကတ္တရာလမ်း (၅ မိုင်)အရှည်ရှိပါ သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၂' အကျယ် ကတ္တရာလမ်းအဆင့်မှ ၁၈' အကျယ်ကတ္တရာလမ်း အဆင့်အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ ပွင့်လင်းရာသီကာလတွင် ယာဉ်များအား ကန့်သတ်တန်ချိန် သတ်မှတ် ခြင်းမရှိဘဲ သွားလာခွင့်ပြုထားပြီးဖြစ်ပါသည်။ မိုးတွင်းကာလတွင် မိုးများသော အရပ်ဒေသဖြစ်ခြင်း၊ အောက်ခံမြေသားညံ့ခြင်း၊ လယ်ယာမြေများပေါ်တွင် လူအင်အားဖြင့် လမ်းဖောက်လုပ်ထားရှိခြင်း၊ မိုးရာသီ၌ လမ်းဘေးဝဲ/ယာ ရေမျက်နှာပြင် (High Flood Level) မြင့်တက်လာပြီး လမ်းတာပေါင်အတွင်း သို့ ရေဝင်ရောက်မှုရှိခြင်းကြောင့် လမ်း၏ခံနိုင်ရည်လျော့ချခြင်းတို့ကြောင့် မိုးတွင်း ကာလ(ယာဉ်+ကုန်)(၆)တန် အထိ သတ်မှတ် ထားရခြင်းဖြစ်ပါသည်။ (ယာဉ်+ကုန်) တန် (၂၀) ယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်အတွက် လမ်းအဆင့်မြှင့်တင် ပေးနိုင်ရန် နှစ်စဉ်ရန်ပုံငွေများ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါ ကြောင်းဖြေကြားအပ်ပါသည်။

၂။ **ဝါးခယ်မမြို့နယ်အတွင်းရှိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် မြို့နယ် ချင်းဆက်လမ်းများဖြစ်သည့် ဝါးခယ်မ- ရွှေလောင်းလမ်းအပိုင်းတွင် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်တွင် (၈ မိုင် ၅ ဖာလုံ)အား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင် ရွက်နေပြီဖြစ်၊ ကျန်ရှိသည့် (၆ မိုင် ၁ ဖာလုံ)အား ဆက်လက်၍ ကတ္တရာလမ်းခင်း ပေးမည့်အစီအစဉ်အား သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ပန်းတနော်- ရွှေလောင်း-ဝါးခယ်မလမ်းသည် (၃၆ မိုင် ၁ ဖာလုံ)ရှိပြီး ဝါးခယ်မမြို့နယ်အပိုင်း (၁၅ မိုင် ၁ ဖာလုံ)နှင့် ပန်းတနော်မြို့နယ်အပိုင်း (၂၁ မိုင် ၀ ဖာလုံ)ရှိပါသည်။ ဝါးခယ်မမြို့နယ်တွင် ကတ္တရာလမ်း (၂မိုင် ၄ ဖာလုံ)၊ ကျောက်လမ်း (၂မိုင် ၄ ဖာလုံ)၊ အမာခံလမ်း(၁၀ မိုင် ၁ ဖာလုံ) စုစုပေါင်း(၁၅ မိုင် ၁ ဖာလုံ)ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် (၁၃၄၃ ဒသမ ၅၀) သန်းဖြင့် ကတ္တရာခင်းခြင်း (၈ မိုင် ၁ ဖာလုံ)၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၄ ဖာလုံ)ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်မိုင် (၂၉/၅) မရမ်းချောင်ရွာမှ မိုင် (၃၅/၅) ဝါးခယ်မ မြို့ထိအား ကတ္တရာလမ်းအဆင့် ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေ တွက်ချက်တင်ပြတောင်းခံထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ဝါးခယ်မ-ကံကြီးလမ်း(ဝါးခယ်မမြို့နယ်အပိုင်း) ၆/၀ မိုင်မှ ၁၁/၀ မိုင် ထိ ကျောက်ခင်းလမ်းအား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပါ ရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝါးခယ်မ-ကံကြီးလမ်းသည် (၁၀ မိုင် ၁ ဖာလုံ) ရှိပြီး ဝါးခယ်မမြို့နယ်အပိုင်း (၅)မိုင်နှင့်အိမ်မဲမြို့နယ်အပိုင်း (၅ မိုင် ၁ ဖာလုံ) ရှိပါသည်။ ဝါးခယ်မမြို့နယ်အပိုင်းတွင် ကတ္တရာလမ်း(၁ မိုင်)၊ ကျောက်လမ်း (၂မိုင် ၇ ဖာလုံ)၊ အမာခံလမ်း(၁ မိုင် ၁ ဖာလုံ) စုစုပေါင်း (၅)မိုင် ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်လမ်း(၂မိုင် ၇ ဖာလုံ)နှင့်အမာခံလမ်း (၁ မိုင် ၁ ဖာလုံ)ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြ တောင်းခံထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၄။ **အိမ်မဲမြို့နှင့်နီးစပ်သောမြို့နယ်များသို့ ဆက်သွယ်သွားလာသည့်လမ်း ပိုင်းများကို ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာအဆင့်မြှင့်လမ်းခင်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** အိမ်မဲမြို့နယ်နှင့်အနီးဆုံးဆက်သွယ်ထားရှိသော မြို့များမှာ ကန်ကြီးထောင့်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ဝါးခယ်မမြို့နယ် စုစုပေါင်း(၅)မြို့နယ်ရှိပါသည်။ အိမ်မဲ မြို့နယ်မှကန်ကြီးထောင့်မြို့နယ်သို့ ဆက်သွယ်သောအိမ်မဲ-ဒါးကလမ်း(အိမ်မဲ မြို့နယ်အပိုင်း)သည် ကတ္တရာလမ်း(၁မိုင် ၂ ဖာလုံ)၊ ကျောက်လမ်း(၂ ဖာလုံ)၊ အမာခံလမ်း(၃)မိုင်စုစုပေါင်း (၄ မိုင် ၄ ဖာလုံ)ရှိပါသည်။ အိမ်မဲမြို့နယ်အပိုင်းတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရရှိသောရန်ပုံငွေဖြင့် ၁၂ 'အကျယ်ကတ္တရာ လမ်းအဆင့်ထိဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အိမ်မဲမြို့နယ်မှ ပန်းတနော် မြို့နယ်သို့ဆက်သွယ်သော ပန်းတနော်-အိမ်မဲလမ်း(အိမ်မဲမြို့နယ်အပိုင်း)သည် ကတ္တရာလမ်း(၃ မိုင် ၆ ဖာလုံ)၊ ကျောက်လမ်း(၁ ဖာလုံ) စုစုပေါင်း (၃ မိုင် ၇ ဖာလုံ) ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၂ 'အကျယ်ကတ္တရာလမ်း အဆင့်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကတ္တရာလမ်းဟောင်းကိုလည်း ကတ္တရာ ထပ်ပိုးလွှာ (Overlay) ခင်းပေးမည်ဖြစ်ပါသည်။ အိမ်မဲမြို့နယ်မှ မြောင်းမြမြို့နယ်သို့ လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်း(မြောင်းမြ-အိမ်မဲ လမ်းအပိုင်း) အိမ်မဲမြို့နယ်သည် ကတ္တရာလမ်း(၂ မိုင် ၆ ဖာလုံ)၊ ကျောက်လမ်း (၁၃ မိုင် ၇ ဖာလုံ) စုစုပေါင်း (၁၆ မိုင် ၅ ဖာလုံ)အရှည်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်အိမ်မဲမြို့မှ မြောင်းမြမြို့အထိ ၁၂ ' အကျယ် ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အိမ်မဲမြို့နယ်မှကျောင်းကုန်း မြို့နယ်သို့ လပွတ္တာ-မြောင်းမြ-အိမ်မဲ- ကျောင်းကုန်း-ကျုံပျော်လမ်း(အိမ်မဲ- ကျောင်းကုန်းအပိုင်း)အိမ်မဲမြို့နယ်သည် ကျောက်လမ်း(၄ မိုင် ၇ ဖာလုံ)ရှိပါ သည်။ အမာခံလမ်းအဆင့်ထိ ခင်းထားပြီးဖြစ်၍ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ပါ သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက် နိုင်ရန်အတွက် ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါသည်။ အိမ်မဲမြို့နယ်မှဝါး ခယ်မမြို့နယ်သို့ ဝါးခယ်မ-ကံကြီးလမ်း(အိမ်မဲမြို့နယ်အပိုင်း)သည် ကျောက် လမ်း(၅ မိုင် ၁ ဖာလုံ)ရှိပါသည်။ ကျောက်လမ်းအဆင့်ထိ ဆောင်ရွက်ထားပြီး ဖြစ်၍ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၁၂ 'အကျယ် ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့်အိမ်မဲမြို့နယ်မှဆက်သွယ်သော ကားလမ်း မှလမ်း (၃)သွယ်ရှိသော်လည်း လမ်း (၃)လမ်းမှာ မိုးရာသီ၌ (၆)တန်အထက် ယာဉ်+ကုန်မပိုရဟူသော စည်းကမ်းချက်အရ အိမ်မဲမြို့နယ်မှ လူစီး Air-Con Bus နှင့်ကုန်တင်ယာဉ်ကြီးများသွားလာနိုင်ခြင်းမရှိပါ။ ၎င်းလမ်း(၃)သွယ်အနက် အိမ်မဲ-ကျောင်းကုန်းလမ်းသည် (၁၅ မိုင်) သာရှိပြီး ချောင်းကူးတံတားလုံးဝမရှိဘဲ ရေပွန်ငယ်များသာရှိသောလမ်းဖြစ်ပါသည်။ သို့ပါ၍ ၎င်းလမ်းကို ယာဉ်ကြီးများ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းချောများအဖြစ် ပြုလုပ်ပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့်အိမ်မဲမြို့နယ်မှ ဆက်သွယ်သောကားလမ်းများအနက် အိမ်မဲ-ကျောင်းကုန်းလမ်းသည် (၁၅ မိုင် ၁ ဖာလုံ)ရှိပြီး အိမ်မဲမြို့နယ်အပိုင်းသည် ကျောက်လမ်း(၄ မိုင် ၇ ဖာလုံ)ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၄ မိုင် ၇ ဖာလုံ)အတွင်း လမ်းဘေးဝဲ/ယာလမ်း ပုခုံး(၂)ဖက်ကို မြေညှိစက်ဖြင့်ညှိကြိတ်ခြင်း၊ ကျောက်ရွှယ်စုံဖြင့်လမ်းပေါက်ဖာ ထေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်တွင် (၄ မိုင် ၇ ဖာလုံ)အား ၁၂ 'အကျယ်ကတ္တရာလမ်းအဆင့် တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေတင်ပြ တောင်းခံထားပြီးဖြစ်ပါသည်။ မိုးတွင် ကာလတွင် ယာဉ်+ကုန်(၆ တန်) သတ်မှတ်ပြီး ကတ္တရာလမ်းဖြစ်ပါက (၆ တန်) အထက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၆။ **လပွတ္တာ-မြောင်းမြ-အိမ်မဲကျောင်းကုန်း-ကျုံပျော်လမ်းအား ရာသီမရွေး (၁၂) တန်မှ (၁၆) တန်အထိ ကုန်တင်ယာဉ်များခွင့်ပြုပေးနိုင်ပါရန် မေးမြန်းချက် နှင့်ပတ်သက်၍** လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းအပိုင်း မှာ (၁၂) တန်မှ (၁၆) တန်အထိ ကုန်တင်ယာဉ်များအားပွင့်လင်းရာသီတွင် ခွင့်ပြု ထားပြီး မိုးတွင်းကာလတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်ချက်ဖြင့် ညှိနှိုင်း သတ်မှတ်ထားသော ကန့်သတ်တန်ချိန်အတိုင်းသာ သွားလာခွင့်ပြုမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

၇။ **လပွတ္တာမြို့တွင် လပွတ္တာ-သက်န်းကြီး-ပြင်စလူလမ်းနှာခေါင်းပေါက်နှင့် မိချောင်းအိုင်ကြား(၅မိုင်)ခန့်အား ရာသီမရွေးသွားလာနိုင်သော** ၁၄ '-၀ '' **အကျယ် အမာခံလမ်းအဆင့်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍**

စာမျက်နှာ ၇ သို့❁

❁စာမျက်နှာ ၆ မှ

လပွတ္တာ-သက်န်းကြီး-ပြင်စလူလမ်းသည် ဧရာဝတီလမ်းကွန်ရက်နာဂစ်လမ်း၊ လမ်းအမှတ်(၃)ဖြစ်ပါသည်။ လပွတ္တာ မိုင် (၀/၀) မှပြင်စလူမြို့ မိုင် (၃၅/၂) ထိ ၃၅ မိုင် ၂ ဖာလုံအရှည်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်လမ်းအခြေအနေမှာ ကတ္တရာလမ်း (၄ ဖာလုံ)၊ အမာခံလမ်း(၁၇ မိုင် ၄ ဖာလုံ)နှင့်မြေသားလမ်း (၁၇ မိုင် ၂ ဖာလုံ)ရှိပါသည်။ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၄၀၀ ရရှိပြီး မိုင်(၀/၃-၁/၇)အတွင်း ၁၀ ဖာလုံအား ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်းနှင့် မိုင် (၈/၀-၁၀/၀) အထိ နှစ်မိုင်အား ဒု-အခြေခံလွှာ (ဒုတိယ) ထပ် ၈ လက်မဒုခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုင် (၁၉/၀-၂၈/၀၊ ၂၉/၃-၃၅/၂) အထိ စုစုပေါင်း ၁၄ မိုင် ၇ ဖာလုံ အား ၁၆'-၀" အကျယ် အမာခံလမ်းခင်းခြင်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၁၅၀ တင်ပြတောင်းခံထားပါသည်။ ရန်ပုံငွေရရှိပါက နှာခေါင်းပေါက်နှင့် မိချောင်းအိုင်ကြားငါးမိုင်အား ရာသီမရွေးသွားလာနိုင်သော အမာခံလမ်းအဆင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

၈။ **ပုသိမ်မြို့နယ်အတွင်းရှိပုသိမ်-ငွေဆောင်လမ်းမကြီးနှင့် ပုသိမ်-ရန်ကင်းတောင်လမ်းမကြီးများ ဘေးဝဲ/ယာ တို့တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော လမ်းဧရိယာအတွင်းတွင်မကဘဲ လမ်းဘေးကပ်လျက် ဆက်သွယ်ရေးတိုင်များ၊ လျှပ်စစ်မီးကြိုးတိုင်များစိုက်ထူထားခြင်း၊ အရိပ်ရသစ်ပင်စိုက်ပျိုးခြင်းများရှိသဖြင့် လမ်းဧရိယာ ကျဉ်းမြောင်းခြင်း၊ မော်တော်ယာဉ်များ သွားလာမှုတွင် အန္တရာယ်ရှိခြင်းများဖြစ်ပေါ်နေပါ၍ ရှေ့ဆက်ပြီး ဌာနတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါရန်မေးမြန်းချက်နှင့်ပတ်သက်၍** ပုသိမ်မြို့နယ်အတွင်းရှိ ပုသိမ်-ငွေဆောင် လမ်းမကြီးနှင့် ပုသိမ်-ရန်ကင်းတောင်လမ်းမကြီးများ ဘေးဝဲ/ယာတို့တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သတ်မှတ် ထားသောဧရိယာမှာ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် လမ်းဗဟိုမှ လမ်းတစ်ဖက်တစ်ချက် ပေ ၅၀ စီနှင့် စည်ပင်သာယာနယ်နိမိတ်အပြင်ဘက်တွင်လမ်းဗဟိုမှ လမ်းတစ်ဖက်တစ်ချက် ၇၅ ပေစီသတ်မှတ်ထားပါသည်။ ပုသိမ်-ငွေဆောင်လမ်းမကြီးနှင့် ပုသိမ်-ရန်ကင်းတောင်လမ်းမကြီး၏ ဘေးဝဲ/ယာတို့မှာ ယခုအခါ ဆက်သွယ်ရေးတိုင်များ၊ လျှပ်စစ်မီးကြိုးတိုင်များ စိုက်ထူထားခြင်း၊ အရိပ်ရသစ်ပင်များစိုက်ပျိုးထားခြင်း၊ လမ်းဧရိယာကျဉ်းမြောင်းမှုရှိသဖြင့် မော်တော်ယာဉ်သွားလာမှုများအန္တရာယ်ရှိခြင်းများ ဖြစ်ပေါ်နေမှုနှင့်ပတ်သက်၍ ၁၃-၅-၂၀၁၃ ရက်တွင် အုပ်ချုပ်ရေးမှူးနှင့်အတူ သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန်စီမံချက်များအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံပြီးဖြစ်ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပုသိမ်-ရန်ကင်းတောင်လမ်းမကြီးအား ယာဉ်အန္တရာယ်ကင်းစေရန် ကျန်ရှိနေသည့် ၁၂' အကျယ်လမ်းအား ၁၈' တိုးချဲ့ပေးခြင်းနှင့် ၁၈' အကျယ်ရှိသော ကတ္တရာလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် တိုင်းဒေသကြီးရန်ပုံငွေတွင် တောင်းခံထားပါကြောင်းနှင့် လမ်းဧရိယာနှင့်မလွတ်သောဖော်ပြပါကိစ္စရပ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ပေးသွားရန်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **သာပေါင်း-ပုသိမ်ကားလမ်းသည် သာပေါင်းဆောက်လုပ်ရေးလုပ်ငန်းပိုင်း ၁၆ မိုင် ၅ ဖာလုံ ရှိပြီး သာပေါင်းမြို့မှ လှေကြီးတက်ကျေးရွာအုပ်စု ကြက်သွန်ကွင်းကျေးရွာအထိနှင့် အောင်တပ်ကျေးရွာမှ သဲဖြူကျေးရွာအထိ ၄ မိုင် ၁ ဖာလုံ အား ကတ္တရာလမ်းခင်းပြီး ယခုနှစ်တွင်လည်း ၅ မိုင် ၃ ဖာလုံ ထပ်ခင်းပေးမည်ဟု ကြားသိရ၍ ကျန်ရှိနေဦးမည့် လမ်း ၇ မိုင် ၁ ဖာလုံ ကို အများပြည်သူမှဆန္ဒပြင်းပြနေ၍ ယခုနှစ်အတွင်း ကတ္တရာလမ်းအပြီးဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** သာပေါင်း-ပုသိမ်-ကားလမ်းသည် သာပေါင်းဆောက်လုပ်ရေးလုပ်ငန်းပိုင်း ၁၆ မိုင် ၅ ဖာလုံ ရှိပြီး ကတ္တရာလမ်း ၅/၁ မိုင်၊ ကျောက်လမ်း ၁၁/၄ မိုင်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သာပေါင်းမြို့မှ လှေကြီးတက်ကျေးရွာအုပ်စု ကြက်သွန်ကွင်းကျေးရွာအထိနှင့် အောင်တပ်ကျေးရွာမှ သဲဖြူကျေးရွာအထိ ၄ မိုင် ၅ ½ ဖာလုံအား ကတ္တရာလမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ နှစ်တွင်လည်း ကတ္တရာလမ်းအဆင့်ထိ ၄မိုင် ၃ ဖာလုံ ခင်းပေးမည်ဖြစ်ပြီး ကျန်ရှိသည့် ၇ မိုင် ½ ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ရန် တိုင်းဒေသကြီးရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၁၀။ **ကျုံပျော်မြို့နယ် ဟသ်ာတ-အသုတ်-ကျောင်းကုန်းလမ်းမကြီးတွင် မည်သည့်ယာဉ်အမျိုးအစားမဆို နိုင်ငံတော်မှသတ်မှတ်ထားသည့် ကုန်ချိန်အတိုင်းတင်ဆောင်၍ နွေ/မိုး/ဆောင်းရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်း/တံတားအသုံးပြုခွင့်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကျုံပျော်မြို့နယ် ဟသ်ာတ-အသုတ်-ကျောင်းကုန်းလမ်းအား နှစ်စဉ်မိုးရာသီကာလတိုင်းတွင် (ယာဉ်+ကုန်)တန်ချိန်သတ်မှတ်၍ ကန့်သတ်ရခြင်းမှာ မိုးရာသီလမ်းအောက်ခြေမြေသားများ ရေဝင်ခြင်းဖြစ်၍ လမ်းပျက်စီးမှုသက်သာစေရန် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လမ်းခံနိုင်ဝန်အားပေါ်မူတည်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (ယာဉ်+ကုန်)တန်ချိန် ၁၆ တန်အထိသာခွင့်ပြုပေးခဲ့သည်။ ယခင်နှစ်များက (ယာဉ်+ကုန်)တန်ချိန် ၁၃ တန်အထိသာ ခွင့်ပြုပေးခဲ့ပါသည်။ လမ်းခံနိုင်ဝန်အားပိုမိုကောင်းမွန်စေရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လေးမိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁၈ မိုင် ၃ ဖာလုံ အား မူလကတ္တရာလမ်း ၁၂' အကျယ်မှ ၁၈' လမ်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးရန်ပုံငွေတင်ပြတောင်းခံထားပါသည်။ သို့ဖြစ်ပါ၍ လမ်း၏ခံနိုင်ဝန်အပေါ်မူတည်၍ နှစ်စဉ်နှစ်တိုင်းမိုးရာသီကာလအတွင်း (ယာဉ်+ကုန်)တန်ချိန်တိုးမြှင့်ခွင့်ပြုပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၁၁။ **ဟသ်ာတမြို့သည် ယခင်အချိန်အခါများက အထက်မြန်မာနိုင်ငံကုန်စည်များနှင့် အောက်မြန်မာနိုင်ငံကုန်စည်များလဲလှယ်ရာ အဓိကအရေးပါသည့် ဆိပ်ကမ်းမြို့အဖြစ် တည်ရှိခဲ့သော်လည်း ယခုအခါတွင် ဖွံ့ဖြိုးမှုနှေးကွေးသောဒေသအဖြစ်ရပ်တည်နေရပါသည်။ သို့အတွက် ရှေးဦးစွာတည်ဆောက်ရေးကဏ္ဍတွင် အရေးပါသော ဟသ်ာတမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ လက်ပံတန်းမြို့နယ်တို့ တိုက်ရိုက်ကူးသန်းသွားလာနိုင်သော ဧရာဝတီမြစ်ကူးတံတားတစ်စင်းအား နိုင်ငံတော်မှခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။ တန်ချိန်တိုးမြှင့်ခွင့်ပြုပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရန်အတွက် တံတားကိုယ်ထည်မှအပ အခြားဆက်စပ်လုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေးများမှာ အဆင်သင့်ရှိနေပြီ ဖြစ်သည့်အပြင် တံတားစီမံကိန်းအတွက် ပဏာမကွင်းဆင်းတိုင်းတာမှုများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ၎င်းမြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းပြီးမြောက်အောင်မြင်ပါက ဧရာဝတီတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းရေးများ လျင်မြန်ချောမွေ့လာမည်ဖြစ်ကြောင်း လေးစားစွာအစီရင်ခံတင်ပြခြင်းနှင့်ပတ်သက်၍** ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နှင့် ပဲခူတိုင်းဒေသကြီး လက်ပံတန်းမြို့ဆက်သွယ်မည့် ဧရာဝတီမြစ်ကူး(ဟသ်ာတ) တံတားဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဂျပန်နိုင်ငံအစိုးရအကူအညီဖြင့် JFE ကုမ္ပဏီနှင့် ဖြစ်မြောက်နိုင်လေ့လာမှု (F.S) အား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းအစီရင်ခံစာတင်ပြခဲ့ပါသည်။ (F.S) အစီရင်ခံစာအရ ခန့်မှန်းကုန်ကျငွေမှာ ၂၂၀ ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။ ဧရာဝတီတံတား (ဟသ်ာတ) တည်ဆောက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ အထောက်အပံ့နှင့် ချေးငွေရရှိရေးညှိနှိုင်းဆောက်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။

၁၂။ **လေးမျက်နှာမြို့အား ငဝန်မြစ်သည် တောင်မှမြောက်သို့ ပိုင်းခြားထားပါသည်။ ငဝန်မြစ်၏ အရှေ့ဘက်ခြမ်းတွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁ အုပ်စု တည်ရှိ၍ လူဦးရေပေါင်း ၁၀၄၁၄၅ ဦး နေထိုင်လျက်ရှိပြီး ငဝန်မြစ်အနောက်ဘက်ခြမ်းတွင် ကျေးရွာအုပ်စု ၂၀ အုပ်စု၊ လူဦးရေပေါင်း ၅၈၅၉၆ ဦးနေထိုင်ပါသည်။ မြို့နယ်အတွင်းဆက်သွယ်သွားလာရာ၌ ပွင့်လင်းရာသီတွင် မြစ်ကို ဖြတ်ကူး၍ ဆက်သွယ်သွားလာနိုင်သော်လည်း မိုးတွင်းကာလတွင် ငဝန်မြစ်ရေ တောင်ကျရေလွှမ်းသဖြင့် ငါးသိုင်းချောင်း မြို့နယ်ခွဲမှတစ်ဆင့် အနောက်ဘက်ခြမ်းဒေသသို့ ဆက်သွယ်သွားလာအသုံးပြုရပါသည်။ မြို့နယ်အတွင်း နေထိုင်သည့်ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ရာသီမရွေးအချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သွားလာ အသုံးပြုရန် ငဝန်မြစ်ကူးတံတား တစ်စင်းလိုအပ်သည့် အတွက် အဆိုပါငဝန်မြစ်ကူးတံတား တစ်စင်းအား ဆောက်လုပ်ပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** မိုးတွင်းကာလတွင် သွားလာရေးခက်ခဲနေသည့်အတွက် လေးမျက်နှာမြို့အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းအား ဆက်သွယ်မည့် ငဝန်မြစ်ကူးတံတား အသစ်တစ်စင်းဆောက်လုပ်ရန် ပဏာမတိုင်းတာမှုများ ဆောက်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

လင်ကောင်ပိုးငှက် သို့မဟုတ် ဦးကြီးတို့ရဲ့ မိတ်ဆွေ

အချို့သောနိုင်ငံများတွင် လင်ကောင်ပိုးငှက်ရှိခြင်း၊ မရှိခြင်းအပေါ် မူတည်၍ ထိုဒေသ၏ပတ်ဝန်းကျင်သန့်ရှင်း လတ်ဆတ်ခြင်းရှိ၊ မရှိကိုသတ်မှတ်ဆုံးဖြတ်ကြပါသည်။ အကယ်၍ လင်ကောင်ပိုးငှက်များကို မြင်တွေ့ရရုံမကဘဲ ပေါက်ပွားရှင်သန်နေသောအတိုင်းအတာအထိတွေ့ရှိရသော် ထိုဒေသ၏ ဂေဟစနစ်တစ်ခုသည် ကောင်းစွာအောင်မြင်ရှင်သန်၍ မျှခြေတစ်ခုသို့ရောက်ရှိနေကြောင်း၊ လူတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိသေးကြောင်း၊ ထိုပတ်ဝန်းကျင်တွင် လင်ကောင်ပိုးငှက်များ ငှက်အသိုက်အနေဖြင့် အသုံးပြုရန် ပတ်ဝန်းကျင်ကောင်းများသည်လည်း လူသားတို့ပယောဂကြောင့် မပျက်မစီးတည်ရှိနေသေးကြောင်းဖြင့် သိရှိရပါသည်။ ထို့ပြင် လင်ကောင်ပိုးငှက် မိသားစုတစ်စု(ပျမ်းမျှရှစ်ကောင်ခန့်)သည်သုံးလခန့်ကာလအတွင်း လယ်ကြွက်ကောင်ရေ တစ်ထောင်ခန့် စားသုံးကြသဖြင့် လယ်ယာမြေများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လယ်ယာမြေများ သန့်ရှင်းကောင်းမွန်ခြင်းရှိကြောင်းထိုအချက်များကို အခြေပြု၍တိုင်းတာကြပါသည်။

ထိုငှက်များ၏ အဓိကအစားအစာမှာ လယ်ကြွက်များဖြစ်ကြသည်။ အမှန်စင်စစ် ထိုငှက်များမှာဇီးကွက်မျိုးနွယ်စုတွင် လူသိများထင်ရှားသောငှက်ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ လယ်ယာမြေငှက်အဖြစ်သတ်မှတ်ခြင်း ခံရသောငှက်ဖြစ်ပါသည်။ ၎င်း၏အခြားဇီးကွက်မျိုးများနှင့်မတူသော နှလုံးပုံသဏ္ဌာန်ရှိသည့် ထူးခြားသောမျက်နှာသွင်ပြင်ကို ရုပ်သံဖမ်းဂြိုဟ်တုစလောင်းကြီးသဖွယ် မြင်တွေ့ရပြီး အသံ၏ရိုက်ခတ်မှုကို ထိုမျက်နှာပြင်မှလူ၏နားရွက်ကဲ့သို့ အသံများကိုဖမ်းယူခြင်းဖြစ်ကာ နားပေါက်များကိုမူ တစ်ဖက်နိမ့်တစ်ဖက်မြင့် အနေအထားဖြင့် ထူးခြားစွာတွေ့မြင်ရသည်။ ဤကဲ့သို့ မျက်နှာသွင်ပြင်ကြောင့် ပိန်းပိတ်အောင်မှောင်မိုက်နေသည့် အချိန်အခါတွင်ပင် ထိုငှက်၏သားကောင်ကို ခြေရာခံနိုင်သော အကြားအာရုံစွမ်းမှာ စမ်းသပ်မှုများအရ အံ့မခန်းဖွယ်မြင်တွေ့ရ သည်။

ထိုလင်ကောင်ပိုးငှက်တို့သည် မိမိနှင့်သဘောထားတိုက်ဆိုင်သော မိတ်ဖက်ကိုသာ ရွေးချယ်လေ့ရှိပြီး တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးသောငှက် (Monogamous Pairs) များဖြစ်ကြသည်။ တစ်ခါတစ်ရံတွင်မူ ထိုဒေသအနီးတစ်ဝိုက်တွင် အထီးရှားပါးမှုတွေ့ကြုံရလျှင် မူလအသိုက်မှဝေးကွာသောအရပ်တွင် အခြားအမတစ်ကောင်နှင့်လည်း မိတ်တွဲတွဲတတ်လေ့ရှိသည်ကိုလည်းတွေ့ရသည်။

အမသည် ဥငါးလုံးမှ ၁၁ လုံးအထိ ဥတတ်ပြီး အကောင်ပေါက်ရန် ရက်ပေါင်း ၃၀ မှ ၃၄ ရက်အတွင်း ကြာမြင့်တတ်သည်။ ဤနေရာတွင် ထူးခြားသည်မှာ လင်ကောင်ပိုးငှက်အမများသည် အခြားငှက်များကဲ့သို့ ဥဝပ်ရာတွင် ဥစုံအောင်မစောင့်တော့ဘဲ စတင်ဥသည်နှင့် ဝပ်ခြင်းအလုပ်ကိုပါ တစ်ပြိုင်နက်တည်းလုပ်ဆောင်ကြသဖြင့် ဥများမှာတစ်ချိန်တည်း၊ တစ်ပြိုင်တည်းမပေါက်နိုင်တော့ဘဲ ပထမဆုံးပေါက်သည့် အကောင်နှင့် နောက်ဆုံးပေါက်သည့် အကောင်တို့မှာ ရက်သတ္တနှစ်ပတ်ခန့် ကွာခြားနေတတ်ပြီး အရွယ်အစားမှာလည်း ကွဲပြားစွာ တွေ့မြင်ရသည်။

> ပိန်းပိတ်အောင် မှောင်မိုက်နေသည့် အချိန်အခါတွင် ထိုငှက်၏ သားကောင်ကို ခြေရာခံနိုင်သော အကြားအာရုံစွမ်းမှာ စမ်းသပ်မှုများအရ အံ့မခန်းဖွယ် မြင်တွေ့ရ

လင်ကောင်ပိုးငှက်တို့သည် အသိုက်ကို ကိုယ်တိုင်တည်ဆောက်ယူလေ့ မရှိကြဘဲ သဘာဝအတိုင်းရှိနေသော သစ်ခေါင်းများ၊ ကျောက်တောင်များ၊ စပါးကျီများ၊ မီးခိုးခေါင်းတိုင်များ၊ အုန်းလက်၊ ထန်းလက်ကြားတို့ကို အသိုက်အနေဖြင့် အသုံးပြုလေ့ရှိကြပြီး အသိုက်နှင့်ပတ်သက်၍ ဇီဇာကြောင်သောငှက်များ မဟုတ်ကြဘဲ လူတို့ပြုလုပ်ပေးသော အသိုက်များကိုလည်း လွယ်လွယ်တကူ လက်ခံ အသုံးပြုကြပြီး အစာရေစာကောင်းစွာရရှိနိုင်ပါက တစ်နှစ်လျှင် သုံးသားခန့် သားပေါက်နိုင်စွမ်းရှိကြသည်။ အကောင်ပေါက်ငယ်များသည်ရက်ပေါင်း ငါးဆယ်မှ ငါးဆယ့်ငါးရက်အတွင်း စတင်ပျံသန်းကြသော်လည်း သုံးလသားခန့်အထိ သားခွဲခြင်း မပြုကြသေးချေ။ တစ်နှစ်သားအရွယ်တွင် အရွယ်ရောက်ကြပြီး တစ်ကမ္ဘာလုံးအနှံ့အပြားပျံ့နှံ့စွာ တွေ့ရှိနိုင်သောငှက်အမျိုးအစားတွင် ပါဝင်သည်။ မျိုးစိတ်ကွဲသုံးဆယ်ကျော်ရှိကာ အထီးအမကို အရောင်အဆင်းနှင့်အရွယ်အစားပေါ် မူတည်၍ ခွဲခြားနိုင်သည်။ တစ်ဖန် တိတ်ဆိတ်စွာ ပျံသန်းနိုင်ခြင်း၊ စလောင်းနှင့်တူသော မျက်နှာပြင်ရှိခြင်းတို့ကြောင့် သားကောင်၏ အလွန်တိုးတိတ်သောအသံကို မည်သည့်နေရာကလာသည်ကိုပင် ခွဲခြားသိနိုင်သည့် စွမ်းရည်ထူးများရှိကြကြောင်း တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၏ မည်သည့်ဒေသတွင်မဆို ဂေဟစနစ်တစ်ခု မပျက်စီးခြင်းက ထိုဒေသရှိ သက်ရှိသတ္တဝါအားလုံးအတွက် ကြီးစွာသော အထောက်အပံ့ကောင်းများဖြစ်စေပြီး လင်ကောင်ပိုးငှက်တို့သည်လည်း ဒေသဆိုင်ရာဂေဟစနစ် (Local Ecology)တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသော တိရစ္ဆာန်ဖြစ်၍ ထိုဒေသအပါအဝင် အခြားဒေသအားလုံးတွင်လည်း ထိုငှက်ကိုဝိုင်းဝန်းထိန်းသိမ်းသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ညောင်လေးပင် ကျောင်းစုကျေးရွာ၌ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ » »

လယ်ထွန်စက် သုံးစီးနှင့် စက်ရေတွင်းတူးစက်တစ်လုံး ပေးအပ်လှူဒါန်း

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »

ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင် ဆီကြိတ်ဆုံငယ်များ လုပ်ငန်းတွင်ကျယ်

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »



(၁၅)ကြိမ်မြောက် အထက(၁)တာမွေ၊ မြတ်ဆရာပူဇော်ပွဲ (ပြည်ထောင်စုနေ့)

အထက(၁) တာမွေ၊ ယခင်(ကျောက်မြောင်းအစိုးရ အထက်တန်းကျောင်း)တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ကျေးဇူးဆပ်သောအနေဖြင့် (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို **(၁၉၄၅ခုနှစ်မှ ၁၉၇၀ခုနှစ်ထိ)ကျောင်းသား၊ကျောင်းသူဟောင်းများအဖွဲ့နှင့် ပြည်ထောင်စုနေ့တွင် ကျင်းပသော မျိုးဆက်သစ်ကျောင်းသား/ကျောင်းသူဟောင်းများအဖွဲ့တို့ပူးပေါင်း၍** ၁၂-၂-၂၀၁၄(ပြည်ထောင်စုနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် နှစ်စဉ်တက်ရောက်နေသော ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။(၁၉၉၉ ခုနှစ်အထိ(၅)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြပြီး လက်ရှိ အထက(၁)တာမွေကျောင်းတွင် တာဝန်ထမ်းဆောင်နေကြသော အသက်(၅၅)နှစ် ပြည့်ဆရာ၊ဆရာမအားလုံး တက်ရောက်ကြပါရန်။)

ကျင်းပပြုလုပ်မည့်နေ့ရက်။ ။ ၁၂-၂-၂၀၁၄(ပြည်ထောင်စုနေ့)

အချိန် ။ ။ မွန်းတည့်(၁၂)နာရီတိတိ

နေရာ ။ ။ ပင်လုံခန်းမ (အထက(၁)တာမွေ)

ဆက်သွယ်စုံစမ်းရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက

ဦးလှမြင့်(၀၉-၅၂၀၁၁၇၅) **ဒေါ်စီစီတင်(၀၉-၅၁၂၂၈၄၆)**
ဒေါက်တာသိန်းစိုး(၀၉-၅၀၂၂၄၁၂) **ဦးသက်နိုင်(၀၉-၅၁၆၃၀၀၆)**
ဒေါက်တာနီနီလေးမြင့်(၀၉-၅၁၆၀၀၁၆) **မခင်သီတာလှိုင်(၀၉-၄၄၈၀၅၁၅၁၉)**
မမီမီဝင်းထွန်း(၀၁-၄၃၀၁၄၃၁) **မဥမ္မာသန်း(၀၉-၅၀၂၆၆၆၅)**
မမြတ်မြတ်ခိုင်(၀၁-၅၄၀၃၄၂) **ဦးခင်မောင်သောင်း(၀၉-၇၃၁၄၀၄၀၁)**
ကိုစန်းမြင့်(၀၉-၂၅၀၀၀၁၃၇၇) တို့ထံဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။





စားသောက်ဆိုင်လုပ်ငန်း စာရင်းစစ်လျှောက်လိုသူများ

(၁) အတွေ့အကြုံ အနည်းဆုံး (၃)နှစ်
(၂) အသက် ၂၃-၂၅အထက်
(၃) ကျား/မ မရွေး

လစာကောင်း လုံးဝပေးမည်။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၄၀၀၃၀၆၆၉၆

ဦးထုပ်ချုပ်လိုသည်

ရန်ကုန်မြို့ရှိ ဦးထုပ်ချုပ်လုပ်ငန်းများ ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၀၆၄၉၆၇၊ ၀၉-၄၂၀၁၀၅၇၇
(ညနေ ၆နာရီမှ ည၁၀နာရီ အတွင်းသာဆက်သွယ်ရန်။)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊အမှတ်(၁)ရပ်ကွက်၊ (၂-လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်)၊ အမှတ်(၈၅၅)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ မြေကွက်အမှတ်(၈၅၅)၊မြေအကျယ်(၂၅×၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(အိမ်တစ်လုံး၊ ဆိုင်ခန်း၊ရေမီးအပြည့်အစုံ) အပါအဝင်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဦးဇော်လွင်[၁၂/မရက(နိုင်)၀၈၇၁၅၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၆၃)
အမှတ်(၃၅၀)၊တပင်ရွှေထီးလမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၁၂၅၇၇



မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ ရုံးပေါက်(ပိုက်လမ်းနေ) အနောက် ပိုင်းတက္ကသိုလ် (အဝေးသင်ဌာန)တတိယနှစ် ဓါတုဗေဒဖြင့် အောင်မြင်ပြီးသူ မခင်ခင်ထွေး[၁၂/မဘန(နိုင်)၁၄၅၇၁၀]၏ ဖခင်အမည်မှန်မှာ ဦးမြင့်ငွေ [၁၂/မဘန(နိုင်)၀၂၂၈၃၂]ဖြစ်ပြီး မိခင်အမည်မှာ ဒေါ်ညွန့်ညွန့်မြိုင်[၁၂/မဘန(နိုင်)၀၂၂၈၃၄]ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၁၊ မြေကွက်အမှတ်-၅၀၂/ခ၊ မြေကွက်တည်နေရာအမှတ်-၅၀၂-ခ၊ အောင်မေတ္တာလမ်း၊ (ဦးကြည်လွင်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးကြည်လွင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်အေးချို (YKN-၀၁၄၈၉၀) နှင့် ဦးစိုးအောင်[၁၂/ကမရ(နိုင်)၀၁၆၃၂၅]တို့က ပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက် ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

B.E. (Civil & Structural)
Hong Kong University of Science and Technology
Founder & CEO
[illegible] Myanmar Group of Companies

B.A (Eng.), [illegible]
MBA (Y.I.E)
Managing Director
Shwe [illegible] Mining Co., Ltd.

ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ

KBZ Bank Account No. [illegible]

(၄၆)ကြိမ်မြောက် အလောင်းတော်ကဿပ ဖူးမြော်ရန်(ဒုတိယခရီးစဉ်)

အလောင်းတော်ကဿပအရှင်မြတ်ကြီးအား (၄၆)ကြိမ်မြောက် ဖူးမြော်ရန်နှင့် တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတော်သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လိုက်ပါဖူးမြော်လိုသူများသည် အလောင်းတော်ကဿပဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေး အမှတ်(၈၂၁) မဟာဗန္ဓုလလမ်းနှင့် ၁၀-လမ်းထိပ်၊ အမှတ်(၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၀၀၇၄၊ ၀၁-၂၂၆၀၂၄၊ ၀၉-၂၅၄၁၁၂၃၁၇၊ ၀၉- ၇၃ ၀၀၂၄၇၃ သို့ ဆက်သွယ်နိုင်ပါသည်။ သင်္ကြန်အထူးခရီးစဉ် ၁၁-၄-၂၀၁၄ ထွက်ပါမည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်၊ ဇမ္ဗူရစ်လမ်း၊ အမှတ် (၁၅) နေ
ဦးသန်းထွန်း-ဒေါ်လှတင်တို့၏သားငယ်

မောင်ဇော်မျိုးထက် (ခ) ကိုမျိုး (LL.B)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန်ပလာဇာဝင်း၊ (၄)လမ်း၊ အမှတ်(၄)နေ
ဦးဇော်မင်း-ဒေါ်မြင့်မြင့်လှတို့၏သမီးလတ်

မဇင်မေလတ်(ခ) ဂျူးငယ် (LL.B)

တို့သည် ၁-၂-၂၀၁၄ ရက်တွင် မင်္ဂလာဧည့်ခံပွဲ ပြုလုပ်၍ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဇော်မျိုးထက်-မဇင်မေလတ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၁၈၈)၊ ရွှေကြို့ပင်တောင်ကွင်း၊ ဦးပိုင်အမှတ် N/ ၁၁ ဟုခေါ်တွင်သော အကျယ်အဝန်း (၇. ၄) ဧကရှိ သဲကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ-၁၀၅ တွင် ဦးမြင့်သောင်း အမည်ပေါက် မြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို မြေအမည်ပေါက် ပိုင်ရှင် ဦးမြင့်သောင်း ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးသီဂီသန်း	ဒေါ်ဖြူသွယ်ယု (LL.B,D.B.L) (စဉ်-၂၄၃၁၇)
ဖုန်း-၀၉၄၃၁၁၃၇၅၂၊ ၀၁၆၅၇၈၃၈	ဒေါ်တိုးတိုးခိုင် (LL.B, LL.M) (စဉ်-၃၃၅၂၀)
အမှတ်(၈၆၉)၊ အခန်းအမှတ်(A-၃)၊	ဒေါ်သဇင်ညို (LL.B.,D.B.L) (စဉ်-၃၉၆၃၄)
မဟာဗောဓိလမ်း၊ (၈) ရပ်ကွက်၊	အထက်တန်းရှေ့နေများ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။	ဖုန်း-၀၉၄၂၁၀၇၄၆၀၂၊ ၀၉၅၀၂၈၀၄၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (င-၁၃)ရပ်ကွက်၊ အမှတ်(၂၈၄)၊ အလျားပေ(၆၀) အနံပေ(၆၀)ရှိသော ပါမစ်မြေကွက်ကို အဆက်စပ်စာချုပ်များအရ ဦးမြင့်ဆွေ[၇/သဝတ(နိုင်)၀၆၆၇၄၀]ကဝယ်ယူပိုင်ဆိုင်သည်ကို ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ (တိုက်-၁၉)၊ အခန်း(၃)အနောက်ကြို့ကုန်းနေထိုင်သူ ဦးအောင်မြတ်မိုး[၁၂/အစန(နိုင်)၁၉၁၈၉၀]က ဝယ်ယူရန်စရန်ငွေကို (၂၆-၁-၂၀၁၄)တွင် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ အထက်ပါမြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုလျှင် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါရှိပြီး (၁)ပတ်အတွင်း ခိုင်လုံသည့် အထောက်အထားစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးမူ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၁၆၆၅)
တိုက်(၇)၊ အခန်း(၅၀၄)၊ ခရေ(၁)လမ်း၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉၄၅၀၀၀၁၂၇၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ တေးဥယျာဉ်(၂)လမ်း၊ မြေကွက်အမှတ်-၃၅၀(က+ခ)၊ လှိုင်သာယာသောင်ကြီးခွင်(၁)၊ မြေအကျယ်ပေ(၄၀×၆၀)၊ ဦးလှရွှေနှင့် ဦးမောင်ကြည် အမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေချပါမစ်ဓာတ်ပုံစာရင်းပါသူ မြေကွက်လက်ရှိဖြစ်သူ ဦးမောင်စိန်၊ ဦးမောင်ကြည်တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ချောစုလှိုင်[၁၄/ငပတ(နိုင်)၁၄၁၇၈၇]က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးအပိုင်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြသက်ဝေ	ဒေါ်ငြိမ်းချမ်းဦး	ဦးအောင်သိန်း(စဉ်-၂၂၀၁၉)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
စဉ်-၂၄၇၃၁	စဉ်-၃၉၇၂၀	တိုက်(၂)၊အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉ ၅၁၈၆၇၉၈
ဖုန်း ၀၉-၅၀၈၈၆၄၁	ဖုန်း၀၉-၄၂၀၂၄၉၃၆၉	

အဘိဓဇဂ္ဂဏာပ္ပဓာနှင့် မွေးနေ့မင်္ဂလာကျင်းပမည်

တောတိုက်ဓမ္မရိပ်သာ ဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝိနည်းဓိုရ်၊ တောင်တန်းသာသနာပြု၊ နိုင်ငံတော် သြဝါဒါစရိယ၊ တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးဥက္ကဋ္ဌ စသောသာသနာပြုလုပ်ငန်းများကို (၃၈) နှစ်တိုင်တိုင် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသည့်အတွက်ကြောင့် နိုင်ငံတော်မှ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန် လျှုဒါန်းပူဇော်သဖြင့် တပည့်သံဃာ၊ သီလရှင် ယောဂီအပေါင်းတို့မှ နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ကြပြီး ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်လိုသော ဆန္ဒများစွာရှိနေကြ၍ နှစ်စဉ်ကျင်းပနေကျ ဆရာတော်ကြီး၏ သက်တော် (၈၂) နှစ်ပြည့် မွေးနေ့မင်္ဂလာကို ၂၇-၃-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ထပ်ဆင့်ပူဇော်နိုင်ရန် ကျောင်းတိုက်သို့ လာရောက်လျှုဒါန်းပူဇော်နိုင်ပါသည်။

တပည့်များ

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်

တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်

ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ချစ်သား Dr.အောင်ရဲကျော်သည် ပြင်သစ်နိုင်ငံအခြေစိုက် eyeka co-creation community မှကျင်းပသော နိုင်ငံတကာ Animation ပြိုင်ပွဲများတွင် မိမိတတ်ကျွမ်းသော ဆေးပညာအသိနှင့် Animation ပညာတို့ကိုပူးပေါင်းကာ ၂၀၀၉ခုနှစ် HIV ပညာပေး Anti-HIV Contest ၌ ပထမဆုရရှိခဲ့ပြီး ၂၀၁၄ခုနှစ်တွင်လည်း Duracell Superiority Contest ၌ ဒုတိယဆုထပ်မံဆွတ်ခူးနိုင်ခဲ့သဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်းကာ တီထွင်ဖန်တီးယှဉ်ပြိုင်နိုင်ခဲ့သောကြောင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မာမီ-ဒေါ်အေးမြင့်

ဘဘ-ဦးသန်းဝင်း-ကြီးကြီးဝင်းနီ(ခ)ဒေါ်လှလှ(ဆည်မြောင်းဦးစီးဌာန)

မေမေ-ဒေါ်ကြူကြူဌေး(အထက-၂ စမ်းချောင်း)

ညီငယ်-မောင်ထက်အောင်ခန့် (အထက-၄ အလုံ)



မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မောင်ကျော်ကိုကိုထက်နှင့် မဟန်သီလင်းတို့၏ ၁-၂-၂၀၁၄ ရက် (စနေနေ့) ကန်တော်မင်္ဂလာခန်းမ(ပျဉ်းမနားမြို့)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးခဲ့သော နေပြည်တော်တိုင်းပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးစမ်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးခဲ့သော အရာခံဗိုလ် ဦးခင်မောင်ညွှန့်နှင့်ဇနီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူဝင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့်ကူညီပေးခဲ့ကြသော သီတာအောင် VIDEO ရိုက်ကူးရေး(တပ်ကုန်း)အားလည်းကောင်း၊ ဓာတ်ပုံရိုက်ကူးရေးဖြင့် ကူညီပေးခဲ့သော ဦးသိန်း(အောင်သရဖူ)အားလည်းကောင်း၊ မိတ်ကပ်ဆံပင် ချယ်ရီ(လင်းလင်း၊ အောင်အောင်တောင်ကြီး)၊ အခမ်းအနားနှင့် ကားအလှဆင်ပေးခဲ့သော ကျော်ထိုက်နှင့် အဘက်ဘက်မှ ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ကိုကိုထက်-မဟန်သီလင်း

သင့်သွေးဖြင့်အသက်ကယ်ပါ



ဦးဇော်လင်း[၇/ရတန(နိုင်)၀၃၁၈၇၁]နှင့် ဒေါ်စိုးစိုးအေး[၁၂/မဂဒ(နိုင်)၁၀၇၉၇၄] တို့၏ ၁၉-၁-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ၌ပါရှိသည့် ကြေညာချက်အပေါ် ရှင်းလင်းခြင်း

ဦးဇော်လင်းနှင့် ဒေါ်စိုးစိုးအေးတို့သည် ၃-၇-၂၀၁၃ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၌ ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ငွေကျပ်သိန်း (၃၀၀၀)ဖြင့် အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ ဒေါ်ဖြူဖြူမြိုင်ထံသို့ ရောင်းချခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာကိုပေးခဲ့ခြင်းဖြစ်သည်။

ဒေါ်စိုးစိုးအေး ပိုင်သည့် ထို(၆)ထပ်တိုက်အား ဘဏ်၌ပေါင်နှံထားသည်မှာ ဆုံးရှုံးတော့မည်ဖြစ်ကြောင်း ပြောပြပြီးဝယ်ယူရန် အကူအညီတောင်းသည့်အတွက် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ၁၉-၁-၂၀၁၄ရက်နေ့ကြေးမုံသတင်းစာတွင် ၎င်း၏ရှေ့နေနှင့် မမှန်မကန်ကြေညာခြင်းဖြစ်သည်ဟု ဖော်ပြသည့်အတွက် တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဒေါ်စိုးစိုးအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မမသောင်း(LL.B,D.I.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၇၈)

ဒေါ်သီတာမြင့်(LL.B,D.I.L)၊ အထက်တန်းရှေ့နေ(စဉ်-၄၂၄၆၀)

ဒေါ်ဌေးဌေးဝင်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၈၀၀၈)

ဖုန်း-၀၉-၄၂၀၁၈၇၂၆၇၈၊ ၀၉-၄၃၂၀၄၁၈၅

၇-လမ်းနှင့်အရှေ့ဗဟိုလမ်းထောင့်
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်
RC နှစ်ထပ်တိုက်ရောင်းမည်။
ဖုန်း-၀၁-၅၂၂၉၀၈၊
၀၉-၄၄၈၀၁၉၉၃၅

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၃၂၀၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု
ဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အထက(၄)မရမ်းကုန်း(ရေကူး/ကမ္ဘာအေး) ကောဒသမအကြိမ်မြောက်အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ မရမ်းကုန်းတွင် (၁၉၇၀-၁၉၈၇) ပညာသင်နှစ်များအတွင်း သင်ကြားဆုံးမပဲ့ပြင်လမ်းညွှန်ခဲ့ကြသော အသက်(၆၀)နှစ်နှင့် အထက်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအတွက် ၁၂-၂-၂၀၁၄(ပြည်ထောင်စုနေ့)နံနက် ၁၀နာရီ၊ ဓမ္မသကဗိမာန် ရေကူးရွာမကျောင်းတွင် ကျင်းပမည့် ကောဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ပါအာစရိယပူဇော်ပွဲကျင်းပရေးကော်မတီဝင်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးလှမိုး(၁၉၇၀)၀၉-၄၂၁၀၀၆၀၈၉၊ ဦးမင်းအောင်(၁၉၇၂)၀၉၇၃၀၀၁၃၁၇၊ ဦးအောင်မျိုးသန့်(၁၉၈၁)၀၉-၅၁၆၂၃၀၄၊ ဦးကျော်လင်း(၁၉၈၁)၀၉-၅၀၄၃၃၄၀၊ ဒေါ်အေးအေးငြိမ်း(၁၉၈၁)၀၉-၅၇၇၇၇၄၁၊ ဒေါ်အေး(၁၉၇၂)၀၉-၅၁၁၂၈၁၀၊ ဒေါ်စောနန်းမူ(၁၉၈၁)၀၉-၄၂၀၂၇၄၆၁၊ ဒေါ်ချိုချိုမာ(၁၉၈၇)၀၉-၃၁၀၆၃၂၄၄

ဝမ်းမြောက်ဂုဏ်ယူကြောင်း ဆုမွန်လွှာ

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ အထက(၁)တာမွေမှ ဘက်စုံထူးချွန်ဆုရှင်အဖြစ် အဌမတန်း(A)မှ မသူသူဇော်၊ နဝမတန်း(A)မှ မငြိမ်းဆုသာ ဒသမတန်း(A)မှ မဆုသဉ္ဇာဝင်းတို့အား ရွေးချယ်ခြင်းခံရသည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အီဗာနှင့်တကွ ဆရာမများ၊ ရုံးဝန်ထမ်းများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆတက်တိုး၍ ထူးချွန်ထက်မြက်သူများ ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ရုံးဝန်ထမ်းများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက(၁)တာမွေ
ရန်ကုန်မြို့ ၊ အရှေ့ပိုင်းခရိုင်

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

ဦးခင်မောင်ဌေး(TEAM MYANMAR & SMART PACK Co.,)နှင့် **ဒေါ်မြင့်မြင့်သိန်း**(Woody House)တို့၏ ၂-၂-၂၀၁၄ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုရက်မြတ်မှသည် စိန်ရတုမင်္ဂလာရက်များတိုင် ချစ်သောမိသားစုနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(ဦးထွန်းမြတ်) မြန်အောင်ရွှေဆိုင်-ဒေါ်သန်းဆွေမိသားစု
သမီးလေး သွန်းနေခြည်ထက်(Shinning Star)မိသားစု
၇၂၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်





ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Mitsubishi FUSO
1999(၂စီး) 4S Seater
(City Bus)
၉ယ/၄- - -
Engine-6D24
Ph:01-430487, 09-421059826, 09-420113003, 09-256107581

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၁၃၊ မြေကွက်အမှတ်-၁၁၇၊ မြေကွက်တည်နေရာအမှတ်(၁၁၇)၊ နွယ်သာကီ(၂)လမ်း၊ ရွှေပြည်သာ၊ (ဒေါက်တာခင်ခင်မြ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါက်တာခင်ခင်မြထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စိုးမိုးအေး[၁၂/အစန(နိုင်)၀၆၇၁၈၇]မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံပြ၊ မြေကွက်အမှတ်-၃၇၀၊ မြေကွက်တည်နေရာအမှတ်(၃၇၀)၊ စံပြ(၁)လမ်း၊ စံပြရပ်ကွက်၊သယ်န်းကျွန်းမြို့နယ်၊ ဦးမြင့်စိုး [၁၂/သယက(နိုင်)၀၅၁၉၆၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်စိုး (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကြည်လှ[၁၂/သယက(နိုင်)၀၅၁၉၆၅]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်GP No-၂၁၁၉၈/၁၉-၁၁-၁၃ရသူ ဒေါ်မြတ်သန္တာလင်း[၈/စလန(နိုင်)၀၇၀၇၀၆]က ပါဝါပေးသူသက်ရှိထင်ရှားကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇စီ၊ မြေကွက်အမှတ်-၁၂၇၊ မြေကွက်တည်နေရာအမှတ်-၇၊ ပိတောက်လမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် (၁)ဦးစံရွှေ [၁၂/ပဇတ(ဧည့်)၀၀၀၀၀၈]၊ ၂။ဒေါ်လှသန်း [၁၂/ပဇတ(နိုင်)၀၀၇၈၈၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှသန်း(မိခင်)နှင့် ဦးအောင်လှ(ဖခင်)၊ ဒေါ်ဝင်းဝင်းသန်း(သမီး)တို့အသီးသီးကွယ်လွန်သဖြင့် ၁။ဒေါ်ညိုညိုမြင့်[၁၂/သကတ(နိုင်)၀၀၄၄၁၉]၊ ၂။ဦးလှဝင်း[၁၂/ပဇတ(နိုင်)၀၀၇၆၆၀]၊ ၃။ဒေါ်စန်းစန်းဆွေ[၁၂/သကတ(နိုင်)၀၃၄၅၇၈]၊ ၄။ဦးအေးထွန်း[၁၂/ပဇတ(နိုင်)၀၀၇၆၂၇]၊ ၅။ဦးနိုင်ဝင်းအောင်[၁၂/ပဇတ(နိုင်)၀၃၃၁၉၉]တို့က သားသမီးများနှင့် အမွေမမီမြေး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲအမည်ပေါက် ဦးစံရွှေ[၁၂/ပဇတ(ဧည့်)၀၀၀၀၀၈]နှင့်အတူအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၄/အေ)၊ မြေကွက်အမှတ်(၂)၏ အစိတ်အပိုင်းဧရိယာ(၄. ၀၁)ဧကအနက်မှ(၁. ၀၃၂)ဧကရှိမစိန်တင်အမည်ပေါက် သည့်မြေအမျိုးအစား"က"မြေ မြေကွက်တည်နေရာအမှတ်(၁၂)ယမုံနာလမ်း၊သစ်ဆိမ့်ကုန်းရပ်ကွက်ရှိ မြေကွက်အား မင်္ဂလာဒုံမြို့နယ်တရားရုံး တရားမမှုအမှတ် ၁/၂၀၁၂၏ ဒီကရီနှင့်စီရင်ချက်၊တရားမဇာရီမှုအမှတ်(၁၀/၂၀၁၂)၏အမိန့် ၁၃-၆-၂၀၁၂ ရက်စွဲပါ ဘီးလစ်ခန့်စာတို့ကိုတင်ပြ၍ တရားရုံးကိုယ်စား ဒေါ်နုနုလှိုင်(ဘီးလစ်)[၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ၃/က လျှောက်ထားလာရာ တရား ဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊ မြေကွက်အမှတ်-၇၉၈/က၊ မြေကွက်တည်နေရာအမှတ်(၇၉၈/က)၊ အောင်သပြေအရှေ့(၈)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးဘဌေး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘဌေးကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် (၃၆၄၉/၂၀၁၃)အရ ၁။ဒေါ်ခင်စန်းတင့် ၂။ဦးသန်းနိုင်၊ ၃။ဦးစိုးလှိုင်၊ ၄။ဒေါ်တင်တင်ဝေတို့မှ ပိုင်ဆိုင်ခဲ့ပါသည်။ အမှတ်စဉ်(၁) မှ(၃)အထိသည် ဒေါ်တင်တင်ဝေ[၁၂/သကတ(နိုင်)၀၈၀၁၅၄]အား စွန့်လွှတ်စာချုပ်အမှတ်(၃၉၅၀/၂၀၁၃)အရ စွန့်လွှတ်လက်ခံခဲ့ပြီး ၎င်းမှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး အမည်ပြောင်းနှင့် ဂရန်မိတ္တူလျှောက်ထား လာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့်အသက်ကယ်ပါ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၄C/၉၀၅၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၂၅၈၊ မြေကွက်တည်နေရာ(၂၅၈)၊သုခမိန်လမ်း၊လှိုင်သာယာ (ဒေါ်ရာမက်ဘီဘီ(ခ)ဒေါ်နီနီဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရာမက်ဘီဘီ(ခ)ဒေါ်နီနီဝင်း [၁၂/ပဘတ(နိုင်)၀၀၄၆၃၁]ကိုယ်တိုင်ကဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EOရုံးထောက်ခံစာတို့တင်ပြပြီး ဂရန်သစ် လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၄/အေ)၊ မြေကွက်အမှတ်(၂)၏ အစိတ်အပိုင်း၊ ဧရိယာ(၄. ၀၁)ဧကအနက်မှ(၀. ၄၁၂)ဧကရှိမစိန်တင်အမည်ပေါက်သည့်မြေ အမျိုးအစား"က"မြေ၊ မြေကွက်တည်နေရာ အမှတ်(၁/က)၊အမှတ်(၃)လမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်ရှိမြေကွက်အား မင်္ဂလာဒုံမြို့နယ် တရားရုံး တရားမမှုအမှတ်(၂/၂၀၁၂)၏ ဒီကရီနှင့်စီရင်ချက်၊တရားမဇာရီမှုအမှတ်(၁၁/၂၀၁၂)၏ အမိန့် ၁၃-၆-၂၀၁၂ရက်စွဲပါ ဘီးလစ်ခန့်စာတို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဒေါ်နုနုလှိုင်(ဘီးလစ်)[၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ၃/က လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၈ဆ/၉၇၁၇၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က. ည. န၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ်-၉၁၆၊ မြေကွက်တည်နေရာအမှတ်(၉၁၆)၊ ဘုရင့်နောင်လမ်း၊ ဗဟန်းမြို့နယ် (ဦးကြည်ညွှန့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးကြည်ညွှန့်(မိခင်)ဒေါ်အုန်းရီ ကွယ်လွန်သဖြင့် ဦးညွှန့်ကြိုင်(ခ)ဦးညွှန့်လှိုင်(ခ)ဦးအောင်ကျော်ညွှန့်[၁၂/ဗဟန(နိုင်)၀၄၁၂၃၁] ဒေါ်ကြည်ကြည်မြင့်[၁၂/ဗဟန(နိုင်)၀၄၁၈၇၆] တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးကျော်သူဖြိုး[၁၄/ဘကလ(နိုင်)၁၉၄၉၅၁]၊ အမှတ်(၂၆၅)၊ ၈-လွှာ၊ အခန်း(ဘီ)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်နေသူနှင့် သက်ဆိုင်သူအများသိရှိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်းအောင်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ယူနီဗတ်စ်မရင်းကုမ္ပဏီလီမိတက်၊အမှတ်-၁၅/၁၇၊ ဒုတိယထပ်၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ယူနီဗတ်စ်မရင်းကုမ္ပဏီလီမိတက်၏ ဝန်ထမ်းဖြစ်သူ ဦးကျော်သူဖြိုးသည် မိမိအား ကြည့်ရှုစောင့်ရှောက်ထားသော အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းအောင်မှ ယုံကြည်စွာအပ်နှံထားခဲ့သော လုပ်ပိုင်ခွင့်အချို့ကို အလွဲသုံးစားပြုကာ ကုမ္ပဏီ၏အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထွန်းအောင် တစ်ဦးတည်းမှသာ သုံးစွဲခွင့်ရှိသည့် ယူနီဗတ်စ်မရင်းကုမ္ပဏီလီမိတက် အမည်ခေါင်းစီးစာတမ်းပါရှိသည့် ကုမ္ပဏီ၏စာရွက်စာတမ်းများကို အတုပြုလုပ်ကာ လက်မှတ်ရေးထိုးပြီးနောက် ကုမ္ပဏီထံတွင် လုပ်ငန်းအပ်နှံထားသော မိတ်ဆွေများထံမှ ငွေကြေးများကို တောင်းခံရယူကာ၊ အလွဲသုံးစား ပြုလုပ်သွားခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ထိုသို့ သိရှိရသဖြင့် ဦးကျော်သူဖြိုး၏ အလွဲသုံးစားပြုလုပ်မှုများအား ကိုယ်တိုင်လာရောက်ဖြေရှင်းပါရန် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းအောင်မှ အကြောင်းကြားခေါ်ယူခဲ့ရာတွင် ၁၂-၁-၂၀၁၄ရက်၌ ကုမ္ပဏီသို့မပျက်မကွက်လာရောက်ပြီး၊ ဖြေရှင်းပေးပါမည်ဟု ယုံကြည်အောင် ကတိပြုပြောဆိုချက်အရ စောင့်ဆိုင်းနေခဲ့ပါသော်လည်း ဦးကျော်သူဖြိုးသည် ကုမ္ပဏီသို့ လုံးဝလာရောက်၍ဖြေရှင်းခြင်းမပြုခဲ့ပါ။ သို့အတွက် ဦးကျော်သူဖြိုးကိုင်ဆောင်သည့် လက်ကိုင်တယ်လီဖုန်းအမှတ် (၀၉-၄၃၁၅၇၁၈၅)သို့ ဆက်သွယ်၍ မေးမြန်းရာတွင်လည်း ဖြေဆိုသူမှ ထိုလက်ကိုင်တယ်လီဖုန်းအား ၎င်းဝယ်ယူလိုက်ပြီဖြစ်ကြောင်း ဖြေကြားသဖြင့် သိရှိခဲ့ရပါသည်။ ဦးကျော်သူဖြိုးအား ထပ်မံဆက်သွယ်ပါသော်လည်း ဆက်သွယ်၍မရတော့ဘဲ လုံးဝတိမ်းရှောင်သွားကြောင်း ထပ်မံစုံစမ်းသိရှိခဲ့ရပါသည်။

ဦးကျော်သူဖြိုးသည် ယူနီဗတ်စ်မရင်း ကုမ္ပဏီလီမိတက်အမည်နှင့် ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းအောင်၏ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုကာ ငွေကြေးများတောင်းခံမှုအပေါ် ယုံကြည်သဖြင့် ငွေပေးအပ်ခဲ့သည့် မိတ်ဆွေများမှလည်း ယူနီဗတ်စ်မရင်း ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းအောင်၏ ကောင်းသောဂုဏ်သတင်းနှင့်သိက္ခာကို စာနာထောက်ထားသောအားဖြင့် ဦးကျော်သူဖြိုးအား ဆက်သွယ်၍ ဖြေရှင်းတောင်းခံပေးစေလိုကြောင်းသာ အသိပေး အကြောင်းကြားလာကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းအောင်သည် ယူနီဗတ်စ်မရင်းကုမ္ပဏီလီမိတက်တွင် နှစ်ရှည်လများဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည့် ဦးကျော်သူဖြိုးအပေါ် လူမှုရေးအရ ထောက်ထားစာနာသောအားဖြင့် ၎င်း၏အလွဲသုံးစားပြုလုပ်ခဲ့မှုများအား ဤသတင်းစာတွင် ထည့်သွင်းကြော်ငြာသည့်နေ့မှစ၍(၁၄)ရက်အတွင်း (သို့တည်းမဟုတ်)၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက်နောက်ဆုံးထားကာ မပျက်မကွက်လာရောက် ဖြေရှင်းပါရန် အသိပေးကြေညာအပ်ပါသည်။

ဤသတင်းစာပါကြေညာချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ၊ ဆက်လက်၍ ရှောင်တိမ်းနေမည်ဆိုပါက ခွင့်လွှတ်နိုင်သည့်အတိုင်းအတာ ကုန်ဆုံးသွားပြီဖြစ်ပါ၍ မလွှဲမရှောင်သာတော့ဘဲ ဦးကျော်သူဖြိုးအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း ဦးကျော်သူဖြိုးနှင့်အတူ ပါဝင်သက်ဆိုင်နေသူများ အားလုံးနှင့် အများပြည်သူများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသောင်းထွန်း(B.A,H.G.P,R.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၁၃)
အမှတ်-၆၂(ပထမထပ်)၊ အခန်း(၂၀)၊ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၃၁၅၅၇၊ ၀၉-၇၃၀၅၇၂၅၀၊ ၀၉-၈၆၁၃၆၁၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ သာခု(အနောက်)ရပ်ကွက်၊ သာခုလမ်း၊ အမှတ်(၃၀)၊ ပထမထပ်၊၂-လွှာအကျယ်ပေ(၂၈×၅၀)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားပိုင်ဆိုင်သူ ဦးခင်ဇော်[၁၂/ကမတ(နိုင်)၀၅၀၇၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံမူရင်းစာရွက်စာတမ်းအထောက်အထားများနှင့် (၃)ရက်အတွင်းကန့်ကွက်နိုင်ပြီးသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း (B.Sc,H.G.P,R.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၂၁)
အမှတ်-၂၁၊ ပုလဲလမ်း၊ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၃၁၃၉၅၆၆၁၊ ၀၉-၄၂၈၂၅၁၃၃